ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 15 May 2019 ၄၆၅၀


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်း တောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်း များနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ် သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ဗီယက်နမ်နိုင်ငံ ဟာဒုန်းပိုးရွာသို့ သွားရောက်လေ့လာ

## နေပြည်တော်သို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ဟာဒုန်းပိုးရွာတွင် ပိုးထည်ရက်လုပ်နေမှုနှင့် အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှုတို့ကို ကြည့်ရှုလေ့လာကြစဉ်။

**ဟန္ဓိုင်း မေ ၁၄**

ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဟာဒုန်းပိုးရွာ(Ha Dong Silk Village)သို့ သွားရောက်၍ ပိုးရွာအတွင်း ပိုးထည်ရက်လုပ်နေမှုနှင့် အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

### ပြန်လည်ထွက်ခွာ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြသည်။

### ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီး H.E. Mr. Nguyen Manh Hung၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လူသားချင်းစာနာထောက်ထားမှုရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လူသားချင်းစာနာထောက်ထားမှုရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး(UNOCHA)၏ အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Ms. Ursula Mueller အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် လူသားချင်းစာနာထောက်ထားမှုရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Ms. Ursula Mueller နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကုလသမဂ္ဂဘက်မှ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေသည့် အစီအစဉ်များ၊ အစိုးရမှဆောင်ရွက်လျက်ရှိသည့် IDP စခန်းများ ပိတ်သိမ်းရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ကူညီပံ့ပိုးနိုင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**


ကြေးမုံ
ယနေ့ ဖတ်စရာ


NCAလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ စတုတ္ထအကြိမ် အစည်းအဝေး ငါးရက်ကြာ ကျင်းပမည် စာမျက်နှာ » ၈

ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံသားများ၏ တစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၄၈၀၀ ရှိလာမည်ဟု စီးပွားရေးပညာရှင်များ ခန့်မှန်း စာမျက်နှာ » ၁၃





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး UNOCHA မှ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် UNOCHA မှ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Ms. Ursula Mueller နှင့် အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံစဉ် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးမှ ပေးပို့လာသည့် ရခိုင်နှင့် ချင်းပြည်နယ်ရှိ မြို့နယ် ရှစ်မြို့နယ်တွင်ရှိသော နေရပ်စွန့်ခွာနေထိုင်သူများအား ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်သန့်ရှင်းရေး၊ စားနပ်ရိက္ခာ၊ ယာယီအိမ်ရာ၊ အိမ်သုံးပစ္စည်းနှင့် အကာအကွယ်ပေးရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂ သန်းဖြင့် ကုလသမဂ္ဂမှ အကူအညီပေးနိုင်ရေး ပြုစုထားရှိသည့် စီမံချက်မူကြမ်းတင်ပြလာသည့်ကိစ္စ၊ ရခိုင်ပြည်နယ်သို့ လူသားချင်းစာနာကူညီမှုဆောင်ရွက်သူများ ခရီးသွားလာခွင့် ရရှိရေးကိစ္စ၊ သတ်မှတ် နယ်မြေများအတွင်း လွတ်လပ်စွာ သွားလာခွင့်ကိစ္စ၊ ဒုက္ခသည်စခန်းများမှ ကျောင်းသားကျောင်းသူများ အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားနိုင်ရေးကိစ္စရပ်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ကူညီထောက်ပံ့ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် စင်ကာပူနိုင်ငံအခြေစိုက် ပြင်သစ်သံရုံးမှ အာဆီယံနိုင်ငံများဆိုင်ရာ စီးပွားရေးရာဌာနကြီး၏ အကြီးအကဲနှင့် သံမှူးကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် စင်ကာပူနိုင်ငံအခြေစိုက် ပြင်သစ်သံရုံးမှ အာဆီယံနိုင်ငံများဆိုင်ရာ စီးပွားရေးရာဌာနကြီး၏ အကြီးအကဲနှင့် သံမှူးကြီး Mr. Frederic KAPLAN နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကံ့ကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ဘဏ်လုပ်ငန်းကဏ္ဍတွင် လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ဆောင်ရွက်လျက်ရှိသော စည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးမှုဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## အခမဲ့ အဆင့်မြင့်ကွန်ပျူတာ သင်တန်းဆင်းပွဲကျင်းပ

**မအူပင် မေ ၁၄ ။** ။ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးအခမဲ့အဆင့်မြင့်ကွန်ပျူတာ (Digital Photo Editing) အမှတ်စဉ် (၁/၂၀၁၉)သင်တန်းဆင်းပွဲကို မေ ၁၀ ရက်က မအူပင်ခရိုင် ကျေးလက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလင်းထွန်းနှင့် မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဦးတို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကြပြီး တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူ ၃၀ တို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ **ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၄**

ရန်ကုန်(ရွှေဈေး) ၁၀၅၈၅၀၀ - ၁၀၅၈၅၀၀ မန္တလေး(ရွှေဈေး) ၁၀၅၈၅၀၀ - ၁၀၅၈၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၅/၁၀၀၀ ကျပ်၊ | ၁၀၀၀/၁၀၂၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၇၀ ကျပ်၊ | ၁၀၁၀/၁၀၃၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၀/၉၀၀ ကျပ်၊ | ၉၄၅/၉၆၅ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၁၀ ကျပ်၊ | ၁၀၁၅/၁၀၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၅/၉၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၂၀/၉၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၄၅/၈၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၃.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၃၄.၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၄.၂၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၉၆၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၉.၉၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၃၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၇.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၉၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၁.၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၇.၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ကြေးမုံ

## ကမ္ဘာ့ဗုဒ္ဓနေ့(ကုလသမဂ္ဂဗုဒ္ဓနေ့)

မြတ်ဗုဒ္ဓသည် ဤဘဒ္ဒကမ္ဘာမှ ပြန်လည်ရေတွက်လျှင် လောကလူသားများ ကောင်းကျိုးချမ်းသာဖြစ်ထွန်းရေးအတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ ဘဝများစွာ သံသရာဝယ် ကျင်လည်ရစဉ်အခါက ဒါန၊ သီလ စသော ပါရမီဆယ်ပါး၊ အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်ခဲ့ပြီး ဗောဓိမဏ္ဍိုင်ဝယ် (လောက၏အမှန်တရား) သစ္စာလေးပါး တရားဉဿုံ အလုံးစုံတို့ကို ကိုယ်တော်တိုင် ထိုးထွင်း၍သိမြင်တော်မူပြီး သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်ဖြစ်တော်မူခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ကျော်က အတုမရှိဘုရားရှင်ဖြစ်တော်မူခဲ့သော မြတ်ဗုဒ္ဓသည် ၄၅ ဝါ ကာလပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံးတို့ ကောင်းသောအကျိုးစီးပွားများတိုးပွားရန်နှင့် ဒုက္ခဆင်းရဲအပေါင်းမှလွတ်ကင်းရာ မြတ်နိဗ္ဗာန်သို့ရောက်နိုင်စေရေး လမ်းမှန်ညွှန်ပြတော်မူခဲ့သည်။ လူ့ဘဝသည် ရခဲပေသည်။ ၃၁ ဘုံတွင် ကျင်လည်နေကြကုန်သော ဝေနေယျအပေါင်းတို့တွင် အဆိုးချည်းသာကြုံသည့် အပါယ်လေးဘုံ၌ ကောင်းမှုကုသိုလ်များ မပြုလုပ်နိုင်။ အကောင်းချည်းသာကြုံသည့် အထက်ဘုံ၌ ကောင်းမှုပြုလုပ်ရန် မေ့လျော့ပြန်သည်။ လူ့ဘဝသည် ကောင်းဆိုးနှစ်တန် ဒွန်တွဲနေသဖြင့် မိမိတို့၏အသိဉာဏ်နှင့်ယှဉ်ကာ ကောင်းမှုကုသိုလ်တို့ကို ဖြည့်ဆည်းပြီး သံသရာမှ လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်နိုင်ကြသည်။

ထို့ကြောင့် လူ့ဘဝသည် ရခဲသည်ဟု ဘုရားရှင်ဟောကြားတော်မူသည်။ ထိုသို့ ရခဲလှသော ထူးကဲသည့် လူ့ဘဝကိုရခဲ့ကြ၍ ဘုရားသာသနာတော်နှင့်လည်း ကြုံတွေ့ရပြီး ဘုရားရှင်ဟောကြားတော်မူသော တရားတော်တို့ကို ကြားနာခွင့်ရသည့် ရခဲလှသော လူ့ဘဝအခိုက်အတန့်တွင် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမနည်းလမ်းများကို အမြဲမပြတ် လိုက်နာကျင့်သုံးခြင်းဖြင့် ကောင်းကျိုးချမ်းသာများနှင့် အေးချမ်းသာယာသော ဘဝများကို တည်ဆောက်သင့်သည်။

ဗုဒ္ဓအဆုံးအမနှင့် လမ်းစဉ်များသည် သတ္တဝါအားလုံးတို့အပေါ်တွင် မေတ္တာတရားထား၍ ကောင်းမှုကုသိုလ်များ ပွားများဆည်းပူးအားထုတ်ကြပြီး ဒုက္ခဆင်းရဲအပေါင်းမှ ကင်းလွတ်ရာ မြတ်နိဗ္ဗာန်သို့တက်လှမ်းရန်ဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် အမုန်းတရားများဖြင့် ဒုစရိုက်မှု၊ အကြမ်းဖက်မှု၊ ရက်စက်မှု စသည့်အနိဋ္ဌာရုံများ များပြားလာသည့်အချိန်တွင် မြတ်ဗုဒ္ဓ၏အဆုံးအမများဖြစ်သည့် သည်းခံခြင်းတရားနှင့် မေတ္တာတရားတို့သည် အထိရောက်ဆုံးဖြစ်သည်ကို ကမ္ဘာ့လူသားများ နားလည်လက်ခံလာကြသည်။ ထို့ကြောင့် ချစ်ခြင်းမေတ္တာတရားကို လက်ကိုင်ထားပြီး ငြိမ်းချမ်းစွာနှင့် သဟဇာတမျှတစွာ နေထိုင်ရေးကို ဦးတည်သည့် ဗုဒ္ဓနေ့အခမ်းအနားကို ကုလသမဂ္ဂအဖွဲ့ကြီးက ဦးဆောင်ကာ နှစ်စဉ်ကျင်းပလာခဲ့သည်။

အဆိုပါဗုဒ္ဓနေ့အခမ်းအနားသို့ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံမှ နိုင်ငံတော်သမ္မတကြီး တက်ရောက်၍ မိန့်ခွန်းပြောကြားခွင့်ရသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်သည်။ ဗုဒ္ဓနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြခြင်းသည် ချစ်ခြင်းမေတ္တာတရား ပွားများခြင်းမှတစ်ဆင့် ကမ္ဘာတစ်ဝန်းလုံး ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးတို့ကို ဖန်တီးဖော်ဆောင်နိုင်ရန် စုပေါင်းအင်အားဖြင့် ကြိုးပမ်းကြမည်ဟူသည့် ကတိကဝတ်များကို ထင်ဟပ်ဖော်ပြနေခြင်းဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့ဗုဒ္ဓနေ့အခမ်းအနားများမှတစ်ဆင့် မတူကွဲပြားသည့် ယဉ်ကျေးမှုများ၊ ဘာသာတရားများနှင့် လူမှုအဖွဲ့အစည်းများတွင်ရှိသည့် ပြည်သူ ပြည်သားများအကြား မေတ္တာတရားများတိုးပွားကာ အပြန်အလှန်နားလည်မှုကို မြှင့်တင်ရေးနှင့် ငြိမ်းချမ်းမှုကို မြတ်နိုးသည့် ယဉ်ကျေးမှုစိတ်ဓာတ်အခြေခံများကို ပြန်လည်နိုးဆွဖန်တီးပေးနိုင်ရေးအတွက် အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

☆ ရှေ့ဖုံးမှ

မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Mrs. Luan Thuy Duong၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ စစ်သံမှူး ဗိုလ်မှူးချုပ် အောင်ဇေယျနှင့် တာဝန်ရှိသူများက ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Le Gia Thinh နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**





## ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့အား ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီး **H.E. Mr. Nguyen Manh Hung**၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး **Mrs. Luan Thuy Duong**၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများက ဟနွိုင်းမြို့ **Noi Bai** အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့အား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ **Le Gia Thinh** နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၄**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၊ မူးယစ်ဗဟိုအဖွဲ့အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ UNODC၊ DEA၊ ONCB၊ NNCC၊ AFP မှ ကိုယ်စားလှယ်များနှင့် NGO မှ ဖိတ်ကြားထားသည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

အစည်းအဝေးတွင် မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါး



ထိန်းချုပ်ရေးမူဝါဒသစ်အား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒအား ထုတ်ပြန်ကြေညာခဲ့ပြီး မဟာဗျူဟာစီမံချက် (National Strategic Plan) ရေးဆွဲကာ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးများကို ၂၄ ကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် မူးယစ်အမှုပေါင်း ၁၃၀၃၇ မှု၊ တရားခံပေါင်း ၁၈၆၈၁ ဦး ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတရုံးတွင် ၂၀၁၈ ခုနှစ် ဇွန် ၂၂ ရက်မှစတင်၍ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနကိုဖွင့်လှစ်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘိန်းစိုက်ပျိုးမှုမှာ ၂၀၁၈ ခုနှစ်တွင်လည်း ဟက်တာ ၃၇၃၀၀ သာရှိခဲ့သဖြင့် ၂၀၁၇ ခုနှစ်ထက် ၉ ဒသမ ၁ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်အရ ဒေသအခြေအနေနှင့်ကိုက်ညီသည့် လုပ်ငန်းစီမံချက် (Action Plan) တစ်ခုကို နှစ်နှစ်ကာလသတ်မှတ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရေးဆွဲကာဆောင်ရွက်မည်ဖြစ်သည့်အတွက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက အကြံဉာဏ်ကောင်းများနှင့် နည်းလမ်းများကို တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

**အစီအမံများတင်ပြ**

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူးက မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကြိုးပမ်းချက်အပေါ် သုံးသပ်တင်ပြခြင်း၊ တွဲဖက်အတွင်းရေးမှူးက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြခြင်း၊ တက်ရောက်လာသူများက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လိုအပ်ချက်၊ အကြံပြုချက်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုတင်ပြခြင်း၊ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်(မူကြမ်း) ပေါ်ထွက်လာမှုအခြေအနေများအား ရှင်းလင်းတင်ပြခြင်းများဆောင်ရွက်ပြီး မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံသို့ တရားဝင်အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့ခြင်းနှင့်ပတ်သက်သည့် သတင်းထုတ်ပြန်ချက်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ငုယင်ဖူးကျောင့်နှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိ တရားဝင်အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့သည်။

၁၀-၅-၂၀၁၉ ရက်နေ့ ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟနွိုင်းမြို့ရှိ မြန်မာ သံအမတ်ကြီးနေအိမ်တွင် သံအမတ်ကြီး ဦးကျော်စိုးဝင်း ဦးဆောင်သော မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြားကာ မြန်မာသံအမတ်ကြီးနှင့် ဇနီးတို့မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

၁၁-၅-၂၀၁၉ ရက်နေ့၊ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ သည် ဟနွိုင်းမြို့ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့လည်းကောင်း၊ ဗီယက်နမ် အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်း၏ ဂူဗိမာန်သို့ လည်းကောင်း သွားရောက်ကာ လွမ်းသူ့ပန်းခွေချခဲ့သည်။ ဆက်လက်၍ ဗီယက်နမ် အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်း နေထိုင်ခဲ့သည့် နေအိမ်သို့ သွားရောက်လေ့လာခဲ့သည်။




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

### အမြင်ချင်းဖလှယ်

ထို့နောက် နိုင်ငံတော်သမ္မတသည် ဗီယက်နမ်အစိုးရအဖွဲ့ရုံးသို့ သွားရောက်၍ ဗီယက်နမ် ဝန်ကြီးချုပ် ငုယင်စွမ်းဖုနှင့် တွေ့ဆုံဆွေးနွေးခဲ့ သည်။ ထိုသို့တွေ့ဆုံစဉ် ခေတ်အဆက်ဆက်ခေါင်းဆောင်များနှင့် ပြည်သူ များက ပြုစုပျိုးထောင်ခဲ့ကြသည့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခဲ့ကြပြီး ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ အတွင်း ဘက်စုံပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးတွင် သမိုင်းမျက်နှာစာသစ် ဖွင့်လှစ်ခဲ့ပြီးနောက် မကြာသေးမီနှစ်များအတွင်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှု၏ အပြုသဘော တိုးတက်အောင်မြင်မှုများအပေါ်လည်း အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့အပြင် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် များအားလုံးတွင် ပိုမိုထိရောက်စေရေးအတွက် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ရေး၊ အထူးသဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ သစ်တောနှင့်သားငါးကဏ္ဍ၊ ပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆက်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာ အစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဒေသတွင်း နှင့် နိုင်ငံတကာကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှုထူထောင်ခြင်း (၄၅)နှစ် ပြည့်မြောက်မည့် ၂၀၂၀ ပြည့်နှစ်တွင် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရေး၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ရေး၊ အာဆီယံ၊ ကုလသမဂ္ဂ၊ အေဆမ်၊ မဲခေါင်ဒေသခွဲ ပူးပေါင်း ဆောင်ရွက်ရေးယန္တရားများ စသည့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် အကူအညီ ပေးရေးကိစ္စများ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရာတွင် နီးကပ်စွာ ညှိနှိုင်း ဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့် ၂၀၂၀-၂၀၂၁ ကာလအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်အဖြစ် အရွေးချယ်ခံမည့် ဗီယက်နမ်နိုင်ငံအား မြန်မာနိုင်ငံမှ ထောက်ခံမှုပေးရေးကိစ္စများကို ဆွေးနွေး ခဲ့ကြသည်။

### သဘောတူညီ

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ် နှစ်နိုင်ငံအကြား ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၇၆၄ သန်းခန့်ရှိခဲ့ပြီး ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ နဝမအဆင့် အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုတွင် သတ္တမအဆင့် အများဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်အတွက် နှစ်နိုင်ငံ ကုန်သွယ်မှု ရည်မှန်းချက်ဖြစ်သည့် အမေရိကန် ဒေါ်လာ သန်း ၁၀၀၀ ထက် ပြည့်မီ ကျော်လွန်နိုင်ရေး ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးမြှင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း နှစ်ဖက်ခေါင်းဆောင်များက သဘော တူညီခဲ့သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကြိုးပမ်းမှုများကို ဆက်လက်ပံ့ပိုးပေး သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ဗီယက်နမ် နိုင်ငံ၏ အောင်မြင်သည့် ပြုပြင်ပြောင်းလဲမှုရလဒ်များ အထူးသဖြင့် ပြည်သူ များ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအပေါ် ချီးကျူးကြောင်း၊ မြန်မာ နိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် များတွင် ဗီယက်နမ်နိုင်ငံ၏ အစဉ်တစိုက် ထောက်ခံအားပေးမှုနှင့် အတွေ့ အကြုံများ မျှဝေပေးမှုကို အသိအမှတ်ပြု ကျေးဇူးတင်ကြောင်း ပြန်လည် ပြောကြားခဲ့သည်။

### ဆုတောင်းမိန့်ခွန်းများ ပြောကြား

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဗီယက်နမ်အစိုးရ ဧည့်ဂေဟာ၌ ဗီယက်နမ်ဝန်ကြီးချုပ်နှင့် ဇနီးတို့မှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး ဗီယက်နမ်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတတို့မှ ဆုတောင်းမိန့်ခွန်းများ အပြန်အလှန် ပြောကြားခဲ့ကြ သည်။

နိုင်ငံတော်သမ္မတသည် ယင်းနေ့ နေ့လယ်ပိုင်းတွင် တည်းခိုရာဟိုတယ် ၌ ဗီယက်နမ်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အား လက်ခံတွေ့ဆုံခဲ့သည်။ ယင်းသို့ တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် လွှတ်တော်နှစ်ရပ်အကြား ထူထောင်ထားရှိသည့် ချစ်ကြည်ရေးအသင်းများ အကြား အပြန်အလှန်ခရီးစဉ်များ စာမျက်နှာ ၅ သို့



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နော်ဝေဝန်ကြီးချုပ်ဟောင်းနှင့် မွန်ဂိုလီးယားသမ္မတဟောင်းတို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့် Oslo Center for Peace, Democracy and Human Rights ၏ ဥက္ကဋ္ဌ Mr. Kjell Magne Bondevik နှင့် မွန်ဂိုလီးယားနိုင်ငံ သမ္မတဟောင်း Mr. Elbegdorj Tsakhia တို့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

**ဆွေးနွေးအမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကိစ္စ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကိစ္စနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရမှ ဆောင်ရွက်နေသည့်ကိစ္စများကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**

စာမျက်နှာ ၄ မှ

ဖလှယ်ရေးကိစ္စရပ်များအပါအဝင် လွှတ်တော်ချစ်ကြည်ရေးအသင်းများမှတစ်ဆင့် နှစ်နိုင်ငံရှိလွှတ်တော်၊ အစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**ပြန်လည်သုံးသပ်**

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရုံးသို့ သွားရောက်ပြီး ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ မဒမ်ငုယင်သီကင်ငန်းနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် သမ္မတဟိုချီမင်းတို့လက်ထက်တွင် စတင်သန္ဓေတည်ခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များအဆက်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းမြှင့်တင်ခဲ့ကြသည့် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေးအား ပြန်လည်သုံးသပ်ခဲ့ကြပြီး လွန်ခဲ့သည့်နှစ်များအတွင်း အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိခဲ့မှုနှင့် အာဆီယံနှင့် အခြားနိုင်ငံတကာ လွှတ်တော်အဖွဲ့အစည်းများတွင် နှစ်နိုင်ငံလွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့် အလားအလာများနှင့်ပတ်သက်၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ယင်းနေ့ညနေပိုင်းတွင် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ ၂၀၁၉ ခုနှစ်၊ ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

**အဖွင့်မိန့်ခွန်းပြောကြား**

၁၂-၅-၂၀၁၉ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟနမ်ပြည်နယ်ရှိ တန်ချူ့အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။ ယင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ကုလသမဂ္ဂဗုဒ္ဓနေ့နှင့်ပတ်သက်၍ အဖွင့်မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။

ယင်းသို့ အဖွင့်မိန့်ခွန်းပြောကြားရာတွင် ဂေါတမဗုဒ္ဓ၏ ဖွားမြင်ခြင်း၊ သဗ္ဗညုတဉာဏ်တော်ရရှိခြင်းနှင့် မဟာပရိနိဗ္ဗာန်စံဝင်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည့် နေ့ထူးနေ့မြတ်ကို ၁၉၉၉ ခုနှစ်တွင် အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၅၄/၁၁၅ ဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက ကုလသမဂ္ဂဗုဒ္ဓနေ့အဖြစ် အသိအမှတ်ပြုခဲ့ပြီးနောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားအား နှစ်စဉ်ကျင်းပခဲ့ပုံနောက်ခံဖြစ်စဉ်ကိုလည်းကောင်း၊ မြန်မာနိုင်ငံသို့ အေဒီ(၂)ရာစု ပျူခေတ်မှစတင်ပြီး ဗုဒ္ဓသာသနာ စတင်ရောက်ရှိထွန်းကားလာခဲ့ပုံနှင့် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းတည်ငြိမ်မှုထိန်းသိမ်းရေးအတွက် ဘာသာတရား၏ အရေးပါသည့် အခန်းကဏ္ဍကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့အပြင် ယနေ့ ကမ္ဘာကြီး၌ အကြမ်းဖက်မှုများနှင့် အနိဋ္ဌာရုံများ များပြားလာသည့် အချိန်မျိုးတွင် ဗုဒ္ဓ၏အဆုံးအမဖြစ်သည့် ချစ်ခြင်းမေတ္တာကို လက်ကိုင်ထားလျက် ငြိမ်းချမ်းစွာနှင့် သဟဇာတမျှတစွာ နေထိုင်နိုင်ရေးကို ဦးတည်သည့် ဗုဒ္ဓနေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပခြင်းမှာ ဆီလျော်မှန်ကန်မှုရှိပြီး ခေတ်ကာလအနေအထားအရ ပို၍ပင် လိုအပ်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးထွန်းကားရန် ကြိုးပမ်းမှုအဖြစ် ဘာသာပေါင်းစုံငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ငြိမ်းချမ်းမေတ္တာအဖွဲ့ကြီး (Religions for Peace)က ဦးဆောင်လျက် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ပထမအကြိမ်၊ ၂၀၁၉ ခုနှစ်၊ မေလဆန်းပိုင်းက ဒုတိယအကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ နှစ်စဉ်ကျင်းပသည့် ဗုဒ္ဓနေ့အခမ်းအနားများမှတစ်ဆင့် မတူကွဲပြားသည့် ယဉ်ကျေးမှု၊ ဘာသာတရားနှင့် လူမှုအဖွဲ့အစည်းများရှိ ပြည်သူများအကြား အပြန်အလှန်နားလည်မှုကို မြှင့်တင်နိုင်ရုံမျှမက ငြိမ်းချမ်းမှုကိုမြတ်နိုးသည့် ယဉ်ကျေးမှုစိတ်ဓာတ်အခြေခံကို ပြန်လည်နှိုးဆွ ဖန်တီးပေးနိုင်ရေးအတွက် အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်းကိုလည်း အလေးပေးပြောကြားခဲ့သည်။

**တက်ရောက်**

(၁၆) ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားကို ဗီယက်နမ်အစိုးရ၏ ကြီးကြပ်ပံ့ပိုးမှုအောက်တွင် ဗီယက်နမ်အမျိုးသားဗုဒ္ဓသံဃအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့ကျင်းပရေးကောင်စီတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မေလ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါအခမ်းအနားသို့ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုံ၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေပီရှားမားအိုလီ၊ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဗန်ကီယာနိုင်ဒူး၊ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် UNESCAP ၏ အမှုဆောင်အတွင်းရေးမှူး မစ္စ အာမီဒါ အလီရှာ ဘာနားနှင့် Vietnam Fatherland Front Central Committee ဥက္ကဋ္ဌ မစ္စတာ ထရန်တန်မန်းတို့လည်း ပါဝင်တက်ရောက်ခဲ့ကြပြီး မိန့်ခွန်းများ အသီးသီး ပြောကြားခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၁၃ နိုင်ငံမှ ဗုဒ္ဓဘာသာဝင်ကိုယ်စားလှယ် ၁၆၀၀ ကျော်နှင့် ဗီယက်နမ်နိုင်ငံမှ ဗုဒ္ဓဘာသာဝင် ၂၀၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

**ဆက်ကပ်လှူဒါန်း**

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နေ့လယ်ပိုင်းတွင် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားကျင်းပရေးကော်မတီမှ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။ ထို့နောက် တန်ချူ့ဘုရားကျောင်းသို့ သွားရောက်ခဲ့ကြပြီး ဉာဏ်တော်အမြင့် လက်မ ၂၀ ရှိ ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်အား ဘုရားဂေါပကအဖွဲ့သို့ လှူဒါန်းခဲ့ကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် တန်ချူ့ဘုရားကျောင်းမှတစ်ဆင့် နင့်ပင်ပြည်နယ်ရှိ ဘိုင်ဒိန်ရှေးဟောင်းဘုရားကျောင်းသို့ ထွက်ခွာခဲ့ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ကြည်ညိုပူဇော်ခဲ့ကြသည်။ ယင်းနောက် ဘိုင်ဒိန် သာသနိကနယ်မြေရှိ ဘောင်တပ်ဗုဒ္ဓတာဝါ (Bao Thap Stupa) သို့ ရောက်ရှိခဲ့ပြီး ရုပ်ပွားတော်အား ဆီမီး၊ အမွှေးနံ့သာနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

**ကြည့်ရှုအားပေး**

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့ညနေပိုင်းတွင် ဗီယက်နမ်ယဉ်ကျေးမှုဖျော်ဖြေပွဲ (The Quintessence of Tokin)သို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေလ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် Tuan Chau International Port သို့ ထွက်ခွာခဲ့ပြီး ယင်းမှတစ်ဆင့် သင်္ဘောဖြင့် Ha Long Bay တစ်လျှောက် လေ့လာခဲ့ကြသည်။ နိုင်ငံတော်သမ္မတသည် ယင်းနေ့နေ့လယ်ပိုင်းတွင် ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung နှင့်အဖွဲ့ဝင်များအားလည်းကောင်း၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအားလည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းလာစေရန်နှင့် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းအနေဖြင့် ကြိုးပမ်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအသီးသီးက မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းများ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်နှင့်စပ်လျဉ်း၍လည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

**ပြန်လည်ရောက်ရှိ**

နိုင်ငံတော်သမ္မတနှင့်ဇနီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၁၄-၅-၂၀၁၉ ရက်နေ့ နံနက်ပိုင်းတွင် ဟာဒုန်းပိုးရွာ (Ha Dong Silk Village) သို့သွားရောက်၍ ပိုးထည်ရက်လုပ်နေမှုများနှင့် ပိုးထည်ရောင်းချနေမှုများကို လေ့လာခဲ့ကြသည်။

နိုင်ငံတော်သမ္မတဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေလ ၁၄ ရက်နေ့ မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါခရီးစဉ်သို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် သမ္မတရုံး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခင်လတ်နှင့် အဆင့်မြင့်အရာရှိများ လိုက်ပါသွားခဲ့ကြသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်။**

# ထိုင်းနိုင်ငံ NEDA ထံမှ ထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်း ချေးငွေရယူရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြု

**နေပြည်တော် မေ ၁၄**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ထိုင်းနိုင်ငံ NEDA ထံမှ ထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်း ချေးငွေရယူရန် ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့တွင် အတည်ပြုလိုက်သည်။

ယနေ့အစည်းအဝေးတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် ထိုင်းနိုင်ငံ NEDA ထံမှ ထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ "ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးရန်" ဆွေးနွေးချက်အပေါ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အတွင်း နောင်တွင်တိုးတက်လာမည့် အိမ်ထောင်စုများ၊ တိုးချဲ့လာမည့် စီမံကိန်းများနှင့် စက်မှုဇုန်များအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၁၀၆ ရပ်ကွက်၌ ၆၆ ကေဗွီ ၂ × ၃၀ အမ်ဗွီအေ GIS ဓာတ်အားခွဲရုံ တစ်ရုံ တိုးချဲ့တည်ဆောက်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လက်ရှိ ၃၃ ကေဗွီ မြို့ရှုံး ဓာတ်အားခွဲရုံကို ၆၆ ကေဗွီ ၂ × ၃၀ အမ်ဗွီအေ GIS ဓာတ်အားခွဲရုံတစ်ရုံ အဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများကို ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်သွားရန် စီမံလျာထားပြီး ဖြစ်ပါကြောင်း။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ "အကြံပေးလုပ်ငန်းငှားရမ်းခြင်း၊ ပစ္စည်းများဝယ်ယူခြင်း"တို့နှင့်စပ်လျဉ်းသည့် ဆွေးနွေးချက်အပေါ် အကြံပေးလုပ်ငန်းငှားရမ်းရန်အတွက် ရွေးချယ်ခြင်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ စီမံကိန်းအကောင်အထည်ဖော်သည့် အဖွဲ့အစည်းဖြစ်သည့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် ထိုင်းအကြံပေးအဖွဲ့များ၏ စာရင်းကို NEDA ထံမှ ပထမဦးစွာတောင်းခံခြင်း၊ NEDA မှ စာရင်းပြုစုပေးပို့ခြင်း၊ မြန်မာနိုင်ငံ၏ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ထိုင်း အကြံပေးအဖွဲ့များမှ တင်ပြလာသည့် အဆိုပြုလွှာများကို တင်ဒါစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းကသာ စိစစ်ရွေးချယ်ခြင်းနှင့် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များအရ NEDA ထံမှ အတည်ပြုနိုင်ရန် သဘောထားတောင်းခံခြင်းများ အဆင့်ဆင့် ဆောင်ရွက်မည်ဖြစ်ပြီး အရည်အသွေးနှင့် ကုန်ကျစရိတ်အပေါ်အခြေခံ၍ ရွေးချယ်ခြင်းစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကန်ထရိုက်တာ ရွေးချယ်ခြင်းလုပ်ငန်းစဉ်သည်လည်း အကြံပေးရွေးချယ်ခြင်း လုပ်ငန်းစဉ်အတိုင်းဖြစ်ပြီး ယှဉ်ပြိုင်ရွေးချယ်ခြင်းစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ချေးငွေဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များအရ ပစ္စည်းဝယ်ယူတပ်ဆင်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် စုစုပေါင်းစာချုပ်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းထက်မနည်းဘဲ ထိုင်းနိုင်ငံမှ ပစ္စည်းနှင့် ဝန်ဆောင်မှုကို အသုံးပြုရန်ဖြစ်ပြီး စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ဆောင်ရွက်စဉ်ကပင် စီမံကိန်း၌ အသုံးပြုမည့်ပစ္စည်းများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံတစ်ခုတည်းမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် အခြားတတိယနိုင်ငံများမှ ပစ္စည်းများဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အတွက်ပါ တစ်ပါတည်း ထည့်သွင်းတွက်ချက်လျာထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက က အထက်ပါချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲရယူရာ ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းအတွက် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ညာဏစိုးက ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပူးပေါင်းကော်မတီ၏ ရှင်းလင်းတင်ပြချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြုပြီး ဆန္ဒမဲရယူရာ ထောက်ခံဆန္ဒမဲများသဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းကို လေ့လာ စိစစ်ရေးပူးပေါင်းကော်မတီက တစ်ပေါင်းတည်း လေ့လာစိစစ်ဆောင်ရွက်ရန် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာ


ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်


ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ


ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း


ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်

တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ-မူဝါဒလုပ်ငန်းအဖွဲ့သို့ ဝင်ရောက်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## ဘေးအန္တရာယ်အများဆုံးခံစားနေရသည့် စာရင်းတွင် မြန်မာနိုင်ငံသည် ထိပ်ဆုံးမှပါနေပြီဖြစ်

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ရာသီဥတုဖောက်ပြန်ခြင်း၏ အရင်းခံအကြောင်းဖြစ်သည့် ကာဗွန်ထုတ်လုပ်မှုများ၊ သဘာဝဝန်းကျင်ပျက်စီးမှုများသည် လူသားတို့၏ ပယောဂကြောင့်ဖြစ်သကဲ့သို့ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများက ကာဗွန်များကို ပိုမိုထုတ်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးမှုအားနည်းနေသည့် မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများက နေရာအနှံ့ရှိနေပါကြောင်း၊ အကျိုးဆက်များမှာ နိုင်ငံတစ်ဝန်းရှိ တော၊ မြို့အားလုံးသက်ရောက်နေပြီး ဘေးအန္တရာယ်အများဆုံးခံစားနေရသည့် စာရင်းတွင် မြန်မာနိုင်ငံသည် ထိပ်ဆုံးမှပါနေပြီဖြစ်ပါကြောင်း။

ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းပြီး ဂေဟစနစ်များ မပျက်စီးစေရန် ကိုယ်စွမ်းသမျှ လုပ်ဆောင်နေကြသည့် တနင်္သာရီနယ်ထဲမှ ကရင်တိုင်းရင်းသား ဒေသခံများသည် ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုများအတိုင်း သဘာဝအရင်းအမြစ်ကို စီမံခန့်ခွဲထိန်းညှိပြီး ရေရှည်တည်တံ့သည့် ဂေဟစနစ်ဖွံ့ဖြိုးခြင်းကို ဖြစ်ပေါ်စေမည့်ခံယူချက်ဖြင့် ငါးဘေးမဲ့အိုင်များထူထောင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ သဘာဝအရင်းအမြစ်အသုံးချမှုဆိုင်ရာ ဒေသသုံးစည်းကမ်းချက်များချမှတ်ခြင်း၊ စောင့်ကြည့်ခြင်း၊ သုတေသနပြုခြင်းတို့အပြင် ယင်းတို့၏ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်း၍ သက်သေပြလျက်ရှိနေပါကြောင်း၊ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ-မူဝါဒလုပ်ငန်းအဖွဲ့တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် မလုံလောက်ဘဲ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို အမှန်တကယ်ထိရောက်စွာ ထိန်းသိမ်းနိုင်အောင် အားပေးကူညီသင့်ပါကြောင်းနှင့် အဆိုပါအဖွဲ့ သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်မည့်ကိစ္စကို ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လုလုစိုး၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်း၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစခင်ဇော်လင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းနှင့် ဝါးခယ်မ မဲဆန္ဒနယ်မှ ဦးဇော်သိန်းတို့က ဆွေးနွေးကြသည်။

အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ-မူဝါဒလုပ်ငန်းအဖွဲ့သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းဖြင့် ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအစီအမံများ ချမှတ်ရာတွင် ရာသီဥတုပြောင်းလဲမှု၊ အကျိုးသက်ရောက်မှုများနှင့် လိုက်လျောညီထွေဖြစ်သည့် သိပ္ပံဆိုင်ရာ အကြံပြုချက်များ၊ နည်းပညာနှင့် အခြားအထောက်အပံ့များရရှိနိုင်ပြီး ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းဖြင့်လည်း ငွေကြေးတစ်စုံတစ်ရာထည့်ဝင်ရန် စည်းနှောင်ထားခြင်းမရှိပါကြောင်း၊ သို့ဖြစ်၍ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ-မူဝါဒ လုပ်ငန်းအဖွဲ့သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြုပါရန်ကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

## ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ-မူဝါဒလုပ်ငန်းအဖွဲ့သို့ ဝင်ရောက်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုကြောင်း ကြေညာ

ပြည်ထောင်စုလွှတ်တော်နာယက က ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ-မူဝါဒလုပ်ငန်းအဖွဲ့သို့ ဝင်ရောက်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူ၍ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ မှ ပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်အစီရင်ခံစာ(၄/ ၂၀၁၉)တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက စက်မှုကဏ္ဍအနေဖြင့် တိုးတက်မှုသည် ယခင်နှစ်ထက် အနည်းငယ်ကျသွားသည်ကို တွေ့ရပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် သိသိသာသာတိုးတက်နေပြီး ပြည်နယ်များတွင် အားနည်းနေသည်ကိုတွေ့ရပါကြောင်း၊ စက်မှုကဏ္ဍတိုးတက်လာရန် နည်းလမ်းများရှာဖွေသင့်ပါကြောင်း၊ စက်မှုဝန်ကြီးဌာန အောက်တွင် အမှတ် ၁၊ ၂၊ ၃နှင့် ဆေးဝါးလုပ်ငန်းတို့ရှိသည့်အနက် ဆေးဝါးလုပ်ငန်း ၁ ခုသာ အမြတ်ရရှိသည်ကို တွေ့ရပါကြောင်း၊ ဝန်ကြီးဌာန၏အရှုံးသည် ၆ လတာကာလတွင် ငွေကျပ် ဘီလီယံ ၃၃ ခန့်ဖြစ်နေသောကြောင့် ရပ်ဆိုင်းထားသည့်စက်ရုံများကို နိုင်ငံအတွက် အကျိုးရှိမည့်နည်းလမ်းရှာဖွေပြီး အရှုံးများကင်းဝေးအောင် ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာန ၅ ခုတွင် ဓာတ်အား ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေး နှစ်ခုသည် လျာထားချက်များမပြည့်မီသည့်အပြင် နှစ်စဉ် အရှုံးပေါ်နေသည်ကိုတွေ့ရပြီး လက်ရှိ NEP စီမံချက်ရှိ ကျေးရွာများနှင့် စက်မှုဇုန်၊ စီးပွားရေးဇုန်များ များပြားလာသည်နှင့်အမျှ ဓာတ်အားလိုအပ်ချက်များလာပြီး အရှုံးဖြစ်ပေါ်မှုလည်း ပိုမိုများပြားလာမည်ကို ကာကွယ်နိုင်ရန် ဓာတ်အားခစျေးနှုန်းတိုးမြှင့်ရန်နှင့် ထိန်းသိမ်းရေးလုပ်ငန်းများ၊ ဓာတ်အား လိုအပ်ချက် ဖြည့်ဆည်းနိုင်ရန် စက်ရုံအသစ်များ တည်ဆောက်ရေးကို ကြိုတင်တွက်ချက် ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည် အရေးပါသည့်အတွက် ပြည်နယ်များ၏ ဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးရေး၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ရေးအတွက် အရေးပါသည့် စီးပွားရေးဇုန်၊ စက်မှုဇုန်များရှိသည့် တိုင်းဒေသကြီးများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးသည်လည်း အရေးကြီးပါကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၄/ ၂၀၁၉)တို့နှင့်စပ်လျဉ်း၍ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစောနှင့် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုတို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၄/ ၂၀၁၉)တို့နှင့်စပ်လျဉ်း၍ ကျန်ရှိသည့် အစီအစဉ်များကို ၂၀၁၉ ခုနှစ် မေ ၁၆ ရက်တွင် ကျင်းပပြုလုပ်မည့် အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရန်လျာထားကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၆/ ၂၀၁၉)တို့နှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က နိုင်ငံတစ်နိုင်ငံ၏ အစိုးရတစ်ရပ်သည် လုပ်ငန်းအခြေအနေအရ ဘတ်ဂျက်ကို လွှဲပြောင်းသုံးစွဲနေရသည်ကို မိမိတို့ အနေဖြင့် အပြစ်တင်နေခြင်းမဟုတ်ပါကြောင်း၊ သို့သော် ယခုကဲ့သို့ လွှဲပြောင်း သုံးစွဲရသည့် စီမံကိန်းများ၏ ဘတ်ဂျက်စာရင်းကို သီးသန့်ရန်ပုံငွေကဲ့သို့

**စာမျက်နှာ ၇ သို့ »»**

# ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးတွင် အမျိုးသမီးခေါင်းဆောင်များ၏ အခန်းကဏ္ဍဆွေးနွေးပွဲ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မေ ၁၄**

"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးတွင် အမျိုးသမီးခေါင်းဆောင်များ၏ အခန်းကဏ္ဍ"ဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း၊ မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ဒေါက်တာရွှေလွှမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ ဆွေးနွေးပွဲသည် ရပ်ရွာလူထုအတွက် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးတွင် ပါဝင်ကြမည့် အမျိုးသမီးခေါင်းဆောင်များ၏ အခန်းကဏ္ဍကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဦးဆောင်ကျင်းပသည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း။

အသင်းသည် နိုင်ငံတော်၏ တစ်ခုတည်းသော အမျိုးသားကြက်ခြေနီအသင်းဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေအရ လူသားချင်းစာနာထောက်ထားမှုနယ်ပယ်တွင် နိုင်ငံတော်၏ အရန်အင်အားဖြစ်ပါကြောင်း၊ ထို့ကြောင့် လူသားအချင်းချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှု တိုးတက်ရရှိစေရေး၊ ငြိမ်းချမ်းသာယာမှု တိုးတက်ခိုင်မြဲစေရေးတို့အတွက် ရည်ရွယ်ပြီး နိုင်ငံအတွင်းသာမက နိုင်ငံပြင်ပအထိ အကူအညီလိုအပ်နေသည့် မည်သူ့ကိုမဆို ကိုးကွယ်သည့်ဘာသာ၊ အသားအရောင်၊ အဆင့်အတန်း၊ ဆင်းရဲချမ်းသာ၊ ဘာသာစကား၊ နိုင်ငံရေးအယူဝါဒ၊ အမျိုးသား၊ အမျိုးသမီးခွဲခြားခြင်းမရှိဘဲ ကူညီစောင့်ရှောက်ပေးလျက်ရှိသည်ကို တွေ့ရပါကြောင်း။

ထိုသို့ ကူညီစောင့်ရှောက်မှုပေးရာ၌ အထူးသဖြင့် ဘေးအန္တရာယ်အခြေအနေအမျိုးမျိုးတွင် ကြုံတွေ့ရသည့် အမျိုးသမီးများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဆုံးရှုံးမှုများကို ပြန်လည်ကူညီပံ့ပိုးပေးသည့်အပြင် လူမှုပတ်ဝန်းကျင်တွင် ကိုယ်ပိုင်စွမ်းဆောင်ရည်များ ပိုမိုတိုးမြင့်လာစေရန်အတွက် အမျိုးသမီးများ၏ အခန်းကဏ္ဍကို အထူးအလေးပေးပြီး ကျား-မတန်းတူအခွင့်အရေးရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရရှိနိုင်ရန်အတွက် အသင်းအနေဖြင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC)၏ ကျား-မရေးရာနှင့် ကွဲပြားခြားနားမှုကွန်ရက် (Gender and Diversity Network) အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားခြင်းကြောင့် အတွေ့အကြုံများစွာ ရရှိခဲ့ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ နယ်ပယ်အားလုံးတွင်လည်း အမျိုးသမီးများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) တွင်ပါရှိသည့် မြန်မာနိုင်ငံရှိ အမျိုးသမီးများအားလုံးသည် သက်ဆိုင်ရာအစိုးရ၏ ပံ့ပိုးမှုဖြင့် စွမ်းဆောင်ရည်များ မြင့်မားလာပြီး ၎င်းတို့၏ အခွင့်အရေးရပိုင်ခွင့်များကို အသိအမှတ်ပြုလက်ခံနိုင်ရေး၊ အပြည့်အဝခံစားရရှိနိုင်စေရေး၊ ကျား-မတန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးစသည့် အချက်များနှင့်အတူ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (Sustainable Development Goals) ၏ အမှတ်စဉ် (၅)ဖြစ်သည့် ကျား-မတန်းတူညီမှု ရရှိစေရန်(Gender Equality)နှင့် အမျိုးသမီးများအားလုံး၏ စွမ်းပကားများကို တိုးမြှင့်စေရေး စသည့် လမ်းညွှန်ချက်များအပေါ် အခြေခံ၍ မြန်မာအမျိုးသမီးများအနေဖြင့် ကျား-မတန်းတူပူးပေါင်းပါဝင်လာစေရေးအတွက် ကျား-မရေးရာနှင့် ကွဲပြားခြားနားခြင်းမူဝါဒ (Gender and Diversity Policy) ကို ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

ထိုမူဝါဒအတိုင်း ဘေးအန္တရာယ်ကျရောက်သူများ၏ ဘဝပိုမိုလုံခြုံစေရေးကို ဖြည့်ဆည်းပေးနိုင်ရန် အခြေအနေအမျိုးမျိုးတွင် အမျိုးသမီးများ၏ လိုအပ်ချက်များအပေါ် သီးခြားကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ဘာသာရေး၊ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများအပေါ် အလေးထားပြီး ထည့်သွင်းဆောင်ရွက်ပေးခြင်း၊ အမျိုးသမီးများ၏ လိုအပ်ချက်နှင့်ကိုက်ညီသော အသိပညာ၊ ကျွမ်းကျင်မှုရရှိနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့အပြင် အမျိုးသမီးများ၏ လိင်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှုများ လျော့ကျနိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် IFRC ၏ အနိမ့်ဆုံးစံသတ်မှတ်ချက် DAPS မူဘောင်ဖြစ်သည့် အကျိုးခံစားခွင့်ရှိသူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားခြင်း(Dignity)၊ ကူညီထောက်ပံ့မှုများကို ခွဲခြားဆက်ဆံမှုမရှိဘဲ တန်းတူညီသော လက်လှမ်းမီရရှိနိုင်မှု (Access)၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် အပြည့်အဝအတူတကွပါဝင်မှု (Participation)၊ ၎င်းတို့အတွက် ကဏ္ဍအလိုက် ဘေးကင်းလုံခြုံမှု (Safety) စသည့်အချက်များပေါ်တွင် မူတည်ပြီး ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများအတွက် ထောက်ပံ့မှုပေးခြင်း၊ ရပ်ရွာလူထုအတွင်း မိခင်များအဖွဲ့ကို ဖွဲ့စည်းပြီး ကျန်းမာရေး အသိပညာဟောပြောပွဲများတွင် ပါဝင်ဟောပြောစေခြင်း၊ ရပ်ရွာကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကော်မတီများတွင် အမျိုးသမီးများ ပါဝင်ဦးဆောင်ခွင့်ကို အစဉ်ပေးထားပါကြောင်း။

အသင်းအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထုငါးသန်းအတွက် ပိုမိုကျန်းမာလုံခြုံစေပြီး ဘေးအန္တရာယ်ကျရောက်လွယ်မှုလျော့ပါးစေခြင်းဖြင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ပေးရန် ရည်ရွယ်ပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း မြင့်မားရေးအစီအစဉ်"ကို လူထုကိုယ်တိုင်ပါဝင်ပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့်လက်တွဲညီညီဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း။

လူမှုကရုဏာကဏ္ဍ အစီအစဉ်များတွင် အမျိုးသမီးများအနေဖြင့် အရှိန်အဟုန်မြှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရေးအတွက် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပြီး ဆွေးနွေးပွဲမှတစ်ဆင့် ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အကြံဉာဏ်များနှင့် ပူးပေါင်းပါဝင်နိုင်မည့် နည်းလမ်းများရရှိစေခြင်းဖြင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိသည့် ရပ်ရွာလူထုများ ဖြစ်လာစေရန် မျှော်မှန်းထားရှိပါကြောင်း။

အထူးသဖြင့် ရပ်ရွာလူထုကို မိမိနားလည်ထားသည့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းအပေါ်တွင် ပြန်လည်နားလည်မှုဝေပေးခြင်းနှင့် လူထုအတွက် အမှန်တကယ်လိုအပ်သည့်လုပ်ငန်းပိုင်းဆိုင်ရာ၊ နည်းပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းများကို နည်းပညာအကူအညီဖြစ်စေ၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာအကူအညီဖြစ်စေ၊ လူသားအရင်းအမြစ်အကူအညီဖြစ်စေ၊ မိမိတို့၏ အတွေးအခေါ်အယူအဆများဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍမှ ဦးဆောင်ပြီး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် စည်းရုံးခြင်းဖြင့် ၎င်းတို့၏ အခန်းကဏ္ဍများကို မြှင့်တင်ပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒေါက်တာရွှေလွှမ်းအား မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက အမှတ်တရလက်ဆောင်ပေးအပ်ပြီး **(ဓာတ်ပုံ)** စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်အမယာမော်နိုင်က နိုင်ငံတစ်ဝန်း ဆောင်ရွက်နေသော ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချခြင်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ အားလုံးအကျုံးဝင်ပူးပေါင်းပါဝင်ခြင်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ စသည့် ခေါင်းစဉ်များပါဝင်သည့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးတွင် အမျိုးသမီးခေါင်းဆောင်များ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ရေး စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်မေအုန်းက ဦးဆောင်ကာ မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်လှကြင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်စန်းစန်းအေး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွဋ်ဆွေ၊ အောင်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

---

»» **စာမျက်နှာ ၆ မှ**

အနီးစပ်ဆုံး ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးအတည်ပြုချက် ရယူသင့်သည်ဟု အကြံပြုလိုပါကြောင်း။

နှစ်စဉ် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်နှင့် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ်တွင် အခြေခံသည့် ပြုပြင်ပြောင်းလဲမှုများကို နောင်အစီရင်ခံစာတင်သွင်းသည့်အခါ ပြန်လည်တင်ပြဆွေးနွေးစေလိုပါကြောင်း၊ ယခုကဲ့သို့ အခွန်ဘဏ္ဍာ နစ်နာနေသည့် ရောင်းဝယ်မှုနှင့် အခွန်ရရှိရေးသည် မိမိတို့အားလုံး၏ မြင်ကွင်းအောက်တွင် ပျောက်ဆုံးနေသည့် ရပိုင်ခွင့်များကို သတိမလစ်စောင့်ကြည့်ဖြေရှင်းကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၆/၂၀၁၉)တို့နှင့်စပ်လျဉ်း၍ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၆/၂၀၁၉)တို့နှင့်စပ်လျဉ်း၍ ကျန်ရှိသည့် အစီအစဉ်များကို ၂၀၁၉ ခုနှစ် မေ ၁၆ ရက်တွင် ကျင်းပပြုလုပ်မည့် အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရန်လျာထားကြောင်း ကြေညာသည်။ **သတင်းစဉ်**

---

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျ ပုံမှန်ဆောင်ရွက်ရန်၊

(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊

(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊

(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှုအမြန်ဆောင်ရွက်ရန်၊

(၆) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့် ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊

(၇) တိရစ္ဆာန်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုရှိပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံ သတင်းပို့ရန်၊

(၈) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊

(၁၀) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ စတုတ္ထအကြိမ်အစည်းအဝေး ငါးရက်ကြာ ကျင်းပမည်

**ချင်းမိုင် မေ ၁၄**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(Nationwide Ceasefire Agreement-NCA)လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ စတုတ္ထအကြိမ်အစည်းအဝေး (4th NCA-S EAO Summit) ကို ယနေ့နံနက်ပိုင်းမှစတင်၍ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပသည်။

**ငါးရက်ကြာကျင်းပ**

အဆိုပါအစည်းအဝေးကို မေ ၁၄ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST)၏ ယာယီအဖွဲ့ခေါင်းဆောင် ဦးယွက်ဆစ်က "ထိပ်သီးအစည်းအဝေး အစီအစဉ်မှာ ပါဝင်တဲ့ အကြောင်းအရာတွေကို ကိုယ်စားလှယ်ခေါင်းဆောင်များအားလုံးက ရင်းနှီးပွင့်လင်းကျေလည်စွာဆွေးနွေးပြီး မိမိတို့ လိုလားတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် အရယူကြပါ"ဟု အဖွင့်မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ ဦးယွက်ဆစ်က "ကျွန်တော်တို့အားလုံး သီလ၊ သမာဓိ၊ ပညာနဲ့ အတွေးသစ်၊ အမြင်သစ်ကိုအသုံးပြုပြီး ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရမှာဖြစ်သလို တက်ညီလက်ညီ လက်တွဲပူးပေါင်းပြီး ပြည်သူလူထုကောင်းကျိုးနဲ့ တိုင်းပြည်အကျိုးဆိုတဲ့ ပန်းတိုင်ကို အရောက်လှမ်းချီတက်ရမှာ ဖြစ်ပါတယ်။ ဆွေးနွေးတဲ့နေရာမှာ အားလုံးလက်ခံနိုင်တဲ့ အခင်းအကျင်းဖြစ်ဖို့ လိုပါတယ်။ သူ့မှုကိုယ့်မှုကို အသေဆုပ်ကိုင်ပြီး ဆွေးနွေးမယ်ဆိုရင်တော့ အောင်မြင်မှာမဟုတ်ပါဘူး။ အားလုံးက တန်းတူရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကို လိုချင်တာချင်းအတူတူဆိုတော့ ဖက်ဒရယ်ကိုပဲ ဦးတည်ဆွေးနွေးမှ အားလုံးအတွက် အဆင်ပြေမှာ ဖြစ်ပါတယ်။ သူ့မှုကိုယ့်မှုကို ခဏဘေးဖယ်ထားပြီး သဘာဝအတိုင်း ဖြစ်သင့်ဖြစ်ထိုက်တာကို ဆွေးနွေးနိုင်ရင်တော့ နှစ်ဖက်စလုံး အရှုံးကိုမရင်ဆိုင်ရဘဲ အောင်မြင်မှုကို နှစ်ဦးနှစ်ဖက် ရရှိမှာဖြစ်ပါတယ်။

**ပြည်ထောင်စုအတွက် ကြီးမားတဲ့ပြဿနာ**

"NCA စာချုပ် လက်မှတ်မရေးထိုးသေးတဲ့ ညီနောင်အဖွဲ့အစည်းအချို့နဲ့ တပ်မတော်တို့အကြား တိုက်ပွဲဖြစ်နေတာဟာ ပြည်ထောင်စုအတွက် ကြီးမားတဲ့ပြဿနာပဲ ဖြစ်ပါတယ်။ ပြဿနာအရပ်ရပ်ကို ဖြေရှင်းဖို့ဟာ ငြိမ်းချမ်းရေးက အခရာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပျက်ပြားရင် ပြဿနာအမျိုးမျိုးလည်း ပေါ်လာမှာဖြစ်လို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် အစိုးရ၊ တပ်မတော်၊ EAOs တွေနဲ့ သက်ဆိုင်တဲ့ အဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းကြိုးပမ်းရမှာ ဖြစ်ပါတယ်"ဟု ဆက်လက် ပြောကြားခဲ့သည်။

ယခုကျင်းပသည့် ထိပ်သီးအစည်းအဝေးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ တစ်ဆို့နေသည်များကို မည်သည့်နည်းလမ်းကိုရှာဖွေ၍ ကျော်လွှားသွားရမည်ဆိုသည့်အချက်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)၏ ဖွဲ့စည်းပုံကို ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲမှုများကို ရဲရဲဝံ့ဝံ့ လုပ်ဆောင်ရမည့်အချက်များသည် အဓိကထားဆွေးနွေးရမည့် အကြောင်းအရာများဖြစ်ကြောင်း PPST ယာယီအဖွဲ့ခေါင်းဆောင်က ပြောကြားသည်။

**ပြန်လည်သုံးသပ်ဆွေးနွေး**

အစည်းအဝေးတွင် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုဆိုင်ရာ အစီရင်ခံစာများ တင်သွင်းဆွေးနွေးခြင်းနှင့် စုဖွဲ့မှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။




NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ စတုတ္ထအကြိမ် အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ စတုတ္ထအကြိမ်မြောက် ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးသို့ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈)ဖွဲ့နှင့် NCA အကောင်အထည်ဖော်ဖက်များဖြစ်ကြသည့် မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့ တက်ရောက်ဆွေးနွေးကြပြီး ညီနောင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ကချင်လွတ်မြောက်ရေး အဖွဲ့အစည်း(KIO)နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)တို့မှလည်း လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ တတိယအကြိမ်အစည်းအဝေး (3rd NCA-S EAO Summit) ကို ၂၀၁၈ စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် လေးရက်ကြာ ကျင်းပခဲ့သည်။

**သတင်း- ရဲခေါင်ညွန့်၊ ဓာတ်ပုံ- NCA-S EAO**

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ်များကုသရေး ပီတီတီအီးပီမြန်မာ့စီမံကိန်းက Alliance for Smiles အဖွဲ့အစည်းသို့ အမေရိကန်ဒေါ်လာ တစ်သိန်း လှူဒါန်း

**ရန်ကုန် မေ ၁၄**

ကမ္ဘာတစ်ဝန်းတွင် အချိန် ၃ မိနစ်တိုင်း ကလေးတစ်ဦးသည် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲအခြေအနေဖြင့် မွေးဖွားလျက်ရှိနိုင်သည်ဟု ကမ္ဘာတစ်ဝန်းရှိ ဆင်းရဲနွမ်းပါးသော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်ကလေးငယ်များနှင့် အရွယ်ရောက်ပြီးသူများကို အခမဲ့ခွဲစိတ်မှု အစီအစဉ်များ ဆောင်ရွက်ပေးနေသည့် အမေရိကန်နိုင်ငံအခြေစိုက် Alliance for Smiles အဖွဲ့အစည်းမှ ဒါရိုက်တာ Ms.Tina Fischin က ပြောသည်။

ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်တွင် ကျင်းပသည့် ထိုင်းနိုင်ငံ ရေနံရှာဖွေရေးနှင့် တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက် ပီတီတီအီးပီက မြန်မာနိုင်ငံတွင်လုပ်ငန်းဆောင်ရွက်နေသည့် နှစ် ၃၀ ပြည့် အထိမ်းအမှတ် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် မြန်မာကလေးငယ်အယောက် ၁၀၀ အား ခွဲစိတ်ကုသရန်အတွက် Alliance for Smiles အဖွဲ့အစည်းကို အမေရိကန်ဒေါ်လာ တစ်သိန်း ထောက်ပံ့ပေးအပ်သည့် အခမ်းအနားတွင် ၎င်းက ထိုသို့ပြောကြားခြင်းဖြစ်သည်။

"ဒီဝေဒနာရရှိတယ်ဆိုတာက ကိုယ်ဝန်ဆောင်ချိန် အစောဆုံးအခြေအနေအတွင်းမှာ ကလေးငယ်ရဲ့ပါးစပ်က ဟလျက်အနေအထားနဲ့ဖြစ်နေပြီး ပိတ်လို့မရတာဖြစ်ပါတယ်၊ အခုလိုဖြစ်စဉ်တွေအတွက် ပီတီတီအီးပီရဲ့ ပံ့ပိုးကူညီမှုက ဝေဒနာရှင် ကလေးငယ်လေးတွေရဲ့မိသားစု၊ နေထိုင်ရာမြို့ရွာတွေနဲ့ နိုင်ငံကိုပါ အကျိုးဖြစ်စေမှာလို့ ယုံကြည်ပါတယ်"ဟု Ms.Tina Fischin က ပြောသည်။

ကလေးငယ်များ ယခုကဲ့သို့ ဖြစ်ရခြင်းအကြောင်းရင်းကို မသိရှိနိုင်ကြသေးသော်လည်း မျိုးရိုးဗီဇ၊ ကိုယ်ဝန်ဆောင်မိခင်၏ လက်ရှိဆေးဝါးကုသမှုအခြေအနေ၊ အဟာရချို့တဲ့ခြင်းနှင့် အန္တရာယ်ဖြစ်စေနိုင်သည့် ပတ်ဝန်းကျင်၌ရှိသည့် အရာဝတ္ထုများက ကလေးငယ်တစ်ယောက်၏ ကျန်းကျန်းမာမာဖြင့် ကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။




ပီတီတီအီးပီ မြန်မာ့စီမံကိန်းအထွေထွေ မန်နေဂျာ Mr.PiyaSukhumpanumet က "ဒီလိုအနေအထားနဲ့ မွေးဖွားလာတဲ့ ကလေးငယ်တွေမှာ ကောင်းကောင်းမွန်မွန် စားသောက်နေထိုင်ဖို့နဲ့ စကားပြောစွမ်းရည် အစရှိတဲ့ များပြားလှတဲ့ ရုပ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုတွေ ကြုံတွေ့နေရပါတယ်၊ မိမိကိုယ်ကို တန်ဖိုးထားခြင်းနဲ့ ယုံကြည်မှုကိုပါ ထိခိုက်လာနိုင်တဲ့ စိတ်ပိုင်းဆိုင်ရာ အားနည်းချက်တွေလည်း ကြုံတွေ့နေရပါတယ်၊ ဒါပေမယ့် ကံကောင်းတာတစ်ခုက အဲဒီလိုအခြေအနေကို ကောင်းမွန်သွားအောင် ခွဲစိတ်ပြုပြင်လို့ရနိုင်ပါတယ်၊ ဒီခွဲစိတ်မှုကနေ ကလေးတွေကို ရုပ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူး အများကြီးရရှိစေတဲ့ အပြင် ရဲရဲဝံ့ဝံ့ပြုံးပျော်နိုင်ဖို့အတွက် ပီတီတီအီးပီအနေနဲ့ ကူညီခွင့်ရရှိတာက တကယ်ဂုဏ်ယူစရာကောင်းတဲ့ ကိစ္စတစ်ခုပါ"ဟု ပြောသည်။

ထို့နောက် မြန်မာကလေးငယ် ၁၀၀ အား ခွဲစိတ်ကုသရန်အတွက် အမေရိကန် ဒေါ်လာ တစ်သိန်း လှူဒါန်းမှုအတွက် နှစ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက နားလည်မှုစာချွန်လွှာများ အပြန်အလှန် လက်မှတ်ရေးထိုးခဲ့ကြသည်။

ယနေ့ကျင်းပသည့်အခမ်းအနားတွင် ပီတီတီအီးပီ မြန်မာ့စီမံကိန်းမှ အထွေထွေမန်နေဂျာ Mr.Piya Sukhumpanumet၊ Alliance for Smiles အဖွဲ့အစည်းမှ ဥက္ကဋ္ဌ Dr. Karl Wustrack၊ အဖွဲ့ဒါရိုက်တာ Ms. Tina Fischin၊ ဖိတ်ကြားထားသူများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

**သတင်း- မွန်းဦးနဒီ၊ ဓာတ်ပုံ- ရဲထွဋ်**

# အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် မြန်မာအသင်း ရှုံးနိမ့်

**ရန်ကုန် မေ ၁၄**

၂၀၁၉ အာဆီယံ ယူ-၁၅ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(က)နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် ယခုပွဲအနိုင်ရလျှင် ဆီမီးဖိုင်နယ် တက်ရောက်မည်ဖြစ်သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်နှစ်ဂိုးကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဦးဆောင်ဂိုးကို မထိန်းနိုင်၍ အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ကစားပုံကောင်းမွန်ခဲ့ပြီး ၁၈ မိနစ်တွင် ဇင်မိုးပြည့်သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ဗီယက်နမ်အသင်းက ဂိုးပြန်ရရန် အားထည့်ကစားလာပြီး ၅၃၊ ၇၀ မိနစ်တွင် ထရန်နက်သန်က နှစ်ဂိုးပြန်သွင်းခဲ့၍ ဗီယက်နမ်အသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်း ရရှိသည့်ဒုတိယဂိုးမှာ ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဗီယက်နမ်အသင်းက ခြေအသာဖြင့်ကစားသွားပြီး သုံးပွဲစလုံးအနိုင်ရကာ အုပ်စုပထမနေရာကိုပါ ရယူနိုင်ခဲ့သည်။

အုပ်စု(က)အခြားပွဲတွင် ဖိလစ်ပိုင်အသင်းက တီမောအသင်းကို ၁၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စု(က)ပွဲစဉ်များအပြီးတွင် ကိုးမှတ်ရသည့် ဗီယက်နမ်အသင်းနှင့် ခြောက်မှတ်ရသည့် ဖိလစ်ပိုင်အသင်းက ဆီမီးဖိုင်နယ်တက်ရောက်သွားပြီး သုံးမှတ်ရသည့် မြန်မာနှင့် အမှတ်မရသည့် တီမောအသင်းက အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**ရှိုင်းထက်ဇော်**

# လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများ၏ စွမ်းဆောင်နိုင်မှုအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

**ရန်ကုန် မေ ၁၄**

ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ဘေးအန္တရာယ်ကင်းရှင်းစွာ လေယာဉ်ကို ထိန်းချုပ်ဆင်းသက်နိုင်ခဲ့သည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာအမျိုးသားလေကြောင်းလိုင်းရုံးချုပ်၌ ယနေ့မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။



**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထိုသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် တာဝန်ရှိသူများက လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

"ကျွန်တော်က တပ်မတော်က ပေါက်ဖွားလာတဲ့ လေယာဉ်မှူးတစ်ယောက်ဖြစ်ပါတယ်။ တပ်မတော်က သင်ကြားပေးလိုက်တဲ့ အတတ်ပညာတွေနဲ့ အတွေ့အကြုံတွေကို ပေါင်းစပ်ပြီးတော့ ဒီဖြစ်စဉ်မှာ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အခုလိုမျိုး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အသိအမှတ်ပြုတဲ့အတွက် ကျွန်တော့်အနေနဲ့ အတိုင်းမသိဝမ်းသာမိပါတယ်။ ဆက်လက်ပြီးတော့လည်း တိုင်းပြည်အတွက် စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်သွားပါမယ်" ဟု လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်က ပြောသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်အမှတ်(XY-AGQ၊ Embraer 190) ခရီးသည်တင်လေယာဉ်၊ ခရီးစဉ်အမှတ် (ယူဘီ-၁၀၃)သည် လေယာဉ်အမှုထမ်း ခုနစ်ဦးနှင့် ခရီးသည် ၈၂ ဦးတို့ကို တင်ဆောင်လျက် မေ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မှ မန္တလေးသို့ ပျံသန်းလာရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်းတွင် Nose Landing Gear ချမရဘဲ ဖြစ်ခဲ့ကြောင်း။

**အန္တရာယ်ကင်းရှင်းစွာ ဆင်းသက်နိုင်ခဲ့**

လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်ချိန်တွင် Nose Landing Gear မကျသဖြင့် Emergency Procedure အသုံးပြု၍ ဘီးချခဲ့သော်လည်း မကျသဖြင့် Main Landing Gear နှစ်ခုဖြင့်သာ တည်တည်ငြိမ်ငြိမ်ဖြင့် ဆုံးဖြတ်ချက်မှန်ကန်စွာ ဆင်းသက်နိုင်ခဲ့ခြင်းနှင့် ဘေးအန္တရာယ်မတော်တဆမှုအား ရင်ဆိုင်ကြုံတွေ့ချိန်တွင် လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များအား ဦးဆောင်မှုမှန်ကန်စွာဖြင့် အခြေအနေကိုအကောင်းဆုံးထိန်းချုပ်နိုင်ခဲ့ခြင်းတို့ကြောင့် ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ တစ်စုံတစ်ရာထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ လေယာဉ်ပျက်စီးဆုံးရှုံးမှုအနည်းငယ်ဖြင့် မြေပြင်သို့ အန္တရာယ်ကင်းရှင်းစွာ ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး ထိခိုက်ဒဏ်ရာရရှိမှုမရှိခြင်းနှင့် လေယာဉ်ပျက်စီးဆုံးရှုံးမှုအခြေအနေမှ ကာကွယ်နိုင်အောင် အောင်မြင်စွာစွမ်းဆောင်နိုင်ခဲ့သည့်အတွက် လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ကိုထက်**

# မန္တလေးမြို့ရှိ တည်ဆောက်ပြီးစီးနေသည့် ဝန်ထမ်းအိမ်ရာ တိုက်ခန်း ၂၄၀ တွင် ဇွန်လအတွင်း နေရာချထားပေးမည်



**မန္တလေး မေ ၁၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအနီးရှိ အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းအတွင်း တည်ဆောက်နေသည့် ဝန်ထမ်းအိမ်ရာတိုက်ခန်း ၂၄၀ မှာ လက်ရှိအချိန်တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ခြင်းကြောင့် ဇွန်လအတွင်း နေရာချထားပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောသည်။

**တာဝန်ယူတည်ဆောက်**

အဆိုပါတိုက်ခန်းများကို မြေဧက ၃၃ ဒသမ ၂၂ ဧကပေါ်တွင် ပြည်ထောင်စုအစိုးရရန်ပုံငွေကျပ်သန်းပေါင်း ၃၆၀၀ သုံးစွဲ၍ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း(မန္တလေး)က ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း မှစ၍ တစ်ခန်းလျှင် စတုရန်းပေ ၆၅၀ အကျယ်အဝန်းရှိ လေးခန်းတွဲ ငါးထပ်တိုက်လုံးရေ ၁၂ လုံး စုစုပေါင်းတိုက်ခန်း ၂၄၀ ကို တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တိုက်ခန်းတွေ ဆောက်လုပ်တဲ့လုပ်ငန်းနဲ့ လမ်းတွေ ဖောက်လုပ်တဲ့ လုပ်ငန်းတွေက ၁၀၀ ရာခိုင်နှုန်း ပြီးစီးသွားပါပြီ။ လျှပ်စစ်ဓာတ်အားရရှိဖို့လည်း အဆင်ပြေအောင် ဆောင်ရွက်ထားပြီးဖြစ်တဲ့အတွက် အိမ်သုံးမီတာတပ်ဖို့ပဲ ရှိပါတော့တယ်။ မီတာကလည်း ဇွန်လထဲမှာ ရမယ်ပြောတဲ့အတွက် တိုက်ခန်းတွေမှာ ဝန်ထမ်းတွေ နေထိုင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ရှေ့ဆက်ပြီး ဒီဝန်ထမ်းအိမ်ရာတွေမှာ နေထိုင်နေကြတဲ့ ဝန်ထမ်းမိသားစုတွေ အဆင်ပြေစေဖို့ ကလေးကစားကွင်း၊ ပန်းခြံ၊ ဓမ္မာရုံနဲ့ အမိုးအကာပါပြီး လုံခြုံရေးစနစ်နဲ့ ကား၊ ဆိုင်ကယ်ရပ်နားနိုင်တဲ့နေရာတွေကိုလည်း ဆက်လက်ဆောင်ရွက် ပေးလျက်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

**နေရာချထားပေး**

လက်ရှိတွင် အဆိုပါစီမံကိန်းဧရိယာအတွင်း၌ တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေကျပ် ၁၀ ဘီလီယံဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ဝန်ထမ်းအိမ်ရာအခန်းပေါင်း ၂၆၀ တွင် မန္တလေးတိုင်းဒေသကြီးအတွင်း လက်ရှိတာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအား ၂၀၁၈ ခုနှစ် ဇွန်လအတွင်းက နေရာချထားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"ဝန်ထမ်းတွေကို နေရာချထားမယ့်ပုံစံကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ချမှတ်ထားတဲ့ မူဝါဒတွေနဲ့ အညီ ကျွန်တော်တို့ဌာနမှာ လျှောက်လွှာတင်ထားကြတဲ့သူတွေထဲက ဝင်ငွေနည်းဝန်ထမ်းတွေ၊ ပညာရေးဝန်ထမ်းတွေနဲ့ မိသားစုဝင်တွေထဲမှာ ဝန်ထမ်းအများစုပါဝင်နေတဲ့သူတွေကို ဦးစားပေးစနစ်နဲ့ လွှတ်တော်ကိုယ်စားလှယ်တွေပါဝင်တဲ့ နေရာချထားရေးအဖွဲ့က ဇွန်လအတွင်း နေထိုင်ခွင့်ရရှိဖို့အတွက် စိစစ်ရွေးချယ်နေပါပြီ။ ဒါကြောင့် အခုအခန်း ၂၄၀ ကို နေရာချထားပေးပြီးပါက မနှစ်က နေရာချထားပေးခဲ့ပြီးတဲ့ အခန်း ၂၆၀ နဲ့ ပေါင်းလိုက်ရင် မန္တလေးတိုင်းဒေသကြီးအတွင်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်း ၅၀၀ ကို တစုတစည်းတည်း နေထိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးနိုင်ပြီ ဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးက ဆက်လက်ပြောသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၈၃၃၅ သန်း သုံးစွဲ၍ မြို့နယ် ၁၄ မြို့နယ်အတွင်း ဝန်ထမ်းအိမ်ရာအခန်းပေါင်း ၅၃၀ ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အပြီးတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**❂ ကျောဖုံးမှ**

မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းသည် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်မရှိသော်လည်း ရန်ကုန်အသင်းက နာဂါဝေါအသင်းအား ပထမအကျော့ ရှုံးကြွေးဆပ်နိုင်ရန်၊ ရှမ်းယူနိုက်တက်အသင်းက ယခုရာသီတွင် ပထမဆုံးအမှတ်ရရန် ကြိုးစားရမည်ဖြစ်သည်။ အုပ်စု (F) တွင် ပါဝင်နေသည့် ရန်ကုန်နှင့် နာဂါဝေါအသင်းသည် သုံးမှတ်စီရထားပြီး ရန်ကုန်အသင်းသည် ပထမအကျော့ အဝေးကွင်းပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ရန်ကုန်အသင်းသည် ယခုပွဲမတိုင်မီ နည်းပြအပြောင်းအလဲဖြစ်ပေါ်ထားပြီး ဦးမျိုးမင်းထွန်းနေရာတွင် တာဝန်ယူထားသည့် ယာယီနည်းပြချုပ် ဦးတင်မောင်ထွန်း၏ ပထမဆုံးပွဲလည်း ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ရလဒ်ပိုင်းသိသိသာသာဆိုးရွားနေပြီး အိမ်ကွင်းသုံးပွဲအပါအဝင် ငါးပွဲစလုံးရှုံးနိမ့်ထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့အိမ်ကွင်းပွဲတွင် ပါဆီဂျာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

ရန်ကုန်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သော်လည်း ယခုရာသီတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**ရှိုင်းထက်ဇော်**

**»»» ချည်ထည်ကုန်ကြမ်းမှ**

"လက်ရှိမှာ နှစ်စဉ်လိုလို ကုန်ကြမ်းဈေးနှုန်းတွေက အကျဘက်မှာ ရှိမနေဘဲ တရိပ်ရိပ်မြင့်တက်လာနေတယ်။ ရက်လုပ်တဲ့အထည်တွေကိုလည်း ကုန်သည်တွေက ဈေးကစားပြီးဝယ်ယူနေကြတော့ အရင်းအနှီးများပြီး အမြတ်နည်းတဲ့လုပ်ငန်းဖြစ်လာတဲ့အတွက် ရက်ကန်းရက်လုပ်တဲ့သူတွေ နည်းပါးလာသလို အလုပ်သမားလည်း ရှားပါးလာတယ်။ အချို့ဆိုရင် လုပ်ငန်းတွေတောင် ရပ်ဆိုင်းသွားခဲ့တယ်။ ဒါကြောင့် ရက်ကန်းလုပ်ငန်းဟာ လက်ရှိအနေအထားအရ နောင်မျိုးဆက်သစ်တွေအတွက် လက်ဆင့်ကမ်းအမွေအဖြစ် ဆက်လက်တည်ရှိနေဖို့ စိုးရိမ်စရာဖြစ်နေပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ အမရပူရမြို့နယ်ရှိ ရက်ကန်းလုပ်ငန်းများမှ ပြည်တွင်းထွက်ချည်ထည်များနှင့် ရိုးရာဝတ်စုံများကို အဓိကထုတ်လုပ်ပေးလျက်ရှိရာ လက်ရှိတွင် ကုန်ကြမ်းဈေးနှုန်းကြီးမြင့်လာမှုနှင့် ဈေးကွက်အခိုင်အမာမရှိခြင်းတို့ကြောင့် လုပ်ကိုင်သူနည်းပါးလာသဖြင့် တိမ်မြုပ်ပျောက်ကွယ်သွားမည်ကို စိုးရိမ်နေရကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

**☆ ရှုံးထွက်ပြိုင်ပွဲမှ**

အဆင့်မှ တက်ရောက်လာခြင်းဖြစ်သည်။ လက်ကျန်နှစ်နေရာအတွက် အသင်းလေးသင်း အပြိုင်လုရမည်ဖြစ်ပြီး ဒဂုံနှင့် စစ်ကိုင်းအသင်းတို့၏ တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။ MNL ပြိုင်ပွဲတွင် ရလဒ်ကောင်းနေသည့် စစ်ကိုင်းအသင်းနှင့် အမှတ်ပေးပွဲရလဒ်ဆိုးရွားမှုကို ချေဖျက်မည့် ဒဂုံအသင်းတို့၏ ပြိုင်ဆိုင်မှုဖြစ်လာနိုင်သည်။ စစ်ကိုင်းအသင်းသည် လိဂ်နောက်ဆုံးနှစ်ပွဲတွင် ရန်ကုန်ကို သရေ၊ ရတနာပုံကို အနိုင်ကစားထားခြင်း ဖြစ်သည်။ Southern အသင်းမှာလည်း လိဂ်ပြိုင်ပွဲ၌ နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်ရမည်ဖြစ်ပြီး ငွေကြယ်ပွင့်အသင်းမှာ ပထမအဆင့်တွင် MNL ကလပ် Chinland အသင်းကို အနိုင်ရလာသောကြောင့် အာရုံစိုက်ကစားရမည်ဖြစ်သည်။

ဒုတိယအဆင့်ပွဲစဉ်များကို မေ ၁၊ ၈၊ ၁၅ ရက်တို့တွင် ကျင်းပလျက်ရှိပြီး ကွာတားဖိုင်နယ်ပွဲစဉ်များကို မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ တပ်ကုန်းမြို့သို့ ဒေသစာရီ ကြွချီအပူဇော်ခံ

**တပ်ကုန်း မေ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များအား ယနေ့နံနက်ပိုင်းက တောင်ငူမြို့မှ တပ်ကုန်းမြို့သို့ ပင့်ဆောင်အပူဇော်ခံသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမိုးမခနှင့် ဦးအေးမင်းဝင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက ပင့်ဆောင်၍ တောင်ငူမြို့ကို လှည့်လည်အပူဇော်ခံကာ သမိုင်းဝင် မြစည်းခုံစေတီတော်မြတ်ကြီးနှင့် မဟာမုနိကေလ ဇာတိဘုရားကြီးတို့၌ ရင်ငွေ့လှုံသည်။

ထို့နောက် တောင်ငူမြို့မှတစ်ဆင့် ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီ၊ သာဝတ္ထိ၊ ဖေယျာသီရိမြို့နယ်တို့ကို ဖြတ်၍ ပင့်ဆောင်အပူဇော်ခံရာ လမ်းတစ်လျှောက်တွင် ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့သူမြို့သားများ၊ ကျေးရွာနေပြည်သူများက ဖူးမြော်ကြည်ညိုကြပြီး စေတီတော်တည်ထားကိုးကွယ်ရေး အလှူငွေများ လှူဒါန်းကြသည်။

ယင်းနောက် ညနေ ၆ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့သို့ ရောက်ရှိရာ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ဖူးမြော်ကြိုဆို၍ အပူဇော်ခံထားရှိမည့် တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြုဗိမာန်တော်ရှေ့ရှိ မင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ည ၇ နာရီခွဲတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ပင့်ဆောင်ပူဇော်ခြင်းအထိမ်းအမှတ် ငြိမ်းချမ်းရေးတရားတော်ကို တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ဟောကြားရာ ဧည့်ပရိသတ်အပေါင်းတို့က တရားတော်ကို ရိုသေစွာ နာယူကြည်ညိုကြသည်။ တရားပွဲအပြီးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။



**ဟန်လင်းနိုင်**

# တောင်ဒဂုံစက်မှုဇုန်တွင် Transformer ထုတ်လုပ်မှုအား ဂျပန်ရိုက်ကူးရေးအဖွဲ့များ မှတ်တမ်းရိုက်ကူး



စက်ရုံအတွင်း ဝန်ထမ်းများ အလုပ်လုပ်နေမှုကို ရိုက်ကူးစဉ်။

**ရန်ကုန် မေ ၁၄**

ဂျပန်နိုင်ငံမှ ရှစ်ဦးပါ ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံ စက်မှုဇုန်ရှိ Transformer ထုတ်လုပ်မှုလုပ်ငန်းခွင်သို့ လာရောက်ပြီး သတင်းမှတ်တမ်းရိုက်ကူးသည်။

သတင်းမှတ်တမ်းရိုက်ကူးရေးအဖွဲ့သည် Transformer ထုတ်လုပ်ရေး လုပ်ငန်းခွင်တွင် ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်အား ရိုက်ကူးခြင်း၊ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခြင်းများအပြင် ရန်ကုန်မြို့ သန်လျင်မြို့နယ် ကုလားဝဲကျေးရွာအုပ်စုရှိ ထော်သွန်ကျေးရွာသို့ သွားရောက်ပြီး လျှပ်စစ်ဓာတ်အားဖြင့် လူသုံးကုန်ပစ္စည်းများ အသုံးပြုနေမှု၊ လုပ်ငန်းများ ဆောင်ရွက်နိုင်မှုတို့ကို မေ ၁၀ ရက်မှ ၁၅ ရက်အတွင်း ရိုက်ကူးမည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတကာတွင် Hitachi တံဆိပ်ပါပစ္စည်းများ သုံးစွဲမှုကိုလည်း လှည့်လည်ရိုက်ကူးပြီးဖြစ်ကြောင်းနှင့် တည်းဖြတ်ခြင်းလုပ်ငန်းများကို ယခုနှစ် ဇွန်လအတွင်း ဆောင်ရွက်ပြီး ဇူလိုင်လတွင် Youtube မှတစ်ဆင့် ထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Transformer ထုတ်လုပ်မှုကို ဂျပန်နိုင်ငံ Hitachi ကုမ္ပဏီလီမိတက်နှင့် Hitachi Soe Electric & Machinery ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းထုတ်လုပ်နေခြင်းဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့်ရရှိရေး စီမံချက်မှ ကျေးလက်ဒေသမီးလင်းရေးကဏ္ဍအတွက် 11KV ဓာတ်အားလိုင်းမှ နှစ်မိုင်ခန့်အကွာအဝေးရှိ ကျေးရွာပေါင်း ၅၀၈၀ တွင် Transformer ၅၃၈၉ လုံး တပ်ဆင်ရန် တင်ဒါအောင်မြင်ထားရှိရာ ယခုအခါ Transformer ၄၄၀၀ ကျော် ပေးသွင်းထားပြီးဖြစ်ကြောင်း သိရသည်။

မှတ်တမ်းရုပ်ရှင်အပါအဝင် ရုပ်ရှင်ဇာတ်ကားရိုက်ကူးရေးဆိုင်ရာ ဖြေလျှော့မှုများကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ်ညှိနှိုင်းပြီး ယခုနှစ် ဧပြီ ၁ ရက်မှ စတင်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ပြည်ပမှ ကုန်ပစ္စည်းထုတ်လုပ်မှု ကြော်ငြာရိုက်ကူးမှုများအပါအဝင် မှတ်တမ်းရိုက်ကူးမှုများနှင့် ရုပ်ရှင်ဇာတ်ကားကြီးများ လာရောက်ရိုက်ကူးမှုအရေအတွက်မှာ ပိုမိုများပြားလာကြောင်း သိရသည်။

**သတင်းစဉ်**

# နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသ ဘိုကလေးမြို့၌ သဘာဝဘေးလျော့ပါးရေး ကြိုတင်ပြင်ဆင်

**ဘိုကလေး မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ကြီးကြပ်၍ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဖွင့်လှစ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လျော့ပါးရေးနှင့် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေးသင်တန်းကို မေ ၁၄ ရက် နံနက် ၉ နာရီက ဘိုကလေးမြို့ ချိုကြည်သာသနာ့ဗိမာန်၌ ဖွင့်လှစ်ခဲ့သည်။

"သဘာဝဘေးတစ်ခု ရုတ်တရက်ကျရောက်လာရင် ဒေသခံတွေအနေနဲ့ မိမိဒေသမှာ ဘယ်လို လုပ်ဆောင်ရမယ်ဆိုတဲ့အချက်တွေ တိတိကျကျ သတ်မှတ်ပြီး နေရာ၊ နည်းလမ်း၊ အချိန်တွေ စနစ်တကျ စီမံဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒီသင်တန်းပြီးရင် ရပ်ကွက်၊ ကျေးရွာအုပ်စုတွေအတွက် သဘာဝဘေးလျော့ပါးရေးနဲ့ အလျင်အမြန် တုံ့ပြန်ရင်ဆိုင်နိုင်မယ့် စီမံချက်ကောင်းတစ်ခုလည်း ပေါ်ထွက်လာနိုင်ပါတယ်။ နာဂစ်တုန်းကလိုမျိုးမဟုတ်ဘဲ အန္တရာယ်လျော့နိုင်သမျှလျော့အောင် စနစ်တကျ ကြိုတင်လေ့ကျင့်ပြင်ဆင်ပေးရခြင်းဖြစ်ပါတယ်"ဟု မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက ပြောသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ မြို့နယ်ကော်မတီ၏ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် GRET မှ ကိုသီဟအောင်က အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကာ သင်တန်းကို စတင်ပို့ချခဲ့ကြသည်။

သင်တန်းသို့ ဘိုကလေးမြို့နယ်အတွင်းမှ ဒေသခံပြည်သူများနှင့် အနီးစပ်ဆုံး တာဝန်ထမ်းဆောင်နေရသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ စေတနာ့ဝန်ထမ်းများ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်လျက်ရှိပြီး သင်တန်းကို သုံးရက်ကြာ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။



သင်တန်းတွင် သဘာဝဘေး အမျိုးအစားများ၊ သဘာဝဘေးလျော့ပါးရေးနှင့် လျင်မြန်စွာ တုံ့ပြန်နိုင်ရေးအတွက် အစီအမံများ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ပို့ချပေးသွားမည်ဖြစ်သည်။

**သူဇာနွယ်(ဖျာပုံ)**

# အနုပညာရပ်ဝန်း ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ ရုပ်ရှင်စတူဒီယိုများကို ငှားရမ်းရိုက်ကူးနိုင်ပြီး လက်ရှိတွင် အပေးအယူရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးလျက်ရှိ

**ရန်ကုန်  မေ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန၏ အနုပညာရပ်ဝန်း ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ ရုပ်ရှင်စတူဒီယိုများကို ၂၀၁၈ ခုနှစ်အတွင်း ဖွင့်လှစ်နိုင်ခဲ့ပြီး အဆိုပါ စတူဒီယိုများကို ငှားရမ်း၍ ရုပ်ရှင်ဇာတ်ကားများ၊ တီဗွီဇာတ်လမ်းတွဲများ၊ MTV များ ရိုက်ကူးနိုင်ကြောင်း သိရသည်။

**ရိုက်ကူးလျက်ရှိ**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စတူဒီယိုများ၌ မေ ၁၂ ရက်မှ ၁၅ ရက် အထိ "အပေးအယူ" ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းတချို့ကို ရိုက်ကူးလျက်ရှိပြီး နေပြည်တော်၊ ပြင်ဦးလွင်နှင့် ဗီယက်နမ်နိုင်ငံတို့တွင်လည်း ဇာတ်ဝင်ခန်းများ ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ အကျဉ်းထောင်မှာ နှစ်ကြာနေတဲ့ အမျိုးသမီးတစ်ဦးအဖြစ် သရုပ်ဆောင်ရပါတယ်။ ရုပ်ရှင်ဖွံ့ဖြိုးရေးစင်တာက ကျယ်ကျယ်ဝန်းဝန်းရှိတယ်။ ပတ်ဝန်းကျင်ကိုလည်း အနှောင့်အယှက်မဖြစ်ဘူး။ ပတ်ဝန်းကျင်ကလည်း အနှောင့်အယှက်မရှိဘူး။ ဒီမှာရိုက်ရတာ သက်သောင့်သက်သာရှိတယ်။ ပတ်ဝန်းကျင်ရဲ့ဆူညံမှုလည်း သိပ်မရှိတော့ အဆင်ပြေတယ်။ စိတ်လွတ်ကိုယ်လွတ် လုပ်လို့ရတယ်။ အဆင်ပြေတယ်။

"ရုပ်ရှင်ဖွံ့ဖြိုးရေးစင်တာမှာ လာရောက်ရိုက်ကူးရတာ တစ်ခုကောင်းတာက အပြင်မှာဆို လူတွေအုံတာတွေကို ရှင်းရတာမျိုးရှိတယ်။ ဒီမှာက ကိုယ့်လုပ်ငန်းခွင်တူသူတွေပဲဆိုတော့ စိတ်ကိုပိုပြီးသက်သောင့်သက်သာဖြစ်စေတယ်။ မနေ့ကဆို စတူဒီယိုထဲမှာရိုက်တယ်။ အေးအေးလေးနဲ့ သက်သောင့်သက်သာရိုက်ရတယ်။ ကိုယ်ရင်းနှီးတဲ့သူတွေပဲဆိုတော့ အိုက်တင်လုပ်ရတာ ပိုပြီးအဆင်ပြေတယ်။ ဒီဖွံ့ဖြိုးရေးစင်တာကို ရုပ်ရှင်လောကသားတွေအတွက် ဒီထက်ပိုပြီးအထောက်အကူပြုနိုင်တဲ့ အရာတွေ၊ နေရာတွေ၊ ပစ္စည်းတွေ ပိုပြီးထည့်စေချင်တယ်။ အဲဒီလိုမျိုးဆိုရင် ရုပ်ရှင်လောကသားတွေ လာမှာပါ။ အပြန်အလှန်ပဲပေါ့။ ရုပ်ရှင်လောက ပိုမိုဖွံ့ဖြိုးလာတာနဲ့အမျှ ရုပ်ရှင်လောကသားတွေ ဒီကိုရောက်လာကြမှာပါ။ ကိုယ်ရိုက်မယ့် ဇာတ်ဝင်ခန်းနဲ့ ကိုယ်လုပ်မယ့်အလုပ်နဲ့ သဟဇာတဖြစ်ရင် ရောက်လာကြမှာပဲ" ဟု "အပေးအယူ" ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်သည့် အကယ်ဒမီ အေးမြတ်သူက ပြောသည်။

**"ဒီရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာက ကျွန်တော်တို့ ရုပ်ရှင်လောကအတွက် တကယ်ကို တန်ဖိုးရှိပါတယ်။ ငွေကြေးတတ်နိုင်ရင် အဲဒီစတူဒီယိုထဲမှာ ကြိုက်သလို ဆက်တင်ဆင်ပြီး ရိုက်လို့ရတယ်။ နိုင်ငံကြီးသားရုပ်ရှင်ဇာတ်ကားတုန်းက ပထမဦးဆုံး ဒီစတူဒီယိုမှာ လာရိုက်ဖြစ်တယ်။ ဒုတိယဇာတ်ကားလည်း ဒီမှာပဲရိုက်ဖြစ်တယ်။ စတူဒီယိုထဲမှာ ဆက်တင်ဆင်ပြီးရိုက်ရတဲ့ အားသာချက်က ပတ်ဝန်းကျင်ကို အနှောင့်အယှက်မပေးဘူး။"**

**ဆက်သွယ်မေးမြန်းနိုင်**

အဆိုပါ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ စတူဒီယိုများအား ငှားရမ်းအသုံးပြုလိုပါက တစ်ဂျူတီလျှင် (နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ) စတူဒီယို (၁) ၌ ငွေကျပ်နှစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ စတူဒီယို (၂) နှင့် (၃) တွင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် လည်းကောင်း၊ ရုပ်ရှင်မြှင့်တင်ရေး ခြံဝင်းအတွင်း ရိုက်ကူးလိုပါကလည်း ငွေကျပ်ငါးသောင်းနှုန်းဖြင့် လည်းကောင်း သတ်မှတ်ထားကြောင်း သိရသည်။



ဒါရိုက်တာ စတီးလ်



သရုပ်ဆောင် အေးမြတ်သူ

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ပြည်သူ့ဝန်ဆောင်မှုတစ်ရပ်အနေဖြင့် အရည်အသွေးမြင့် 2K၊ 4K ရုပ်ရှင်ဇာတ်ကားများ၊ MTV များ၊ ကြော်ငြာများ၊ Documentary ဇာတ်ကားများ ရိုက်ကူးနိုင်ရန် Sony PMW F-5 CineAlta Camera များနှင့် ဆက်စပ်ပစ္စည်းများ၊ Camera Zoom / Prime Lens အမျိုးမျိုးကိုလည်း ငှားရမ်းအသုံးပြုနိုင်ကြောင်း သိရပြီး ရုပ်ရှင်ရိုက်ကူးလိုသူများအနေဖြင့် ဖုန်း-၀၁- ၅၃၄၅၇၄ ၊ ၀၉-၄၂၅၀၂၁၅၄၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

အဆိုပါစတူဒီယိုများနှင့်ပတ်သက်၍ ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ) က "ဒီရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာက ကျွန်တော်တို့ ရုပ်ရှင်လောကအတွက် တကယ်ကို တန်ဖိုးရှိပါတယ်။ ငွေကြေးတတ်နိုင်ရင် အဲဒီစတူဒီယိုထဲမှာ ကြိုက်သလို ဆက်တင်ဆင်ပြီး ရိုက်လို့ရတယ်။ နိုင်ငံကြီးသားရုပ်ရှင်ဇာတ်ကားတုန်းက ပထမဦးဆုံး ဒီစတူဒီယိုမှာ လာရိုက်ဖြစ်တယ်။ ဒုတိယဇာတ်ကားလည်း ဒီမှာပဲရိုက်ဖြစ်တယ်။ စတူဒီယိုထဲမှာ ဆက်တင်ဆင်ပြီးရိုက်ရတဲ့ အားသာချက်က ပတ်ဝန်းကျင်ကို အနှောင့်အယှက်မပေးဘူး။ ရုပ်ရှင်လုပ်ငန်းရဲ့ ဧရိယာဖြစ်တဲ့အတွက် လွတ်လပ်စွာ ရိုက်ခွင့်ရှိတယ်။ ပတ်ဝန်းကျင်က ကိုယ့်ကိုဒုက္ခမပေးသလို ကိုယ်ကလည်း ပတ်ဝန်းကျင်ကို ဒုက္ခမပေးဘူး။ ညသန်းခေါင်ကျော်အထိရိုက်လည်း ပြဿနာမရှိဘူး။ ဒါမျိုးတွေ ကောင်းတယ်။ ကျွန်တော်က စတူဒီယိုကိုကြော်ငြာပေးတာတော့ မဟုတ်ဘူး။ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေ အနေနဲ့ စတူဒီယိုမှာ ဘယ်လိုတွေ ရိုက်လို့ရတယ်ဆိုတာကို အားလုံးလာကြည့် စေချင်တယ်။ ဒါကြောင့် ကျွန်တော်က စတူဒီယိုမှာရိုက်ရတာ ပိုကြိုက်တယ်။ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက် ရေးစင်တာက ပြောင်းလဲသွားတဲ့အတွက် အားသာချက်တွေရှိလာပါပြီ လို့ ပြောချင်တယ်။

**ရုပ်ရှင်စတူဒီယိုတွေ တည်ဆောက်နိုင်ဖို့ မျှော်လင့်**

"ရုပ်ရှင်လောကကို ဒီထက် ပိုပြီးတိုးတက်အောင် နိုင်ငံတော်ကလည်း ပံ့ပိုးသထက် ပံ့ပိုးနေပါတယ်။ နေပြည်တော်ကလည်း ရိုက်လို့ကောင်းတဲ့နေရာ ဖြစ်တဲ့အတွက် ကြိုက်ပါတယ်။ မြို့ပေါ်၊ လမ်းပေါ်မှာ တိုက်တာတွေ၊ နေအိမ်တွေ၊ ဟိုတယ်တွေရှိတယ်။ ဟိုတယ်တွေဆိုရင် အရင်လိုမဟုတ်ဘဲ ရုပ်ရှင်သမားတွေလာရင် ဈေးနှုန်းသက်သာစွာနဲ့ ငှားပေးတယ်။ ပြင်ဦးလွင်တက်ရိုက်ရင်လည်း အဲဒီဈေးနှုန်းပဲရှိတာဆိုတော့ ကျွန်တော်တို့ ပိုကြိုက်တာပေါ့။ လမ်းတွေကျယ်တယ်။ Shopping Mall တွေ ရှိတယ်။ အိမ်ကောင်းကောင်းတွေရှိတော့ နေပြည်တော်မှာ ရုပ်ရှင်စတူဒီယိုတွေ တည်ဆောက်နိုင်ဖို့၊ နေပြည်တော်မှာ ရုပ်ရှင်တွေ အများကြီးရိုက်နိုင်ဖို့ မျှော်လင့်ပါတယ်။

**အကြံပြုပြောကြား**

"စတူဒီယို (၁) မှာ အသံထိန်းနံရံအရောင်က အနက်ရောင်ဖြစ်နေတယ်။ တချို့တရားရုံးလို ခမ်းခမ်းနားနားဆင်ပြီးရိုက်မယ်ဆိုရင် အဲဒီအထဲမှာအဆင်မပြေဘူး။ သူကဆေးသုတ်လို့လည်းမရဘူး။ အဲဒါ ဂရေးအရောင်လောက်ဆိုရင် မဆိုးဘူး။ အဲဒါလေး နည်းနည်းပြုပြင်ပေးရင် ပိုအဆင်ပြေမယ်။ ကြမ်းခင်းဆိုရင်လည်း တော်ရုံတန်ရုံပစ္စည်း ချမယ်၊ သံရိုက်မယ်၊ တူရိုက်မယ်၊ ဆက်တင်တစ်ခုဆောက်မယ်ဆိုရင် နည်းနည်းအားနာနေရတယ်။ အဲဒီအခက်အခဲတွေတော့ ရှိတယ်။ Producer ဆိုတာ ပျက်ရင်လည်း လျော်ရမှာဖြစ်တယ်။ မီးချိန်မယ့်နေရာဆို အသေဖြစ်ပြီး အမြင့်နံရံမှာ ကပ်နေတယ်။ ဘယ်လိုမှ မီးချိန်ဖို့မလွယ်ဘူး။ ဒါလေးတွေကို အလျှော့အတင်းလေးတစ်ခုလုပ်ပေးရင် အဆင်ပြေမယ်။

"စတူဒီယို (၂)နဲ့ (၃) က နွေရာသီမှာ ရိုက်နိုင်ဖို့မလွယ်ဘူး။ တော်တော်ပူတယ်။ ဒီအထဲမှာအဲကွန်းထည့်ပေးရင် ပိုအဆင်ပြေမယ်။ အဲကွန်းထည့်ပေးပြီး ဈေးပိုယူလိုက်ပေါ့။ ကျန်တာတွေအားလုံးကောင်းပါတယ်၊ စတူဒီယို (၁) ကို ပြင်ပေးလိုက်ရင် ဒီထက်ပိုပြီး ရိုက်ရမယ်လို့ ထင်ပါတယ်။ စတူဒီယို (၁) ကို နည်းနည်းလေးပြုပြင်ပေးဖို့ တိုက်တွန်းချင်ပါတယ်" ဟု အကြံပြုပြောကြားသည်။

အဆိုပါ "အပေးအယူ" ဇာတ်ကားကို ကိုလင်းထွန်းကစီစဉ်ပြီး ဇာတ်လမ်း ဗျာန်သခင်၊ ဇာတ်ညွှန်း မောင်မြတ်ဆွေဖြစ်ကာ သရုပ်ဆောင် အလင်းရောင်၊ ထွန်းကိုကို၊ နေထက်လင်း၊ အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ အေးမြတ်သူ၊ ရွှေသမီး၊ ကလေးသရုပ်ဆောင် နန်းထိပ်ထားနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။ **သတင်း-ဝင်းမီမီ၊ ဓာတ်ပုံ - လှမိုး**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော မေ ၃ ရက်မှ ၉ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | ရမ်းဗြဲဆည်းဆာ | ကိုသောင်း(ပညာရေး) | ရန်အောင်စာပေ | ၁၅၀၀ |
| ၂။ | ကမ္ဘာပတ်လည် ပုံပြင်ဖတ်မယ်(၃) | ဇွဲသစ် (ရမ္မာမြေ) | Global Piece (Group) | ၁၅၀၀ |
| ၃။ | ကလယ်ရီနက်သမား အက်ဆေးများ | နေမျိုး | စိတ်ကူးချိုချို | ၂၂၀၀ |
| ၄။ | သံသယ အရိပ် | ကျော်စွာ(ဆေး-၂) | စံပယ် | ၅၀၀၀ |
| ၅။ | "ကျွန်တော်နှင့်ငယ်ထွေး (သို့မဟုတ်) သရဖီပန်းရယ်ကလက်လမ်းလို့ မမီတမီ" | ကြည်ဝင်း | ရှင်မတောင် | ၄၀၀၀ |
| ၆။ | ဆည်းဆာညရီတွင်ကျွန်ုပ်မြင်သည် (တကောင်း၊ မြောက်ဦး၊ အင်းဝ၊ မြို့ဟောင်းခရီးခံစားမှုအတွေးအမြင်များ) | ချမ်းငြိမ်း | ဆန်းစသော်တာ | ၄၀၀၀ |
| ၇။ | စကြဝဠာ၏ စီးပွားရေးဥပဒေ (၈)ရပ် | ဒေါက်တာအေးကျော် | ဘဝတက်လမ်းစာပေ | ၄၀၀၀ |
| ၈။ | "အောင်မြင်သူတို့၏ ရွှေနှလုံးသား ရွှေစည်းမျဉ်းနှင့်အောင်မြင်မှုအနုပညာ" | တက္ကသိုလ် စိုးမိုးနိုင် | ဓမ္မသရဖူ | ၃၀၀၀ |
| ၉။ | ဥရောပ ဒိုင်ယာရီ (၁) | ဒေါက်တာဗင်ဆာမိ | မျိုးဆက်သစ် | ၁၅၀၀ |
| ၁၀။ | ကြယ်တာရာများ | နိုင်မွန်အောင်သွင် | နှစ်ကာလများ | ၁၅၀၀ |
| ၁၁။ | ဒီမိုကရေစီမျိုးစေ့နှင့် ပင်လုံပြည်ထောင်စု | ဆလိုင်းကစ်(ပ်) နိုလျန် | နှင်းဆီနီ | ၃၀၀၀ |
| ၁၂။ | ဗုဒ္ဓနည်းကျ စီးပွားရှာဖွေမှု အနုပညာ | တက္ကသိုလ် စိုးမိုးနိုင် | ဓမ္မသရဖူ | ၃၀၀၀ |
| ၁၃။ | ရပ်စ်ပြူတင် | ညီညီနိုင် | အိပ်မက်သစ် | ၃၅၀၀ |
| ၁၄။ | တစ်တောလုံးကြွေ | မောင်ဒေါင်း | နှစ်ကာလများ | ၂၅၀၀ |
| ၁၅။ | ကလေးများအတွက်ပန်းချီစွယ်စုံကျမ်း | လှိုင်ဘွား | စိတ်ကူးချိုချို | ၁၀၀၀၀ |
| ၁၆။ | အပြုံးရောင်ရွှာသွန်းပြီးနောက် ပထဝီအနေအထား | ဖြူမွန် | လင်းသစ်ရောင်စဉ် | ၂၅၀၀ |
| ၁၇။ | မဟာတို့၏ ကျဆုံးခန်း (အဌမတွဲ) | လှစိုးဝေ | လင်းသစ်ရောင်စဉ် | ၆၀၀၀ |
| ၁၈။ | မီးဖိုချောင်သုံး ဗဟုသုတများနှင့် ချက်ပြုတ်နည်းများ | Mario Win Zaw | Synnrgy | ၆၅၀၀ |
| ၁၉။ | သရက်စေ့ | ဦးဘုန်း(ဓာတု) | လင်းလွန်းခင် | ၂၀၀၀ |
| ၂၀။ | အသုံးချ အင်္ဂလိပ် ဝိဇ္ဇာယတြာများ | ဆရာမြတ်ထွဋ်ခေါင် | ဟန်သာဆု | ၂၅၀၀ |
| ၂၁။ | အေးအေးငြိမ်း----သို့ | ကျော်ညိုသွေး | ကိုလတ်စာပေ | ၃၀၀၀ |
| ၂၂။ | အောင်မြင်သောဘဝကို ပုံဖော်ခြင်း | အရှင်စန္ဒိမာ (ရွှေဂန္ထဝင်) | ပန်းဆက်လမ်း | ၂၀၀၀ |

# ဗင်နီဇွဲလားနိုင်ငံသို့ တရုတ်နိုင်ငံက ဆေးဝါးထောက်ပံ့ရေးပစ္စည်းများ ဒုတိယအကြိမ်ပေးပို့




**ကာရာကတ်စ် မေ ၁၄**
တရုတ်နိုင်ငံမှ ဗင်နီဇွဲလားနိုင်ငံသို့ ဒုတိယအကြိမ်အဖြစ် ပေးပို့ခဲ့သည့် လူသားချင်းစာနာထောက်ထားသည့် ဆေးဝါးထောက်ပံ့ရေးပစ္စည်းများသည် ဆီမွန်ဘိုလီဗာ နိုင်ငံတကာလေဆိပ်သို့ ယနေ့ရောက်ခဲ့ကြောင်း ဆင်ဟွာ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါ ဆေးဝါးထောက်ပံ့ရေးပစ္စည်းများပေးပို့မှုသည် တရုတ်နှင့် ဗင်နီဇွဲလား နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို ကိုယ်စားပြုပါကြောင်း ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လီဘာအိုယောင်က ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခြင်း အခမ်းအနားတွင် ပြောကြားခဲ့သည်။

ဒုတိယအကြိမ် ပစ္စည်းများပေးပို့မှုတွင် ဆေးဝါးများနှင့် ဆေးပညာဆိုင်ရာ ဆက်စပ်ပစ္စည်းများပါဝင်ပြီး စုစုပေါင်း တန်ချိန် ၇၁ တန်ခန့်ရှိကြောင်း သိရသည်။

ယခုပေးပို့ခဲ့သည့် ဆေးဝါးထောက်ပံ့ရေးပစ္စည်းများသည် ပိတ်ဆို့မှုဒဏ်ကိုခံစားနေရသည့် ဗင်နီဇွဲလားပြည်သူများအား တစ်ဖက်တစ်လမ်းမှ ကူညီရာရောက်မည်ဟု မျှော်လင့်ပါကြောင်း သံအမတ်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိနိုင်ရန် ဗင်နီဇွဲလားပြည်သူများအနေဖြင့် စွမ်းဆောင်နိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်းနှင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိရန် ကြိုးပမ်းလျက်ရှိစဉ် တရုတ်နိုင်ငံအနေဖြင့် ကူညီထောက်ပံ့မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သံအမတ်ကြီးက ဆိုသည်။

ဗင်နီဇွဲလား ကျန်းမာရေးဝန်ကြီး ကာလို့စ်အယ်ဗာရာဒိုက ဗင်နီဇွဲလားပြည်သူများအား ယခုကဲ့သို့ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့သည့်အတွက် တရုတ်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံသို့ တရုတ်နိုင်ငံက ပထမအကြိမ် ထောက်ပံ့ရေးပစ္စည်းများကို မတ်လအတွင်း ပေးပို့ခဲ့ပြီး တန်ချိန်အားဖြင့် ၆၅ တန်ရှိသော ဆေးဝါးများနှင့် ဆေးပညာဆိုင်ရာ ဆက်စပ်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**




# ဖမ်းဆီးခံကုန်တင်သင်္ဘောအား ပြန်လွှတ်ပေးရန် အမေရိကန်အား ပြုံယမ်းတောင်းဆို

**ပြုံယမ်း မေ ၁၄**
အမေရိကန်က ဖမ်းဆီးထားသည့် မြောက်ကိုရီးယား ကုန်တင်သင်္ဘောအား ပြန်လည်လွှတ်ပေးရန် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက တောင်းဆိုခဲ့ပြီး ယင်းသို့ဖမ်းဆီးခြင်းသည် နှစ်နိုင်ငံထိပ်သီး အစည်းအဝေးတွင်ရရှိခဲ့သော သဘောတူညီချက်များကို ချိုးဖောက်သည့်လုပ်ရပ်တစ်ခု ဖြစ်သည်ဟု ရှုတ်ချဝေဖန်ပြောကြားခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အမေရိကန်အနေဖြင့် ပြုံယမ်း၏ ကုန်တင်သင်္ဘော Wise Honest အား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဖြေရှင်းချက်များကို ဖောက်ဖျက်ခဲ့သည့်အတွက် ဖမ်းဆီးခြင်းဖြစ်သည်ဟု တရားရေးဌာနက မေ ၉ ရက်တွင် ကြေညာခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြုံယမ်းအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများသည် မြောက်ကိုရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာကို ဖောက်ဖျက်ရာရောက်သည်ဟု ပြောကြားခဲ့ပြီး ဖမ်းဆီးထားသော ကုန်တင်သင်္ဘောအား အမြန်ဆုံးပြန်လည်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

ထို့ပြင် ယခုကဲ့သို့ အမေရိကန်အစိုးရအနေဖြင့် ပြုံယမ်းကုန်တင်သင်္ဘောအား ဖမ်းဆီးထားခြင်းသည် အမေရိကန်က ပြုံယမ်းအပေါ် ကျင့်သုံးလျက်ရှိသည့် ဖိအားပေးမှုနည်းလမ်းများအနက် တစ်ခုဖြစ်ပြီး ယင်းလုပ်ရပ်သည် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်စေရန် ထူထောင်ကြမည့် ခေါင်းဆောင်နှစ်ဦး၏ သဘောတူညီချက်များကို ဖောက်ဖျက်ရာရောက်သည်ဟု ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

ပြုံယမ်းက ၎င်း၏ နျူကလီးယားလက်နက်အစီအစဉ်များကို အပြီးတိုင် စွန့်ပယ်သည့်တိုင် အမေရိကန်က စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးမည်မဟုတ်ဟု အတိအလင်းပြောကြားခဲ့သည်။ ယခုလအတွင်း မြောက်ကိုရီးယားက ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဖြေရှင်းချက်များကို ဖောက်ဖျက်ကာ တာတိုပစ် တိုက်ချင်းပစ်ဒုံးကျည်များ ပစ်လွှတ်စမ်းသပ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဆော်ဒီအာရေဗျ၏ ရေနံလုပ်ငန်းအဆောက်အအုံများကို ဟူသီသူပုန်များက မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်

**အေဒင် မေ ၁၄**
ဆော်ဒီအာရေဗျနိုင်ငံက ယီမင်တွင် ကျူးလွန်နေသည့် ရာဇဝတ်မှုများကို တုံ့ပြန်သည့်အနေဖြင့် ယင်းနိုင်ငံမှ အဓိကရေနံပိုက်လိုင်းကို ပစ်မှတ်ထား၍ မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း ယီမင်ဟူသီသူပုန်အဖွဲ့က ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ယီမင်ပြည်သူများအပေါ် မျိုးသုဉ်းသတ်ဖြတ်သည့် ရာဇဝတ်မှုများနှင့် ပိတ်ဆို့မှုများ ချမှတ်ခြင်းတို့ကို စဉ်ဆက်မပြတ်ကျူးလွန်နေသည့် ကျူးကျော်သူများအပေါ် တုံ့ပြန်သည့်အနေဖြင့် ဆော်ဒီအာရေဗျ၏ အရေးပါသော ရေနံလုပ်ငန်းအဆောက်အအုံကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သည်ဟု ဟူသီသူပုန်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ မိုဟက်မက်အဗ္ဗဒယ်လ်ဆာလမ်က ၎င်း၏ အင်တာနက်တွစ်တာစာမျက်နှာပေါ်တွင် မေ ၁၄ ရက်က ရေးသားဖော်ပြခဲ့သည်။

အဓိကရေနံပိုက်လိုင်းအား မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် ယင်းရေနံပိုက်လိုင်းတစ်လျှောက် ရေနံပို့ဆောင်ခြင်းလုပ်ငန်းကို ရပ်တန့်ထားကြောင်း ဆော်ဒီအာရေဗျနိုင်ငံက မေ ၁၄ ရက် အစောပိုင်းတွင် ပြောကြားခဲ့ပြီး နာရီအနည်းငယ်အကြာတွင် ဟူသီသူပုန်အဖွဲ့က ဆော်ဒီအာရေဗျ၏ အဓိကရေနံလုပ်ငန်း အဆောက်အအုံအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ပထမဆုံးအကြိမ် ပြောကြားခဲ့သည်။

ရေနံကြွယ်ဝသော ဆော်ဒီအာရေဗျနိုင်ငံ အရှေ့ပိုင်းပြည်နယ်မှ ပင်လယ်နီ ပင်လယ်ဆိပ်ကမ်းမြို့သို့ ဆက်သွယ်ထားသည့် ရေနံပိုက်လိုင်းမှ ရေနံတွန်းခက် အဆောက်အအုံနှစ်ခုအား မေ ၁၄ ရက် အစောပိုင်းက ပစ်မှတ်ထားတိုက်ခိုက်ခံရကြောင်း ဆော်ဒီအာရေဗျ စွမ်းအင်ဝန်ကြီး ခါလစ်အယ်လ်ဖာလာက ပြောကြားသည်။

ယင်းအဓိကကျသော ရေနံပိုက်လိုင်းသည် တစ်ရက်လျှင် ရေနံစည် ငါးသန်းထက်မနည်း သယ်ယူပို့ဆောင်နိုင်စွမ်းရှိသည်။

အလျား ကီလိုမီတာ ၁၂၀၀ (၇၅၀မိုင်) ရှည်လျားသည့် ယင်းရေနံပိုက်လိုင်းသည် ဆော်ဒီအာရေဗျ အရှေ့ပိုင်းရေနံမြေမှ အနောက်ဘက်ရှိ ပင်လယ်နီဆိပ်ကမ်းမြို့ ယန်ဘူသို့ သွယ်တန်းထားခြင်းဖြစ်သည်။

ပစ်မှတ်ထားတိုက်ခိုက်ခံရသည့် ရေနံတွန်းစက် အဆောက်အအုံနှစ်ခုမှာ မြို့တော်ရီယာ့ဒ်၏ အနောက်ဘက်ရှိ အယ်လ်ဒူဝါဒီမီနှင့် အက်ဖစ် ရေနံတွန်း အဆောက်အအုံများဖြစ်ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

**အေအက်ဖ်ပီ**

# ဆူဒန်နိုင်ငံမြို့တော် ခါတွန်တွင် လုံခြုံရေးတပ်ဖွဲ့များက ပစ်ခတ်၊ ဆန္ဒပြသမားများအပါအဝင် လူခြောက်ဦး သေဆုံး



**ခါတွန် မေ ၁၄**
ဆူဒန်နိုင်ငံမြို့တော် ခါတွန်တွင် မေ ၁၃ ရက်က ဆန္ဒပြသမားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ဆူဒန်စစ်ဘက်မှ အရာရှိတစ်ဦးအပါအဝင် လူခြောက်ဦးသေဆုံးခဲ့ကြောင်း ဆူဒန်စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုက ပြောကြားသည်။

မြို့တော်ခါတွန်တွင် သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် ဆန္ဒပြသမားများ သေဆုံးခဲ့သည်ဟု ဆန္ဒပြလှုပ်ရှားမှုနှင့် ဆက်နွှယ်မှုရှိသည့် ဆရာဝန်များကော်မတီက ပြောကြားသည်။ ဆူဒန်စစ်ဌာနချုပ်၏ ပြင်ပတွင် ဆန္ဒပြသူများ ၎င်းတို့၏ စခန်းတစ်ခုအတွင်းရှိနေစဉ် ပစ်ခတ်မှုဖြစ်ပွားခြင်းဖြစ်သည်။

မြို့တော်ခါတွန်ရှိ ဆန္ဒပြသမားများ သိမ်းယူဆန္ဒပြနေသည့်နေရာတွင် မေ ၁၃ ရက် အစောပိုင်းက ဆန္ဒပြသမားတစ်ဦး သေနတ်ထိမှန်သေဆုံးပြီးနောက်တွင် ဆူဒန်စစ်ဘက်မှ အရာရှိတစ်ဦးနှင့် ဆန္ဒပြသမားသုံးဦးတို့ သေနတ်ဖြင့်ပစ်ခတ်ခံရပြီး သေဆုံးခဲ့ကြောင်း ဆရာဝန်များကော်မတီက ပြောကြားသည်။

သေဆုံးသည့် ဆန္ဒပြသမားသုံးဦးကို အမျိုးအမည် ခွဲခြားသတ်မှတ်ခြင်းမရှိသော်လည်း ၎င်းတို့မှာ ဆန္ဒပြရာနေရာများ၌ အမှန်တကယ် သေဆုံးခဲ့သူများဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

လွန်ခဲ့သည့်လအတွင်းက ရာထူးမှ နုတ်ထွက်သွားခဲ့သည့် သမ္မတဟောင်း အိုမာအယ်လ်ဘာရှားကို ၎င်း၏ အုပ်ချုပ်မှုသက်တမ်းအား အဆုံးသတ်စေရန် ဦးတည်ခဲ့သည့် ဆန္ဒပြသူများဖြစ်ပွားခဲ့စဉ်အတွင်း ဆန္ဒပြသမားများအား သတ်ဖြတ်ခဲ့မှုဖြင့် စွဲချက်တင်မည်ဟု ဆူဒန်ရှေ့နေချုပ်ရုံးမှ ပြောကြားခဲ့ပြီးနောက်တွင် သေနတ်ဖြင့် ပစ်ခတ်ခံရ၍ ဆန္ဒပြသမားများ သေဆုံးမှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

# ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံသားများ၏ တစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၄၈၀၀ ရှိလာမည်ဟု စီးပွားရေးပညာရှင်များ ခန့်မှန်း

အာရှငါးနိုင်ငံမှာ လာမည့်နှစ်မှစ၍ ကမ္ဘာ့စီးပွားရေးကို ကြီးစိုးတော့မည်ဟု သုတေသနသစ်တစ်ခုက ဆိုသည်။ အဆိုပါ အာရှနိုင်ငံများမှာ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်သည်။ Standard Chartered Bank မှ စီးပွားရေးပညာရှင် မာဒူဂျာနှင့် ဒေးဗစ်မန်းတို့ ထုတ်ပြန်ခဲ့သည့် သုတေသနတစ်ခုတွင် မြန်မာနိုင်ငံအပါအဝင် အာရှငါးနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ်များအတွင်း ခုနစ်ရာခိုင်နှုန်းအထိ ရောက်ရှိမည်ဖြစ်ကြောင်း ဘလွန်းဘတ်ဂ်ျသတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံမှာ အလျင်မြန်ဆုံးနှုန်းဖြင့် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် ဗီယက်နမ်နိုင်ငံသားများ၏ လူတစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၀၄၀၀ ထိ ရောက်ရှိနိုင်ကြောင်း စီးပွားရေးပညာရှင်များက ပြောသည်။ ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးမှာ ဒုတိယအလျင်မြန်ဆုံးနှုန်းဖြင့် တိုးတက်မည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်မတိုင်မီ လူတစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၆၉၀၀ ရှိမည်ဟု စီးပွားရေးပညာရှင်များက မျှော်မှန်းသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် တတိယနေရာမှရှိပြီး လူတစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၇၀၀ ထိ မြင့်တက်လာမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံမှာ စတုတ္ထနေရာ၌ ရပ်တည်နေပြီး ၂၀၃၀ ပြည့်နှစ်မတိုင်မီ နိုင်ငံသားတစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၄၀၀ ထိရှိလာမည်ဖြစ်သည်။ အဆိုပါငါးနိုင်ငံတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ပဉ္စမနေရာ၌ရှိနေပြီး လာမည့်ဆယ်စုနှစ်အတွင်း လူတစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၈၀၀ ထိ ရောက်ရှိမည်ဖြစ်သည်။

ပို့ကုန်များ တိုးမြှင့်တင်ပို့မှုမှတစ်ဆင့် အာရှထွန်းသစ်စစီးပွားရေးနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်များ ပြည့်မီလာနိုင်ကြောင်း Standard Chartered Bank က ပြောကြားသည်။ အိမ်ခြံမြေအရောင်းအဝယ်သွက်လာမှုက အဆိုပါတိုင်းပြည်များတွင် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေဖွယ်ရှိသည်ဟု သုတေသီများက ပြောကြားသည်။ ပို့ကုန်ကဏ္ဍတွင် စက်မှုလုပ်ငန်းထူထောင်ရေးကို ရည်မှန်းသည့် ထုတ်လုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများက ဒေသတွင်းစီးပွားရေးတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အာရှထွန်းသစ်စစီးပွားရေးနိုင်ငံများကို မောင်းနှင်မည်ဖြစ်သည်။ ဂျီဒီပီ ၂၀-၂၅ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်သူများ၏စုဆောင်းငွေများက ဒေသ၏စီးပွားရေးတိုးချဲ့မှုတွင် မောင်းနှင်အားများ ဖြစ်လာမည်ဖြစ်သည်။ ဂျီဒီပီတိုးတက်မှုနှုန်း ခုနစ်ရာခိုင်နှုန်းမရှိသော အခြားအာရှတိုင်းပြည်များက နဂိုနှုန်းအတိုင်း တိုးတက်နေမည်ဖြစ်သည်။ ကဏ္ဍအများအပြားတွင် ပြည်တွင်းဝယ်လိုအား ပိုမိုကောင်းမွန်မှုက တရုတ်နှင့် အရှေ့အာရှတိုင်းပြည်များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ခြောက်ရာခိုင်နှုန်းအထက် ရောက်ရှိစေမည်ဖြစ်သည်။

ပြီးခဲ့သောနှစ်နှစ်အတွင်း စားသုံးမှုနှင့် ရင်းနှီးမြှုပ်နှံမှုများက အာရှဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တည်ငြိမ်စေခဲ့သည်။ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခဲ့ပြီး စင်ကာပူ၊ တောင်ကိုရီးယားနှင့် မလေးရှားနိုင်ငံတို့တွင် ရင်းနှီးမြှုပ်နှံမှုများကျဆင်းသွားခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးတွင် အငြင်းပွားမှုများရှိနေလင့်ကစား အာရှနိုင်ငံများ၏စီးပွားရေးမှာ ပုံမှန်တိုးတက်မည်ဖြစ်ကြောင်း ယခုလအစောပိုင်းတွင် အာရှဖွံ့ဖြိုးရေးဘဏ်က ခန့်မှန်းခဲ့သည်။ စားသုံးမှုများ မြင့်တက်လာပြီး အခြားတိုင်းပြည်များမှ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမှုကြောင့် အာရှစီးပွားရေးမှာ ယခုနှစ်အတွင်း ၅ ဒသမ ၇ ရာခိုင်နှုန်းဖြင့် တိုးတက်မည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ တာကဲဟီကိုနာကာအိုက ပြောကြားခဲ့သည်။

**ကိုးကား-Business Times**

**ဘာသာပြန်-ကျော်ထိုက်စိုး**

# ကမ္ဘာကြီးငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် တရုတ်၊ ရုရှား၊ အမေရိကန်တို့ ပူးတွဲလုပ်ဆောင်သင့်

**ဆိုချီ မေ ၁၄**

တရုတ်၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးနှင့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့၏ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သင့်သကဲ့သို့ ဝိုင်းဝန်းကူညီပံ့ပိုးပေးသင့်ကြောင်း တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက မေ ၁၃ ရက်တွင် ပြောကြားသည်။

စင်စစ်အားဖြင့် တရုတ်၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြရုံသာမက ကမ္ဘာပေါ်တွင် အင်အားအလွှမ်းမိုးဆုံးနိုင်ငံများဖြစ်ကြရာ တစ်နေ့တခြားကြီးထွားလာလျက်ရှိသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေစဉ် ယင်းစိန်ခေါ်မှုများအား ကိုင်တွယ်ဖြေရှင်းရာ၌ အပြုသဘောဆောင်သော တုံ့ပြန်မှုဖြင့် စိတ်နှလုံးအကြွင်းမဲ့ပါဝင်သင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်နှင့်တွေ့ဆုံခဲ့ပြီးနောက် သတင်းထောက်များအား ပြောကြားသည်။

တရုတ်၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့အနေဖြင့် ကမ္ဘာကြီးတည်ငြိမ်အေးချမ်းမှုကို ကာကွယ်စောင့်ရှောက်ပြီး ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးကို မြှင့်တင်ခြင်းအားဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ တစ်ဦးနှင့်တစ်ဦးအကြား ဖြစ်ပေါ်တတ်သော သံသယဖြစ်မှုများနှင့် နားလည်မှုလွဲမှားခြင်းတို့ကဲ့သို့သော မလိုလားအပ်သည့်အရာများကို ရှင်းပစ်ပြီး သုံးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို စဉ်ဆက်မပြတ် တိုးမြှင့်သွားရန်လိုအပ်ကြောင်း စသည်ဖြင့် ဝမ်ယိက အလေးအနက် ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး အထူးသဖြင့် တရုတ်နှင့် ရုရှားနိုင်ငံတို့၏ဆက်ဆံရေးမှာ နိုင်ငံတကာအသိုက်အဝန်းအတွက် သာဓကတစ်ခုအဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း ဝမ်ယိက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုအပေါ်အခြေခံပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ သို့မဟုတ် တစ်ဦးနှင့်တစ်ဦးအကြား မတူကွဲပြားခြားနားမှုများကို ကိုင်တွယ်ဖြေရှင်းခြင်းအားဖြင့် အမေရိကန်ပြည်ထောင်စုအပါအဝင် အခြားနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် အဆင်သင့်ရှိနေကြောင်း နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ထပ်လောင်းပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ဂျေတီဘွဲ့ကြီး**




တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်တို့ ရုရှားနိုင်ငံ ဆိုချီမြို့၌ မေ ၁၃ ရက်က တွေ့ဆုံစဉ်။

# ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များ ကမ္ဘောဒီးယားနှင့် နီပေါ လက်မှတ်ရေးထိုး

**ဖနောင်ပင် မေ ၁၄**

ကမ္ဘောဒီးယားနှင့် နီပေါနိုင်ငံတို့သည် နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်မည့် သဘောတူညီချက်နှစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း ကမ္ဘောဒီးယား အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆမ်နှင့် အလည်အပတ်ရောက်ရှိနေသော နီပေါဝန်ကြီးချုပ် ကေပီရှာမာအိုလီတို့သည် ဖနောင်ပင်မြို့တော်၌ နှစ်နိုင်ငံကြား အစည်းအဝေးတစ်ရပ် ကျင်းပပြီးနောက် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်ရုံး ဝန်ကြီးခေါင်ကင်ဟွန်က ပြောကြားသည်။ နယ်ပယ်အားလုံးတွင် အထူးသဖြင့် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး အတူလက်တွဲဆောင်ရွက်ရန် အစည်းအဝေးအတွင်း နှစ်နိုင်ငံစလုံးက သဘောတူညီခဲ့သည်ဟု ၎င်းက ပြောကြားသည်။




ကမ္ဘောဒီးယားနှင့် နီပေါနိုင်ငံတို့ကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ လက်ရှိအချိန်တွင် အလွန်နည်းပါးသေးသည်။ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ နီပေါခရီးသွား ၃၀၀၀ ခန့် သွားရောက်ခဲ့ပြီး နှစ်အလိုက် ၁၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းမှ အချက်အလက်များအရ သိရသည်။ နီပေါဝန်ကြီးချုပ် ကေပီရှာမာအိုလီ မှာ သုံးရက်ကြာခရီးစဉ်အတွက် ယမန်နေ့က ဖနောင်ပင်မြို့တော်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ကျော်ထိုက်စိုး**

# တရုတ်သမ္မတ၏ ရုရှားခရီးစဉ်အား မျှော်လင့်စောင့်စားနေဟု ပူတင်ထုတ်ဖော်ပြောကြား

**ဆိုချီ မေ ၁၄**

လာမည့်ဇွန်လတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ရုရှားနိုင်ငံသို့ တရားဝင် သွားရောက်လည်ပတ်ပြီး နှစ်နိုင်ငံအကြား သံတမန်ရေးဆိုင်ရာ ဆက်ဆံရေး ထူထောင်သည့် နှစ် ၇၀ ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကျင်းပမည်ကို မျှော်လင့်စောင့်စားလျက်ရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က မေ ၁၃ ရက်တွင် ပြောကြားသည်။

သမ္မတပူတင်သည် ရုရှားနိုင်ငံသို့ ရောက်ရှိနေသော တရုတ်နိုင်ငံတော်ကောင်စီဝင်လည်းဖြစ်၊ နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်သူ ဝမ်ယိနှင့်တွေ့ဆုံစဉ် ယခုကဲ့သို့ မှတ်ချက်များ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ သမ္မတပူတင်က သမ္မတ ရှီကျင့်ဖျင်ကို ရုရှားသမ္မတက လှိုက်လှဲစွာ နှုတ်ခွန်းဆက်သကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းဖိုရမ်(BRF)အား တရုတ်အစိုးရက အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ်မှာလည်း ဂုဏ်ယူသည့်အကြောင်း နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိအား ပြောကြားသည်။

ထို့အပြင် ပူတင်က ပြီးခဲ့သည့် ဧပြီလက တရုတ်သမ္မတရှီနှင့်တွေ့ဆုံစဉ် နှစ်ဖက်အကြား ယူရေးရှားစီးပွားရေး ယူနီယံနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအကြား သဘောတူညီမှုအသစ်တစ်ခုရရှိခဲ့ကြောင်း၊ ထို့အပြင် အရေးကြီးသော နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စရပ်များတွင်လည်း နှစ်ဦးနှစ်ဖက်အကြား အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံအကြား မဟာဗျူဟာနှင့် နိုင်ငံရေးဆိုင်ရာ အပြန်အလှန်ယုံကြည်မှုကို ခိုင်မာတောင့်တင်းစေခဲ့ကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ဂျေတီ**

# ဇမ္ဗူသီရိမြို့နယ်တွင် အုပ်စုဖွဲ့၍ ပစ္စည်းလုယူသူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၄**
နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် အုပ်စုဖွဲ့၍ ရိုက်နှက်ပစ္စည်းလုယက်သူများအား ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် ည ၁၀ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းမကြီး၏ ပရဆေးဥယျာဉ်ရှေ့ကန်ပေါင်လမ်းဘေးရှိ ကျန်းမာရေးအားကစားပြုလုပ်သည့်နေရာ၌ လွှတ်တော်တွင် တာဝန်ထမ်းဆောင်နေသည့် ရဲတပ်သား အောင်ပိုင်စိုးနှင့် ရဲတပ်သား စည်သူကိုဝင်းတို့သည် ဆိုင်ကယ်ဖြင့် ၎င်းနေရာတွင် အားကစားပြုလုပ်နေစဉ် အမျိုးသား ငါးဦးရောက်ရှိလာပြီး ထိုလူငါးဦးထဲမှ တစ်ဦးက ပရဆေးဥယျာဉ်အတွင်းရှိ ၎င်း၏နေအိမ်သို့ လိုက်ပို့ပေးရန် အကူအညီတောင်းခဲ့သည်။ ရဲတပ်သား အောင်ပိုင်စိုးနှင့် ရဲတပ်သား စည်သူကိုဝင်းတို့ နှစ်ဦးက ထိုသူအား ဆိုင်ကယ်ဖြင့် တင်ဆောင်ကာ ပရဆေးဥယျာဉ်အတွင်းသို့ လိုက်ပို့ပေးစဉ် ကျန်လေးဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်လာပြီး ပရဆေးဥယျာဉ်၏ ပတ်လမ်းတစ်နေရာအရောက်တွင် ရဲတပ်သားနှစ်ဦးအား ဆိုင်ကယ်ကို ရပ်တန့်ခိုင်းပြီး ၎င်းတို့ငါးဦးက ဝိုင်းဝန်းထိုးကြိတ်ကာ အသင့်ပါလာသော ဓားဖြင့်ထိုးရာ ရဲတပ်သား အောင်ပိုင်စိုးနှင့် ရဲတပ်သားစည်သူကိုဝင်းတို့တွင် ဒဏ်ရာများရရှိသဖြင့် နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရသည်။ အခင်းဖြစ်နေရာတွင် ရဲတပ်သား စည်သူကိုဝင်း၏ ATM ကတ်နှင့် Samsung ဖုန်းတစ်လုံးတို့အား ၎င်းလူငါးဦးက လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ အမှတ်(၅) နယ်မြေရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ရာ မသင်္ကာသူများဖြစ်သည့် သပြေကုန်းရပ်ကွက် ဂန္ဓမာ ၇ လမ်းနေ ဆိုင်ကယ်ကယ်ရီဆွဲသည့် ကျော်လင်းအောင်နှင့် တစ်ရပ်ကွက်တည်းနေ ဇွဲသူရဦး(ခ)ကိုဇွဲတို့ နှစ်ဦးအား မေ ၁၁ ရက် ည ၇ နာရီတွင် အမှတ်(၁) မြို့မရဲစခန်းသို့ ခေါ်ဆောင်စစ်ဆေးရာ ပြစ်မှုကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး ၎င်းတို့နှင့်အတူ ဇော်မင်းဌေး(ခ)ကျောက်ဖား ဇမ္ဗူသီရိမြို့နယ် သာယာကုန်းရပ်ကွက်နေသူနှင့် သာအေး၊ အောင်ကြီး သပြေကုန်းရပ်ကွက်နေသူတို့ ပါဝင်ကြောင်း၊ စုစုပေါင်း ငါးဦးဖြစ်ကြောင်း ထွက်ဆို၍ အဆိုပါ ကျူးလွန်သူများအား သွားရောက်ဖမ်းဆီးခဲ့သည်။

အခင်းဖြစ်ချိန်တွင် စီးနင်းခဲ့သည့် 125 ဆိုင်ကယ်နှင့် Samsung ဖုန်း၊ သက်သေခံ စတီးရိုးတပ်ဓားမြှောင်နှစ်ချောင်းတို့အား ဇော်မင်းဌေး (ခ)ကျောက်ဖား၏ နေအိမ်မှ သိမ်းဆည်းရမိခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ အဆိုပါပြစ်မှုကျူးလွန်သူ ငါးဦးအား အမှတ်(၁) မြို့မရဲစခန်းတွင် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**



ရန်ရှီလုံ(ခ)အားလုံအား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၄**
အောင်ပင်လယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၃ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် မန္တလေး-ပြင်ဦးလွင်ကားလမ်းပေါ်တွင် ခရီးသည်တင်မော်တော်ယာဉ်အား ရှာဖွေရာ မအိအိသိမ့်၏ ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀၊ ငွေကျပ် ၁၃၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့အဝင် နမ့်ခမ်း-မူဆယ်ကားလမ်းတွင် ရန်ရှီလုံ(ခ)အားလုံ မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်ကို ရှာဖွေရာ ပီနံအိတ် ၁၁၁ အိတ်ဖြင့် ထည့်ထားသည့် အက်စီတစ်အက်စစ် ၂၇၅၀ ကီလို၊ ပလတ်စတစ်ကော်ပုံး ၆၀ ဖြင့်ထည့်ထားသည့် အက်စီတစ်အက်စစ် လီတာ ၉၆၀၊ အပြာရောင်ပလတ်စတစ်ကော်ပုံး ၉၀ ဖြင့်ထည့်ထားသည့် ဆာဖရိုးလ်အရည်လီတာ ၁၄၄၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ မွန်းလွဲ ၃ နာရီခွဲတွင် လှိုင်လင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့ အမှတ်(၂)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးရှိ စားသောက်ဆိုင်ရှေ့တွင် ခွန်မောင်ထုံး မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ တို့ကိုလည်းကောင်း။

အလားတူ မေ ၁၂ ရက် ည ၈ နာရီခွဲက တပ်မတော်မှ သီပေါမြို့နယ် ရေပူကြံခင်းကျေးရွာနေ နိုင်ဝင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၈ ဒသမ ၂၈၈ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀ တို့ကိုသိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ရေပူကြံခင်းကျေးရွာနေ မနန်းဆိုင်အောင်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ နှင့် ဘိန်းဖြူ ၃ ဒသမ ၆၇၂ ဂရမ် တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ကျိုက်မရောတွင် ယာဉ်တိုက်မှုဖြစ်ပွား

**ကျိုက်မရော မေ ၁၄**
မော်လမြိုင်-ဘားအံသွားလမ်းမကြီး ခရုံဂူလမ်းဝတွင် မေ ၁၄ ရက် နံနက်ပိုင်းက ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိမှုဖြစ်ပွားရာ ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

မေ ၁၄ ရက် နံနက်ပိုင်းက မော်လမြိုင်-ဘားအံသွားလမ်းမကြီး ခရုံဂူလမ်းဝတွင် အံစာတုံးယာဉ်တစ်စီး မိုးရွာနေစဉ် ကီးချော်မှုဖြစ်ကာ တစ်ဖက်ယာဉ်ကြောမှ ဘုရားဖူးယာဉ်အား မျက်နှာချင်းဆိုင်တိုက်မိရာ ဘုရားဖူးယာဉ်ပေါ်ပါ ခရီးသည်များအနက် အမျိုးသား ငါးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ရှစ်ဦးတို့ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။
**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

# ကွန်တိန်နာယာဉ်ပေါ်မှ ကုန်သေတ္တာပြုတ်ကျပြီး ယာဉ်တိမ်းမှောက် ယာဉ်ပေါ်ပါနှစ်ဦး လေကာမှန်ဆွဲခွာ၍ ကယ်ထုတ်ရ

**ရန်ကုန် မေ ၁၄**
ရွှေပြည်သာမြို့နယ် ပုလဲလမ်း တစ်ပါကွေ့တွင် မေ ၁၃ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်က ကွန်တိန်နာယာဉ်တစ်စီးပေါ်မှ ကုန်ပစ္စည်းပါ ကွန်တိန်နာသေတ္တာတစ်လုံးပြုတ်ကျပြီး ကွန်တိန်နာတင်ယာဉ် တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေပြည်သာမြို့နယ် ပုလဲလမ်းဆုံမှ (၁၄)လမ်းဆုံသို့ ပုလဲလမ်းမအတိုင်း ဦး------ မောင်းနှင်သည့် ပေ ၂၀ အရှည် ကွန်တိန်နာကုန်သေတ္တာတစ်လုံးပါသော ၃၂ ပေရှိ ကွန်တိန်နာယာဉ်သည် တစ်ပါကွေ့အကျော်တွင် ကားပေါ်ပါကုန်သေတ္တာသည် ယာဉ်၏ ဘယ်ဘက်ခြမ်းသို့ ပြုတ်ကျသွားခဲ့သည်။ ကွန်တိန်နာကုန်သေတ္တာပြုတ်ကျသည့်အရှိန်ဖြင့် မော်တော်ယာဉ်မှာလည်း ဘယ်ဘက်ခြမ်းသို့ တိမ်းမှောက်သွားခဲ့ရာ ယာဉ်ဦးခေါင်းခန်းထဲ၌ ရှိနေသော ယာဉ်မောင်းနှင့် ယာဉ်အကူတို့အား ကားရှေ့လေကာမှန်ကွဲမှ တစ်ဆင့် ဆွဲထုတ်ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နယ်မြေခံယာဉ်ထိန်းတပ်ဖွဲ့က ကွန်တိန်နာယာဉ်မောင်းအား အမှုဖွင့်စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**မျိုးမင်းသိန်း(မရမ်းကုန်း)**

# သထုံမြို့၌ ကွမ်းစားဆေးမှုန့်များ တင်ဆောင်လာသော ယာဉ်နှစ်စီး ဖမ်းဆီးရမိ

**သထုံ မေ ၁၄**
သထုံမြို့သိမ်ကုန်းရပ်ကွက် အောင်ဇေယျလမ်း၌ ကွမ်းယာတွင်ထည့်စားသည့် ဆေးမှုန့်များ တင်ဆောင်ထားသော မော်တော်ယာဉ်နှစ်စီးအား မေ ၁၃ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က ဖမ်းဆီးရမိခဲ့သည်။

ယင်းနေ့က မော်လမြိုင် အကောက်ခွန်ဦးစီးဌာနမှ ဒုအကောက်ခွန်မှူး ဌေးနိုင်ကျော်နှင့်အဖွဲ့၊ သထုံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့၊ သထုံမြို့မစခန်းမှ ရဲအုပ် တင်မိုးလှိုင်တို့က သတင်းအရ သွားရောက်စစ်ဆေးရာ ယာဉ်မောင်း မင်းထွန်း ဘူတာလမ်း အောက်ကျင်းရပ်ကွက် သထုံမြို့နေသူမောင်းနှင်သည့် UD ခြောက်ဘီးယာဉ်နှင့် ယာဉ်မောင်း ကျော်စွာ ဘူတာလမ်း အောက်ကျင်းရပ်ကွက် သထုံမြို့နေသူ မောင်းနှင်သည့် Counter ခြောက်ဘီးယာဉ်တို့အား စစ်ဆေးရာ ယာဉ်ပေါ်၌ ကွမ်းယာတွင်ထည့်စားသော ဆေးမှုန့်များအား သိမ်းဆည်းရမိခဲ့သည်။ **လှိုင်ထွန်းအောင် (သထုံ)**

# တိုင်းဒေသကြီးနှစ်ခုနှင့် ပြည်နယ်သုံးခုတို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၄**
သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ စရဖတပ်စု(၄)မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ အကောက်ခွန်ဦးစီးဌာနမှဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မူးယစ်အထူးတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင်သစ်များ ရှာဖွေဖမ်းဆီးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါပူးပေါင်းအဖွဲ့သည် မေ ၉ ရက်မှ ၁၁ ရက်အတွင်း ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ပန်းပုကွင်းကျေးရွာအုပ်စု သရက်ပင်ကြီးကျေးရွာအနီးနေရာမှ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ ၊ ကြက်ရိုး၊ ကြက်တူရွေး၊ ကတိုး၊ တောင်သရက်၊ ကညင်ခွဲသား စုစုပေါင်း ၁၀၆ ဒသမ ၅၂၄၃ တန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦး၊ ဟင်္သာတခရိုင် ကြံခင်းမြို့နယ် တလိုင်းကွင်းကျေးရွာအုပ်စုအတွင်းရှိ ဟီးနိုး TE-11 မော်တော်ယာဉ်ပေါ်မှ နရွဲ၊ သပြေ၊ ထောက်ကြံ့၊ သရက်၊ မျောက်ချော၊ ချဉ်ယုတ်၊ သစ်ဆိမ့်၊ ကုတ်ဟည်း၊ ဘင်္ဂ၊ စင်ပြွမ်းခွဲသား စုစုပေါင်း ၆ ဒသမ ၃၁၅၈ တန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦးနှင့် ပုသိမ်ခရိုင် ပုသိမ်မြို့နယ်အတွင်းရှိ Faw (အပြာရောင်) မော်တော်ယာဉ်ပေါ်မှ ဘောင်ဆန့်ခွဲသား ၁ ဒသမ ၀၉၁၈ တန်နှင့် ပြစ်မှုကျူးလွန်သူနှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ထို့ပြင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်စစ်ဆေးရေးစခန်းအနီးရှိ Hijet နှင့် Super Custom မော်တော်ယာဉ်နှစ်စီးပေါ်မှ ကျွန်းခွဲသား ၃ ဒသမ ၀၇၄၀ တန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦး၊ ကယားပြည်နယ် ဘော်လခဲမြို့နယ်အတွင်းရှိ Super Custom မော်တော်ယာဉ်ပေါ်မှ ကျွန်းခွဲသား ၂ ဒသမ ၀၂၉၂ တန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာ ဆိပ်ကမ်းနေရာရှိ မော်တော်သုံးစင်းပေါ်မှ အင်ခွဲသား ၁ ဒသမ ၃၈၅၀ တန်၊ ပြစ်မှုကျူးလွန်သူတစ်ဦးနှင့် သစ်ပါးလွှာထုတ်ခန့်မှန်း ၁၀ တန်ခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တမူးမြို့နယ်အတွင်းရှိ လှည်းသုံးစီးပေါ်မှ ကညင်နှင့် ကျွန်းခွဲသား ၁၂ ဒသမ ၀၉၂၄ တန်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ်အတွင်းရှိ Wish (အဖြူရောင်) မော်တော်ယာဉ်ပေါ်မှ ပိတောက်ခွဲသား ၁ ဒသမ ၁၅၀၈ တန်တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**မောင်လူမော်**



ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၂ တိုးချဲ့ရပ်ကွက် အေးသာယာ(၃)လမ်းရှိ စိတ္တသုခမ္ဘောရုံ၌ မေ ၁၂ ရက် ညနေပိုင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး သက်နိုင်ဦးက ရပ်ကွက်နေပြည်သူများအား မူးယစ်ဆေးဝါးအန္တရာယ်၊ ကာမဆေးဝါးများ၏ ဆိုးကျိုးများနှင့် မှုခင်းများ ကျဆင်းရေး ပညာပေးဟောပြောစဉ်။ **ကိုရဲ**

# ဂျော့ဂျာသွား တောလား

မသက်မွန်

ကမ္ဘာပေါ်မှာရှိတဲ့ အကြီးဆုံးဗုဒ္ဓဘာသာယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံ သုံးနေရာကို ပြပါဆိုရင် မြန်မာနိုင်ငံ ပုဂံဒေသက ရှေးဟောင်းဘုရားပုထိုးတွေရယ်၊ ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနွမ်းပင်မှာရှိတဲ့ အန်ကောဝပ်ကျောင်းတော်ကြီးနဲ့ အင်ဒိုနီးရှားနိုင်ငံ ဂျာဗားအလယ်ပိုင်း ဂျော့ဂျကာတာက ဗောရောဗုဒု ရှေးဟောင်းဗုဒ္ဓကျောင်းတော်ကြီးတို့ပဲ ဖြစ်ပါတယ်။



အင်ဒိုနီးရှားနိုင်ငံ ဂျာဗားအလယ်ပိုင်း ဂျော့ဂျကာတာမြို့မှ ဗောရောဗုဒု ရှေးဟောင်းဗုဒ္ဓကျောင်းတော်ကြီး။



အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျကာတာမြို့မှ အရှေ့တောင်အာရှတွင် အကြီးဆုံး ပရာဘန်နန်ဟိန္ဒူကျောင်းတော်ကြီး။

ဂျော့ဂျကာတာ (Yogyakarta) (သို့မဟုတ်) ဂျော့ဂျာ (Jogja ) လို့လည်းခေါ်တဲ့ အင်ဒိုနီးရှားနိုင်ငံ ဂျာဗားအလယ်ပိုင်းက မြို့လေးကို အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ဖိတ်ကြားချက်အရ ဧပြီလ ၂၂ ရက်နေ့ကနေ ၂၆ ရက်နေ့အထိ သွားရောက်လည်ပတ်ခွင့် ရခဲ့ပါတယ်။ Familiarization Trip 2019 ဆိုတဲ့ ခေါင်းစဉ်အရ အင်ဒိုချိုင်းနားဒေသ မြန်မာ၊ လာအိုနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့က ဟိုတယ်ခရီးလုပ်ငန်းရှင်တွေနဲ့ မီဒီယာတွေကို ခရီးသွားလာရေးဈေးကွက်မြှင့်တင်တဲ့အနေနဲ့ ချစ်ကြည်ရေးခရီးစဉ် ဖိတ်ခေါ်ခဲ့တာပဲဖြစ်ပါတယ်။ ဒီခရီးစဉ်မှာ မီဒီယာအနေနဲ့ လိုက်ပါခွင့်ရခဲ့တဲ့အတွက် အင်ဒိုနီးရှားနိုင်ငံက ဘာသာရေးအဆောက်အအုံတွေနဲ့ ယဉ်ကျေးမှုတွေကို လေ့လာခွင့်ရခဲ့ပါတယ်။

ဂျော့ဂျာသို့ အသွား၊ အပြန် ငါးရက်ကြာခရီးစဉ်မှာ အဲဒီမြို့က အထင်ကရနေရာတွေဖြစ်တဲ့ ဗောရောဗုဒု ရှေးဟောင်းဗုဒ္ဓကျောင်းတော်၊ ပရာဘန်နန် ဟိန္ဒူဘုရားကျောင်း၊ ဆူလ်တန်ဘုရင်ရဲ့နန်းတော်၊ မရာပီမီးတောင်နဲ့ ပါတိတ်အထည်လုပ်ငန်းတွေဆီ လည်ပတ်လေ့လာခဲ့ကြပါတယ်။

**ဗောရောဗုဒုကျောင်းတော်**

ကမ္ဘာကျော် ဗုဒ္ဓဘာသာရှေးဟောင်းကျောင်းတော်ကြီးဖြစ်တဲ့ ဗောရောဗုဒု(Borobudur)ကို ကိုးရာစုက တည်ဆောက်ခဲ့တာဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး ဘာသာရေး အဆောက်အအုံများအနက် တစ်ခုအပါအဝင် မဟာယာန ဗုဒ္ဓဘာသာကျောင်းတော်ကြီး ဖြစ်ပါတယ်။ ယင်းအဆောက်အအုံကြီးကို ရုပ်ကြွများရှိတဲ့ အကွက်ပေါင်း ၂၆၇၂ ခုနဲ့ ဗုဒ္ဓဆင်းတု ၅၀၄ ဆူတို့နဲ့အတူ အလှဆင်ထားတာကို တွေ့ရပါတယ်။ အဆောက်အအုံအလယ် အမိုးခုံးပတ်လည်ရှိ အပေါက်များမှာ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော် ၇၂ ဆူ ရှိပါတယ်။

ဗောရောဗုဒုကို ဆေးလင်ဒြာမင်းဆက် အေဒီကိုးရာစုမှာ ဂျာဗားဗုဒ္ဓဘာသာပုံစံအတိုင်း တည်ဆောက်ခဲ့တာဖြစ်ပြီး အင်ဒိုနီးရှားဒေသခံတွေ ဘိုးဘွားစဉ်ဆက်ရှိခိုးပူဇော်ခဲ့တဲ့ ယုံကြည်ကိုးကွယ်မှုတွေနဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ နိဗ္ဗာန်စံဝင်မှုတို့ကို ရောယှက်ပုံဖော်ထားတာဖြစ်ကြောင်း သိရပါတယ်။ ဗောရောဗုဒုကို ၁၉၇၅ ခုနှစ်နဲ့ ၁၉၈၂ ခုနှစ်မှာ အင်ဒိုနီးရှားအစိုးရနဲ့ ယူနက်စကိုအဖွဲ့တို့ ပူးပေါင်းပြီး အကြီးစားပြင်ဆင်မွမ်းမံမှုတွေကို ပြုလုပ်ခဲ့ကြောင်းလည်း မှတ်တမ်းတွေအရ သိရပါတယ်။ ဗောရောဗုဒုကို ၁၉၉၁ ခုနှစ်မှာ ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ [ယူနက်စကို (UNESCO)] က ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ဗောရောဗုဒုဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ ခရီးသွားအများဆုံးလာရောက်လည်ပတ်ကြတဲ့ နေရာတစ်ခုလည်း ဖြစ်ပါတယ်။

**ပရာဘန်နန် ဟိန္ဒူဘုရားကျောင်း**

မြန်မာ၊ ကမ္ဘောဒီးယားနဲ့ လာအိုအဖွဲ့တို့ဟာ ပရာဘန်နန်(Prambanan) ဘုရားကျောင်းကို ဧပြီ ၂၃ ရက်နေ့မှာ ရောက်ရှိခဲ့ကြပါတယ်။ ပရာဘန်နန်ဘုရားကျောင်းဟာ ကိုးရာစုက ဟိန္ဒူလက်ရာစစ်စစ် ဘုရားကျောင်းတစ်ခုဖြစ်ပြီး ဂျော့ဂျာရဲ့အထူးထင်ရှားတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ဂျော့ဂျကာတာကိုရောက်ရှိခဲ့မယ်ဆိုရင် မဖြစ်မနေ သွားရောက်လည်ပတ်သင့်တဲ့ နေရာတစ်ခုအဖြစ် ဘာကြောင့် ထင်ရှားရသလဲဆိုရင် အဲဒီဘုရားကျောင်းဟာလည်း အင်ဒိုနီးရှားက ယူနက်စကိုစာရင်းဝင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်တဲ့အပြင် အရှေ့တောင်အာရှမှာလည်း အကြီးဆုံး ရှေးဟောင်းဟိန္ဒူကျောင်းတော်ကြီးဖြစ်ပါတယ်။ ယင်းကျောင်းတော်ကြီးသည် ဟိန္ဒူနတ်ဘုရား သျှိဝအား ဂုဏ်ပြုတည်ဆောက်ထားခြင်းဖြစ်ပြီး မူရင်းအဓိပ္ပာယ်မှာ သျှိဝ၏ အိမ် ၊ သျှိဝ၏ ဘုံဟု အဓိပ္ပာယ်ရကြောင်း သိရပါတယ်။ ပရာဘန်နန်ကျောင်းတော်ကြီးဟာလည်း ကမ္ဘာတစ်ဝန်းကခရီးသွားတွေကို ဆွဲဆောင်နေတဲ့ အင်ဒိုနီးရှားရဲ့အထင်ကရနေရာတစ်ခု ဖြစ်ပါတယ်။

**ဆူလ်တန်ဘုရင့်နန်းတော်**

ဂျော့ဂျကာတာမြို့ဟာ ဂျော့ဂျကာတာ အထူးဒေသရဲ့မြို့တော်ဖြစ်ပြီး ဘုရင်အုပ်ချုပ်တဲ့ နယ်မြေဖြစ်တာကြောင့် လက်ရှိဘုရင်မှာ ဆယ်ယောက်မြောက် ဆူလ်တန်ဘုရင်ဖြစ်ပါတယ်။ လက်ရှိဘုရင်ဟာ သူတို့ရဲ့ အုပ်ချုပ်သူပဲလို့ ဧည့်လမ်းညွှန်ဝန်ထမ်းတွေပြောပြချက်အရ သိရပါတယ်။ ဆူလ်တန်ဘုရင့်နန်းတော်ကို သွားရောက်လည်ပတ်ခဲ့ပေမယ့်လည်း ဘုရင်ဖြစ်သူနဲ့တော့ တွေ့ခွင့်မရခဲ့ကြပါဘူး။ ကိုးယောက်မြောက်ဘုရင်နဲ့ လက်ရှိဘုရင် ဆူလ်တန်တို့ဟာ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးပြုလုပ်ခဲ့လို့ နာမည်ဂုဏ်သတင်းကြီးမားတယ်လို့ သိရပါတယ်။ လက်ရှိ ဆူလ်တန်ဘုရင်မှာတော့ သမီးတော်တစ်ပါးသာထွန်းကားတယ်လို့ ဒေသခံတွေပြောကြားချက်အရ သိရပါတယ်။ ဆူလ်တန်နန်းတော်ကြီးမှာ ဘုရင်နဲ့ပြည်သူပြည်သားတွေဟာ နေ့ထူးနေ့မြတ်တွေမှာ တွေ့ဆုံလေ့ရှိကြတယ်လို့ ပြောပါတယ်။

ထူးခြားချက်အနေနဲ့ ဆူလ်တန်မိသားစုဝင်တွေသာ ပန်းပန်ခွင့်ရှိကြပြီး သာမန်ပြည်သူတွေ ပန်ခွင့်မရှိဘူးလို့ ဆူလ်တန်ဘုရင်နဲ့ ဆွေမျိုးနီးစပ်တော်တဲ့ နန်းတော်အကြောင်းရှင်းပြပေးတဲ့ အမျိုးသမီးက ဆိုပါတယ်။ ဆူလ်တန်ဘုရင်တွေကပဲ အစိုးရအဆက်ဆက် အုပ်ချုပ်လာခဲ့ရာ နိုင်ငံရေးရာ၊ လူမှုရေးရာအကုန်လုံး ဘုရင်ကပဲ ဆုံးဖြတ်တယ်လို့ ဆိုပါတယ်။ နန်းတော်ကြီးအတွင်းမှာ ဆူလ်တန်ဘုရင်အဆက်ဆက် တောကစားထွက်တဲ့နေရာ၊ တရားထိုင်တဲ့နေရာနဲ့ ရေကူးကန်၊ မြင်းစီးကွင်းတွေလည်း ရှိပါတယ်။



မရာပီမီးတောင်ဒေသရှိ ပြတိုက်ငယ်ရှေ့၌ စာရေးသူတို့အဖွဲ့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

သွားရောက်တဲ့အချိန် ဧပြီလ ၂၂ ရက်နေ့ကနေ ၂၆ ရက်နေ့အထိ မြန်မာနိုင်ငံမှာ အတော်လေးပူပေမယ့် ဂျော့ဂျာမြို့မှာတော့ အနည်းငယ်အပူသက်သာတာကို ခံစားရပါတယ်။ မြို့ဟာ ရေခံမြေခံကောင်းပြီး စိုက်ပျိုးမြေဖြစ်ထွန်းတဲ့ဒေသဖြစ်တာကြောင့် လမ်းဘေးဝဲ၊ ယာမှာလည်း သစ်ပင်ကြီး၊ ငယ်တွေ စိုက်ပျိုးထားတာ တွေ့မြင်နေရပါတယ်။ တစ်မြို့လုံးနီးပါး အမှိုက်ကင်းစင်ပြီး သန့်ရှင်းသပ်ရပ်နေတာကတော့ အားကျစရာပါ။ လမ်းဘေးဆိုင်နဲ့ ဆိုင်ကြီးတွေမှာလည်း ပလတ်စတစ်အိတ်တွေ၊ ကြွပ်ကြွပ်အိတ်တွေသုံးစွဲတာမတွေ့ရဘဲ စက္ကူကိုသာအသုံးပြုတာကို တွေ့ရတော့ တော်တော်အထင်ကြီးလေးစားသွားရပါတယ်။ နောက်တစ်ချက်က သူတို့ဆီက စားသောက်ဆိုင်အချို့မှာ ရိုးရာတေးသီချင်းနဲ့ ဖျော်ဖြေကြတာကို တွေ့မြင်ရပါတယ်။ ခရီးသွားလုပ်ငန်းကို အဓိကထားတဲ့ ဒေသဖြစ်တာကြောင့် ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်တဲ့အပြင် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရာလည်းရောက်တဲ့ အလေ့အထလေးတွေကိုလည်း အတုယူစရာ လေ့လာခွင့်ရခဲ့ပါတယ်။ အင်ဒိုချိုင်းနားအဖွဲ့သားတွေဟာ ဂျာဗားကျွန်းသူတွေရဲ့အကအလှနဲ့ ရိုးရာအစားအသောက်တွေကို ခဏတာမြည်းစမ်းခွင့်ရခဲ့ကြပါတယ်။

**မရာပီမီးတောင်**

နောက်တစ်နေ့မှာတော့ ဂျိမ်းစ်ဘွန်းဇာတ်ကား ရိုက်ကူးနေတဲ့အလား စွန့်စွန့်စားစားနဲ့ နေရာတစ်ခုကို သွားရောက်ခဲ့ရပါတယ်။ အဲဒီနေရာကတော့ ၂၀၁၀ ပြည့်နှစ်အောက်တိုဘာလမှာ ပေါက်ကွဲခဲ့တဲ့ မရာပီမီးတောင်ဧရိယာပဲဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံဟာ မီးတောင်ပေါများတဲ့ နိုင်ငံဖြစ်တာနဲ့အညီ မီးတောင်ပေါက်ကွဲခြင်းဆိုတဲ့ သဘာဝဘေးအန္တရာယ်တွေနဲ့ လက်တစ်ကမ်းမှာ နေထိုင်ရတဲ့နေရာလည်း ဖြစ်ပါတယ်။

မရာပီမီးတောင်ကိုသွားတဲ့ ခရီးစဉ်ဟာ စိတ်လှုပ်ရှားစရာကောင်းသလို ပျော်စရာလည်း အလွန်ကောင်းပါတယ်။ မီးတောင်ဆီကို သုံးယောက်သာလိုက်ပါစီးနင်းခွင့်ရှိတဲ့ လင့်ရိုဗာဂျစ်ကားနဲ့ တက်ရတာဖြစ်ပြီး ကားမောင်းသူတွေဟာ တောင်တက်လမ်းခရီးကြမ်းတစ်လျှောက် သူတို့ရဲ့ ကားမောင်းစွမ်းရည်ကို ပြသနေတဲ့အလား ကြမ်းကြမ်းတမ်းတမ်း မောင်းနှင်လိုက်ပို့ပါတယ်။ မီးတောင်တက်ခရီးစဉ်မှာ ခရီးသွားတွေအတွက် စိတ်ချရစေဖို့ ဆိုင်ကယ်စီးဦးထုပ်ဆောင်းပြီး ဖုန်နဲ့ မီးတောင်ပြာမှုန်တွေကာကွယ်ဖို့အတွက် mask ကိုလည်း အသုံးပြုရပါတယ်။ ဒါပေမယ့်လည်း မရာပီမီးတောင် တောင်တက်လမ်းဟာ ခရီးသွားတွေအတွက် လုံခြုံစိတ်ချရပါတယ်လို့ ဧည့်လမ်းညွှန်တွေက အာမခံပါတယ်။ တောင်တက်လမ်းတစ်လျှောက်မှာ မီးတောင်ပေါက်ကွဲစဉ်က လွင့်စဉ်ထွက်လာတဲ့ ချော်ရည်ခဲ၊ ကျောက်ခဲတွေနဲ့ ပြည့်နှက်ကြမ်းတမ်းနေပါတယ်။

မီးတောင်ပေါက်ကွဲစဉ်မှာ ပျက်စီးသွားခဲ့တဲ့ အိမ်ကလေးကို ပြတိုက်ငယ်အဖြစ်ထားရှိပြီး အိမ်အတွင်းဘက်မှာ အိပ်ခန်း၊ မီးဖိုဆောင် စသည်ဖြင့် ပစ္စည်းတွေကို ပျက်စီးလက်စအနေအထားအတိုင်း ပြသထားရှိပါတယ်။ မီးတောင်ပေါက်ကွဲချိန်ဟာ ထင်မှတ်မထားတဲ့အချိန်ဖြစ်တာတစ်ကြောင်း၊ သန်းခေါင်ယံအချိန်ဖြစ်တာတစ်ကြောင်းကြောင့် ဒေသခံတွေဟာ ပြင်ဆင်ချိန်မရရှိလိုက်ဘဲ ချော်ရည်တွေအောက်မှာ နစ်မြုပ်သေဆုံးသွားခဲ့ရတယ်လို့ ကြေကွဲဖွယ်သိရှိရပါတယ်။ သဘာဝဘေးအန္တရာယ်ကပ်ဆိုးကြောင့် သေဆုံးသူ လူဦးရေပေါင်း ၃၄၀ နဲ့ တိရစ္ဆာန်တွေလည်း အပါအဝင်ဖြစ်တယ်လို့ သိရပါတယ်။ တိရစ္ဆာန်အပျက်အစီးအရိုးစုတွေကိုလည်း ပြတိုက်ငယ်မှာ ပြသထားရှိပါတယ်။ ပြတိုက်ငယ်ကနေ အနည်းငယ်ဆက်သွားပြီးတဲ့အခါ မရာပီမီးတောင်ရဲ့ရှုခင်းအလှကို ခံစားလို့ရပါပြီ။ ဒါပေမယ့် ရောက်ရှိတဲ့အချိန်က တိမ်အနည်းငယ်ထူထပ်နေတဲ့အတွက် အလှအပကို ပြည့်ပြည့်ဝဝ ခံစားခွင့်မရရှိခဲ့ပါဘူး။ လက်ရှိ မရာပီမီးတောင်ဟာ သက်ရှိမီးတောင်အဖြစ် တည်ရှိနေဆဲလို့ သိရပါတယ်။

စာမျက်နှာ ၁၆ သို့ ❂

✪ စာမျက်နှာ ၁၅ မှ

**ပါတိတ်အထည်လုပ်ငန်း**

ဆက်လက်ပြီး အင်ဒိုနီးရှားနိုင်ငံရဲ့ Trade mark တစ်ခုဖြစ်တဲ့ အင်ဒိုနီးရှားပါတိတ် အထည်လုပ်ငန်း လုပ်ကိုင်ရာဆီကိုလည်း လေ့လာလည်ပတ်ခွင့် ရခဲ့ပါတယ်။ ပိတ်အဖြူစပေါ်မှာ ဖယောင်းရည်နဲ့ ပန်းချီရေးဆွဲပြီး ဆေးဆိုးအခြောက်ခံတဲ့ လက်မှုလုပ်ငန်းပဲ ဖြစ်ပါတယ်။ အခြောက်ခံတဲ့နေရာမှာ နေရောင်ခြည်နဲ့ တိုက်ရိုက်မထိတွေ့စေဘဲ လေသလပ်ခံခြောက်သွေ့စေတာ ဖြစ်ပါတယ်။ လက်လုပ်ပါတိတ်ထည် အစတစ်စရရှိဖို့အတွက် အချိန်သုံးလကြာတယ်လို့ သိရပါတယ်။ အဲဒီနေရာမှာ အင်ဒိုချိုင်းနားအဖွဲ့သားတွေလည်း လက်တွေ့ ပန်းချီရေးဆွဲဆေးခြယ်ပြီး စမ်းသပ်လုပ်ကိုင်ခွင့်ရကြပါတယ်။ Hand made စစ်စစ်လက်ရာအထည်တွေကိုလည်း အိမ်အပြန်လက်ဆောင်အဖြစ် အဲဒီနေရာမှာ ဝယ်ယူရရှိနိုင်ပါတယ်။ အဆင်ဆန်းပြီး ချည်သားအေးတဲ့အတွက် အဖွဲ့သားတွေ အကြိုက်တွေ့စေတဲ့ ရိုးရာအထည်တွေ ဖြစ်ပါတယ်။

မြန်မာအဖွဲ့သားတွေရဲ့ ဂျော့ဂျကာတာခရီးစဉ်ဟာ ဧပြီလ ၂၆ ရက်နေ့မှာ ပြီးဆုံးပါတယ်။ အဲဒီနေ့ မနက်ခင်းမှာပဲ ဂျော့ဂျာလေဆိပ်ကနေ မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်ကို နှုတ်ဆက်ထွက်ခွာခဲ့ပြီး အဲဒီကနေတစ်ဆင့် ရန်ကုန်လေဆိပ်ကို တစ်ခါပြန်စီးရတာဖြစ်ပါတယ်။ ခရီးစဉ်တစ်လျှောက် ဂျော့ဂျာဒေသခံတွေရဲ့ ယဉ်ကျေးဖော်ရွေတဲ့ အပြုအမူတွေကြောင့် အထစ်အငေါ့မရှိ အဆင်ပြေခဲ့ရပါတယ်။



ပါတိတ်ဒီဇိုင်းပုံစံခွက်များ

**ခရီးသွားကဏ္ဍ**

အင်ဒိုနီးရှားနိုင်ငံကို ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်က နိုင်ငံတကာခရီးသွားဧည့်သည် ၁၅ သန်းကျော် ဝင်ရောက်ခဲ့ပြီး ခရီးသွားကဏ္ဍကနေ GDP ရှစ်ရာခိုင်နှုန်းအထိ ရရှိဖို့ မျှော်မှန်းထားတယ်လို့ သိရပါတယ်။ ၂၀၁၉ ခုနှစ်မှာ ခရီးသည်ပေါင်း သန်း ၂၀ ရောက်ရှိလာဖို့အတွက် ကြိုးစားဆောင်ရွက်သွားမယ်လို့လည်း သိရပါတယ်။ အင်ဒိုနီးရှားနိုင်ငံကို အဓိကလာရောက်ကြတဲ့ ထိပ်တန်းငါးနိုင်ငံက စင်ကာပူ၊ မလေးရှား၊ တရုတ်၊ ဩစတြေးလျနဲ့ ဂျပန်နိုင်ငံတို့ဖြစ်ကြပြီး ဗဟိုစာရင်းအင်းအဖွဲ့ Central Statistics Agency (BPS) က ထုတ်ပြန်တဲ့အချက်အလက်တွေအရ အင်ဒိုနီးရှားမှာ ခရီးသွားတွေ အကြိုက်ဆုံးနေရာ ဆယ်ခုကတော့ ဘာလီ၊ အနောက်ဂျာဗား၊ ဂျာဗားအလယ်ပိုင်း၊ အရှေ့ဂျာဗား၊ ဆူမတြားမြောက်ပိုင်း၊ လန်ပန် (Lampung)၊ ဆူလာဝါဆီတောင်ပိုင်း၊ ဆူမတြားတောင်ပိုင်း၊ ဘန်တန်(Banten) နဲ့ ဆူမတြား အနောက်ပိုင်းတို့ဖြစ်ကြောင်း ဗီကီမှတ်တမ်းတွေမှာ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံမှာတော့ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်နိုဝင်ဘာလအထိ ခရီးသွားဧည့်သည်ပေါင်း ၂ ဒသမ ၈ သန်းကျော် ဝင်ရောက်ခဲ့တယ်လို့ မြန်မာ့ခရီးသွား (Tourism Myanmar) ဝက်ဘ်ဆိုက်ကနေ သိရပါတယ်။ မီးခိုးမထွက်တဲ့စက်ရုံလုပ်ငန်း (ခေါ်) ခရီးသွားလုပ်ငန်းကဏ္ဍကနေ နိုင်ငံခြားဝင်ငွေအမြောက်အမြားရရှိစေနိုင်တာမို့ ကိုယ့်နိုင်ငံ ကိုယ့်ဒေသအနေနဲ့လည်း ရိုးရာယဉ်ကျေးမှုအလှအပတွေကို ကမ္ဘာကသိရှိအောင်၊ တစ်နှစ်ထက်တစ်နှစ် နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှုတိုးတက်လာအောင် အဘက်ဘက်က ဝိုင်းဝန်းကြိုးစားသွားဖို့ လိုအပ်နေသေးတယ်လို့ မြင်မိပါတယ်။

နောက်ဆုံးအနေနဲ့ မြန်မာနိုင်ငံမှာ ကိုယ့်နိုင်ငံသားတွေ ပြောပြောနေတဲ့ Beautiful Myanmar၊ Golden Land Myanmar ဆိုသလိုပဲ၊ သူတို့ဆီ သူတို့နိုင်ငံသားတွေ ပြောလေ့ရှိတဲ့ စကားတစ်ခွန်းနဲ့ပဲ ဂျော့ဂျာသွား တောလားကို အဆုံးသတ်လိုက်ပါတယ်။ Wonderful Indonesia!.

## အနုပညာ





### ကန်းစ်ရုပ်ရှင်ပွဲတော်ကို တက်ရောက်လာတဲ့ ဆယ်လီနာဂိုမက်ဇ်

အမေရိကန် ပေါ့ပ်ကြယ်ပွင့်တစ်ဦးအဖြစ်မှသည် သရုပ်ဆောင်တစ်ဦးအဖြစ်ပါ လှုပ်ရှားလာတဲ့ ဆယ်လီနာဂိုမက်ဇ်ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို တက်ရောက်လာခဲ့တာကို တွေ့ရပါတယ်။ ဒီအခမ်းအနားကိုတော့ ဆယ်လီနာဂိုမက်ဇ်ဟာ ရိုးရှင်းတဲ့ဝတ်စားဆင်ယင်မှုမျိုးနဲ့ တက်ရောက်ခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်အတွက် ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို မေ ၁၄ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး မေ ၂၅ ရက်အထိ ပြုလုပ်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဖွင့်ပွဲမှာတော့ ဟောလိဝုဒ်နာမည်ကျော်တွေ တက်ရောက်ခဲ့ပြီး ဒီအထဲမှာ မင်းသမီး အန်ဘာဟာ့ဒ်လည်း ပါဝင်နေတာ တွေ့ရပါတယ်။

### ကုလသမဂ္ဂဗုဒ္ဓနေ့ အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်ခဲ့တဲ့ ကမ်ဝူဘင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ကမ်ဝူဘင်ရဲ့ ကိုးကွယ်မှုနဲ့ပတ်သက်ပြီး မီဒီယာတွေက စိတ်ဝင်တစားရေးသားဖော်ပြခဲ့ကြပါတယ်။ ကမ်ဝူဘင်ဟာ လတ်တလောမှာတော့ သူ့ရဲ့ အခင်ဆုံးသူငယ်ချင်းဖြစ်တဲ့ မင်းသားဂျိုအင်ဆောင်နဲ့အတူ ကုလသမဂ္ဂဗုဒ္ဓနေ့အထိမ်းအမှတ်ပြုလုပ်ခဲ့တဲ့အခမ်းအနားကို တက်ရောက်ခဲ့တာကိုတွေ့ရကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီအခမ်းအနားတက်ရောက်ခဲ့တဲ့ ပုံရိပ်တွေမှာတော့ ကမ်ဝူဘင်ဟာ အတော်လေးကျန်းမာလာပုံလည်းပေါ်နေတာ တွေ့ရပါတယ်။ ဒါကြောင့် မင်းသားရဲ့ အနုပညာလှုပ်ရှားမှုတွေအတွက်လည်း ပရိသတ်တွေက စောင့်မျှော်နေကြပါတယ်။ ဒီအကြောင်းအရာတွေနဲ့ပတ်သက်ပြီး ကမ်ဝူဘင်ရဲ့ ဖျော်ဖြေရေးအေဂျင်စီက ပြန်လည်တုံ့ပြန်ခဲ့ကြောင်းလည်း သိရပါတယ်။

မင်းသားရဲ့ ဖျော်ဖြေရေးအေဂျင်စီက ကိုးကွယ်ယုံကြည်မှုဟာ ပုဂ္ဂိုလ်ရေးဖြစ်တာကြောင့် အေဂျင်စီအနေနဲ့ တစ်စုံတစ်ရာ ဝေဖန်ပြောကြားမှာမဟုတ်ဘဲ ကမ်ဝူဘင်အနေနဲ့ သူယုံကြည်ရာ ဘာသာတရားကို ကိုးကွယ်နိုင်တယ်လို့ အေဂျင်စီက ပြောကြားခဲ့ပါတယ်။ ကမ်ဝူဘင်ရဲ့ ကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီး အေဂျင်စီက မင်းသားဟာ လက်ရှိမှာတော့ ပိုမိုကျန်းမာလာခဲ့ပြီဖြစ်ကြောင်း၊ သို့သော် အနုပညာလှုပ်ရှားမှုတွေ ပြန်လည်လုပ်ဆောင်ဖို့ရာ စီစဉ်ထားတာတော့မရှိသေးကြောင်း၊ လက်ရှိမှာတော့ ကျန်းမာရေးအပေါ်သာ အာရုံစိုက်ထားကာ ဆေးစစ်တာတွေကို ပုံမှန်လုပ်ဆောင်နေကြောင်း၊ နောင်တစ်ချိန်မှာတော့ အနုပညာလှုပ်ရှားမှုတွေကို ပြန်လည်လုပ်ဆောင်မှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။



### Maleficent ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ အန်ဂျလီနာဂျိုလီပါဝင်ထားတဲ့ “ Maleficent ” ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်ဖြစ်တဲ့ “ Maleficent: Mistress of Evil ” ကို လတ်တလောမှာ စမ်းသပ်ထုတ်လွှင့်ခဲ့ရာမှာတော့ ရုပ်ရှင်သစ်မှ အန်ဂျလီနာဂျိုလီရဲ့ ပုံရိပ်တွေလည်း ပါဝင်နေကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလော ယူကျူပေါ်မှာပြသခဲ့တဲ့ အစမ်းရုပ်ရှင်မှာလည်း ယခင်ရုပ်ရှင်မှာကဲ့သို့ပင် ဗီလိန်အစစ်ဟာ ဘယ်သူဖြစ်မလဲဆိုတာကိုတော့ ကွဲကွဲပြားပြားတွေ့မြင်ရခြင်းမရှိပါဘူး။ ဒစ်စနေရဲ့ အောင်မြင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်သစ် “ Maleficent: Mistress of Evil ” ကိုတော့ လာမယ့် အောက်တိုဘာ ၁၈ ရက်မှာ ကမ္ဘာတစ်ဝန်း စတင်ရုံတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

### CLC ၏ တေးသီချင်းသစ် မကြာမီထွက်ရှိမည်



တောင်ကိုရီးယားအမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “CLC” ဟာ မကြာမီ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာမှာဖြစ်ကြောင်း လတ်တလောမှာတော့ တရားဝင်ထုတ်ဖော်ပြောကြားလာတာ ဖြစ်တယ်လို့ သိရပါတယ်။ အဖွဲ့ရဲ့တေးသီချင်းသစ်ကိုတော့ ယခုလကုန်ပိုင်းမှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း အောကေပေ့ါ်ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက “CLC” ရဲ့ တေးဗီဒီယိုသစ်အတွက် ရိုက်ကူးရေးလုပ်ငန်းတွေ ပြီးဆုံးပြီဖြစ်ကာ ထုတ်လွှင့်ဖို့အတွက် ပြင်ဆင်နေကြောင်း ထုတ်ဖော်အသိပေးခဲ့ပြီးဖြစ်ပါတယ်။ မေ ၁၄ ရက်မှာတော့ အေဂျင်စီရဲ့ တွစ်တာစာမျက်နှာပေါ်မှာ “ CLC ” ရဲ့ တေးသီချင်း ထုတ်လွှင့်တော့မယ့်အကြောင်း ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

တေးသီချင်းသစ် ထုတ်လွှင့်သွားမယ့် ရက်အတိအကျကိုတော့ ရေးသားဖော်ပြခဲ့ခြင်း မရှိပေမယ့် ယခုလကုန်ပိုင်းမှာ စတင်ထုတ်လွှင့်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

## ကရင်ပြည်နယ်သို့ နိုင်ငံပေါင်း ၈၁ နိုင်ငံမှ ပြည်ပခရီးသွား ၆၈၁၃၈ ဦးလာရောက်

**ဘားအံ မေ ၁၄**
ကရင်ပြည်နယ်သည် ငြိမ်းချမ်းရေးဖြစ်တည်တိုးတက်မှုနှင့်အတူ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်၍ တစ်နေရာမှ တစ်နေရာသို့ လွယ်ကူစွာကူးလူးဆက်ဆံသွားလာနိုင်ခြင်း၊ အေးချမ်းသာယာ၍ တိုင်းရင်းသားများ၏ ယဉ်ကျေးဖော်ရွေမှုရှိခြင်း၊ သမိုင်းဝင်အမွေအနှစ်များ၊ ရှေးဟောင်းဂူဘုရားများ၊ ရေတံခွန်များ၊ အပန်းဖြေအနားယူရန် နေရာများ ပေါများစွာတည်ရှိခြင်း၊ သာယာလှပခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ နေ့စဉ် ဝင်၊ထွက်သွားလာလျက်ရှိရာ ၂၀၁၉ ခုနှစ် ပထမသုံးလ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လတို့တွင် နိုင်ငံပေါင်း ၈၁ နိုင်ငံမှ ပြည်ပခရီးသွားဧည့်သည် ၆၈၁၃၈ ဦးလာရောက် လည်ပတ်ခဲ့ကြောင်း မေ ၁၃ ရက် နံနက် ၁၀ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၁၉) အစည်းအဝေးမှ သိရသည်။

အလားတူ ပြည်တွင်း ခရီးသွားဧည့်သည်များ ဝင်ရောက်မှုအနေဖြင့် ပထမသုံးလအတွင်း ၂၇၃၆၄၈ ဦးလာရောက်လည်ပတ်ခဲ့ကြပြီး ဘားအံ၊ မြဝတီနှင့် သံတောင်ကြီးဒေသများသို့ အများဆုံးသွားရောက်လည်ပတ်ခဲ့ကြကာ ခရီးသွားဧည့်သည်များ ပိုမိုဝင်ထွက်သွားလာနိုင်စေရန်နှင့် ဒေသ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်က ပြည်နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးအေးမောင်လှိုင်က ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဝင်များနှင့် ပြည်နယ်လိုင်စင်စိစစ်ရေးအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ရေးဆိုင်ရာများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော Air Tour Myanmar Co.,Ltd၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ပြည်နယ် ဧည့်လမ်းညွှန်အသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ကရင်ပြည်နယ်အတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ နှစ်စဉ်တိုးတက်လျက်ရှိပြီး တစ်နှစ်လျှင် ပြည်ပခရီးသွား ၄၀ ရာခိုင်နှုန်း၊ ပြည်တွင်းခရီးသွား ၆၀ ရာခိုင်နှုန်းကျော်ခန့် တိုးတက်များပြားလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





## ရွှေပြည်သာစက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ

**ရန်ကုန် မေ ၁၄**
ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ အလုပ်သမားနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်တို့နှင့်အတူ မေ ၁၃ ရက် နေ့လယ် ၁ နာရီခွဲက ရွှေပြည်သာမြို့နယ်အတွင်းရှိ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ဆောင်နိုင်ရန်အတွက် အမှိုက်သိမ်းစနစ်၊ ရေဆိုးစွန့်ပစ်မှုစနစ်များ စနစ်တကျရှိရေးတို့အတွက် ဇုန်ကော်မတီဝင်ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ရန်၊ ဇုန်အတွင်း One Stop Service လုပ်နိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဇုန်အတွင်း အလုပ်လုပ်ကိုင်နေသူများအတွက် တန်ဖိုးနည်းအိမ်ရာများကို ဆောက်လုပ်ပေးသွားရန် အစီအစဉ်ရှိကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဇုန် (၁)၊ ဝါးတရာနှင့် သာခုကန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသိမ်း၊ စက်မှုဇုန် (၂၊ ၃၊ ၄) ဥက္ကဋ္ဌ ဒေါက်တာထင်ကျော်ဦးတို့က စက်မှုဇုန်များအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ရှေ့ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများနှင့် ဇုန်အတွင်း တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ပြဿနာများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်မှုဇုန် (၄)ရှိ Suma Win Win အထည်ချုပ်စက်ရုံ၊ မီးသတ်ရေကန်တည်ဆောက်မည့်မြေနေရာ၊ စက်မှုဇုန် (၂) နှင့် (၃) ကို ဖြတ်သန်းစီးဆင်းနေသော တကူခြောင်းတို့အား ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချောစုငံ၊ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းနှင့် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ မေ ၁၄ ရက်က ဝင်းကမူကျေးရွာနှင့် ချောင်းဝကျေးရွာတို့ရှိ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးစဉ်။

ငြိမ်းချမ်း (ပြန်/ဆက်)




## သူနာပြု၊ သားဖွား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်း

**နေပြည်တော် မေ ၁၄**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန သူနာပြုသင်တန်းကျောင်း(နေပြည်တော်) တွင် အပတ်စဉ် (၄) သူနာပြု၊ သားဖွားဒီပလိုမာသုံးနှစ်သင်တန်းမှ သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲအား မေ ၁၃ ရက် နံနက် ၉ နာရီက အဆိုပါ သူနာပြုသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲတွင် ဦးတင်ထွန်း (နေပြည်တော်ကောင်စီဝင်)နှင့် ဒေါက်တာတင်ထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သင်ကြား)၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန) တို့က အဖွင့်အမှာစကားပြောကြားပြီး ဒေါ်ဋ္ဌေးဋ္ဌေးလှိုင်၊ (ညွှန်ကြားရေးမှူး၊ သူနာပြု၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန) က ဆုံးမသြဝါဒစကားပြောကြားကာ ဒေါ်ခင်မာကြည် (ညွှန်ကြားရေးမှူး၊ သူနာပြု၊ ကုသရေးဦးစီးဌာန) က ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားသည်။ ဆက်လက်၍ သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်စန်းစန်းလင်းက ကျေးဇူးတင်စကားပြောကြားကာ သင်တန်းသား သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းများ အပ်နှင်းခဲ့သည်။

အခမ်းအနားတွင် သင်တန်းသား သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်း၊ ကရုဏာအလင်း တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အတန်းလိုက် ပညာရည်ချွန်ဆုရရှိသူများအား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ပေးအပ်ခဲ့သည်။ သူနာပြုသင်တန်းကျောင်း (နေပြည်တော်) အား ၂၀၁၅ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်မှ အားထားရသည့် သူနာပြုများအား မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ခင်ဇော် (မင်္ဂလာ)**



## ဈေးကွက်သတင်းအချက်အလက်စနစ်သင်တန်းဖွင့်

**နေပြည်တော် မေ ၁၄**
ဈေးကွက်သတင်းအချက်အလက်စနစ် Market Information System (MIS) သင်တန်းဖွင့်ပွဲကို မေ ၁၃ ရက် နံနက်ပိုင်းက နေပြည်တော်ရုံး အမှတ် (၄၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

လျင်မြန်ထိရောက်သော ဈေးကွက်သတင်းအချက်အလက်စနစ်တစ်ခုကို Pilot အဖြစ် စတင်ကျင့်သုံးနိုင်ရေးအတွက် ဦးစားပေးသီးနှံ ဆန်စပါးနှင့် ပဲမျိုးစုံကို ရွေးချယ်၍ Primary data ကို Questionnaires များနှင့်တကွ စနစ်တကျကောက်ယူသည့်မှစ၍ စနစ်တကျ စာရင်းသွင်းခြင်းစသည့် သင်ခန်းစာများကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးစီးပွားပညာဌာန၊ ပါမောက္ခ ဒေါက်တာသိဂီမြင့်က ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ နှစ်ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်ခွဲ (ရှမ်းမြောက်၊ ရှမ်းအရှေ့နှင့် ပဲခူးအနောက်) သုံးခုမှ တစ်ဦး၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ (ရုံးချုပ်)မှ သင်တန်းသား နည်းပြအကူ ခုနစ်ဦး စုစုပေါင်း ၄၀ တို့ တက်ရောက်လေ့လာလျက်ရှိသည်။

ဈေးကွက် သတင်းအချက်အလက်စနစ် ToT သင်တန်းဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချနိုင်ပြီး သင်တန်းတက်ရောက်ပြီးသော MIS Working group member များသည် ရှေ့ပြေးအဖြစ် စိုက်ပျိုးရေးဦးစီးဌာန၏ ဈေးကွက် သတင်းအချက်အလက်စနစ်ကို စတင်ကျင့်သုံးပြီး နိုင်ငံတစ်ဝန်း ဆောင်ရွက်သွားခြင်းဖြင့် စနစ်ကျ၍ထိရောက်အကျိုးရှိသော ဈေးကွက်သတင်းအချက်အလက်စနစ်ကို ရေရှည်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးထွန်းဝင်းက ပြောကြားသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဈေးကွက်သတင်းအချက်အလက်စနစ်ကို ဦးဆောင်ဆောင်ရွက်နိုင်ပြီး ခရိုင် MIS Working group member များအား ဆင့်ပွားသင်တန်း ပြန်လည်ပို့ချနိုင်သူများ၊ Agricultural Economics အခြေခံရှိပြီး Microsoft Excel ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ၊ Internet အသုံးပြု၍ ရုံးချုပ်သို့ Data Sharing လုပ်ပေးနိုင်သူများကို သင်တန်းသားအဖြစ် စိစစ်ရွေးချယ်ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်မိုး (စိုက်ပျိုးရေး)**



## စစ်တွေမြို့ပေါ်ရပ်ကွက်များတွင် ရေပြတ်လပ်မှုမရှိစေရေးစည်းဝေး

**စစ်တွေ မေ ၁၄**

စစ်တွေမြို့ပေါ်ရပ်ကွက်များတွင် နွေရာသီကာလ ရေပြတ်လပ်မှုမရှိစေရေး ညှိနှိုင်းအစည်းအဝေးကို မေ ၁၃ ရက် နံနက် ၉ နာရီတွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်က စစ်တွေမြို့ပေါ်တွင် နှစ်စဉ်နှစ်တိုင်း ရေအခက်အခဲနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ ယခုနှစ်တွင် ကန်တော်ကြီးရေပြတ်လပ်သွားသော်လည်း အများပြည်သူ ရေပြတ်လပ်မှုမရှိအောင် စည်ပင်သာယာရေးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ စည်ပင်သာယာရေးအဖွဲ့ပြည်နယ်ဦးစီးမှူးက စစ်တွေမြို့ပေါ်သို့ ရေဖြန့်ဝေပေးနေသည့် ကန်တော်ကြီး၏အခြေအနေ၊ ပြည်သူများ ရေပြတ်လပ်မှုမရှိစေရေး မြေအောက်အဝီစိရေတွင်းများ တူးဖော်ပြီး ရေဖြည့်တင်းပေးနေမှုအခြေအနေနှင့် စစ်တွေမြို့ သန့်ရှင်းသာယာရေး အမှိုက်သိမ်းဆည်း ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

လက်ရှိအချိန်တွင် စစ်တွေမြို့ပေါ်ရပ်ကွက်များ၌ ရေပြတ်လပ်မှုမရှိစေရေးအတွက် မြေအောက်အဝီစိရေတွင်း ၅၅ တွင်းကို တူးဖော်ကာ ပင်မရေပိုက်လိုင်းအား ရေဖြည့်သွင်းပြီး ရေဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## အုတ်ရေလှောင်ကန်များ တိုးချဲ့တည်ဆောက်ပေးနိုင်ရန် ဆောင်ရွက်

**မန္တလေး မေ ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နွေရာသီ ရေရှားပါးပြတ်လပ်သည့် ကျေးရွာများတွင် လက်ရှိဆောင်ရွက်ပေးနေသည့် တွင်းနက်၊ တွင်းတိမ်၊ လက်တူးတွင်းများနှင့် မြေသားရေလှောင်ကန်များအပြင် အုတ်ရေလှောင်ကန်များကိုပါ တိုးချဲ့တည်ဆောက်ပေးရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မန္တလေး) မှ သိရသည်။

မိုးရာသီတွင် မိုးရေကို သိုလှောင်ထားနိုင်မည့် အုတ်ရေကန်များ တည်ဆောက်ပေးနိုင်ပါက နွေရာသီသောက်သုံးရေရှားပါးမှု အခက်အခဲကို အဆင်ပြေစေရန်ရည်ရွယ်၍ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနက ရေရှားပါးတဲ့ရွာတွေမှာ တွင်းနက်တွေတူးဖော်ပြီး ရေရအောင် ဆောင်ရွက်ပေးနေပေမယ့် ထွက်လာတဲ့ရေတွေက သောက်ရေအဆင့်ကိုမရဘဲ သုံးရေအနေနဲ့ပဲ သုံးစွဲလို့ရတဲ့အတွက် သုံးရေက အခက်အခဲမရှိပါဘူး၊ ရွာတွေကို ကျွန်တော်တို့ သွားရောက်ဖြန့်ဝေပေးနေရတာက သောက်ရေအတွက်ပဲဖြစ်ပါတယ်။ လက်ရှိမှာ ရွာတွေကိုဖြန့်ဝေပေးနေရတဲ့ ရေဂါလန်က ၅၀၀၀ နဲ့ ၈၀၀၀ လောက်ရှိတဲ့အတွက် ဒီပမာဏလောက်ဆံ့တဲ့ အုတ်ရေလှောင်ကန်တွေ ဆောက်လုပ်ပေးနိုင်ရင် နွေရာသီအတွက် သောက်သုံးရေအဆင်ပြေမယ်လို့ မျှော်လင့်ပြီးတော့ အခုလို တိုးချဲ့ဆောင်ရွက်ဖို့ ပြင်ဆင်တာဖြစ်ပါတယ်။ ဒါ့အပြင် သောက်ရေလုံလောက်သွားပြီးရင်လည်း အိမ်အရောက်ပိုက်ခေါင်းဖွင့်ပြီး ရေကိုသုံးစွဲနိုင်တဲ့အထိ ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိထားသလို ၂၀၃၀ ပြည့်နှစ်မှာ ရာနှုန်းပြည့် သောက်သုံးရေရရှိစေဖို့ ရည်မှန်းဆောင်ရွက်နေပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးစိုးသန်းက ပြောသည်။

လက်ရှိတွင် ၂၀၁၉ ခုနှစ် နွေရာသီ၌ တိုင်းဒေသကြီးအတွင်းရှိ ရေရှားပါးပြတ်လပ်နိုင်သည့် ကျေးရွာ ၈၁ ရွာစာရင်းကို ကြိုတင်ခန့်မှန်းကောက်ယူထားခဲ့ပြီး ၎င်းကောက်ယူထားသည့် ကျေးရွာ ၈၁ ရွာအနက် အမှန်တကယ်ရေပြတ်လပ်သည့် ကျေးရွာများသို့ ဧပြီ ၆ ရက်မှစ၍ သောက်သုံးရေများ သွားရောက်ဖြန့်ဝေပေးလျက်ရှိရာ လက်ရှိ မေလဆန်းအထိ မြို့နယ်ရှစ်မြို့နယ်မှ ကျေးရွာပေါင်း ၄၀ တွင် ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနက နွေရာသီမရောက်ခင်ကတည်းက ရေရှားပါးပြတ်လပ်နိုင်တဲ့ ကျေးရွာတွေရဲ့စာရင်းကို ကြိုတင်ခန့်မှန်းကောက်ယူထားတဲ့အပြင် ရေပြတ်လပ်တဲ့ရွာတွေအတွက် သောက်ရေကို အနီးစပ်ဆုံးနေရာက သယ်ယူပြီး ဖြန့်ဝေဖို့အတွက် ကုန်ကျမယ့်စက်သုံးဆီတန်ဖိုးကိုလည်း ကြိုတင်စိစစ်တွက်ချက်ပြီး ရုံးချုပ်ကိုတင်ပြတောင်းခံထားပါတယ်။ အမှန်တကယ်ရေပြတ်လပ်တဲ့ရွာတွေကို သွားရောက်ဖြန့်ဝေပြီဆိုရင်တော့ သက်ဆိုင်ရာမြို့နယ်တွေက မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်တဲ့ သဘာဝကာကွယ်ရေးအဖွဲ့တွေနဲ့ ပူးပေါင်းပြီးဖြန့်ဝေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနက ရေသယ်ယူတဲ့ကားအတွက် စက်သုံးဆီဖိုးကို ကျခံပေးတာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေရှားပါးပြတ်လပ်သည့် ကျေးရွာများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၈၂၀ ကျော်ဖြင့် ကျေးရွာပေါင်း ၉၁ ရွာတွင် တွင်းနက်၊ တွင်းတိမ်၊ လက်တူးတွင်းနှင့် မြေသားရေလှောင်ကန်များ ဆောင်ရွက်သွားမည့်အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၆၃ သန်းဖြင့် ကျေးရွာပေါင်း ၄၆ ရွာတွင် မြေသားမိုးရေလှောင်ကန်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပန်းတောင်းမြို့နယ်တွင် အမှိုက်ကင်းစင်ရေးဆောင်ရွက်

**ပန်းတောင်း မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ပန်းတောင်းမြို့နယ်တွင် အမှိုက်ကင်းစင်ရေးလုပ်ငန်းအား မေ ၁၂ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"ပန်းတောင်းမြို့နယ်မှာ ရပ်ကွက်၊ ကျေးရွာအုပ်စုက ၄၉ အုပ်စုနဲ့ ကျေးရွာပေါင်း ၂၁၀ ရှိပါတယ်။ ပန်းတောင်းမြို့ပေါ်မှစပြီး အမှိုက်ကင်းစင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ကျောင်းသား ကျောင်းသူများနဲ့ ပြည်သူများက ပလတ်စတစ်များ၊ သုံးစွဲပြီးကြွပ်ကြွပ်အိတ်များ စတဲ့အမှိုက်များကောက်ပြီး ကျင်းတွင်စွန့်ပစ်ခြင်း၊ မီးရှို့ခြင်း လုပ်ငန်းများ လုပ်ဆောင်နေပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ **အောင်မြင့် (ပန်းတောင်း)**

## ဆင်လူးကျေးရွာရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ပွင့်ဖြူ မေ ၁၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆင်လူးကျေးရွာတွင် မေ ၁၁ ရက်က တိုက်ခတ်ခဲ့သည့် လေပြင်းမုန်တိုင်းအရှိန်ကြောင့် လူနေအိမ် ၈၇ လုံး အမိုးလန်ထိခိုက်ပျက်စီးမှုအတွက် လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပံ့ပိုးပေးအပ်ခြင်းကို မေ ၁၃ ရက် ညနေ ၃ နာရီခွဲက မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကျေးရွာအရောက် ကွင်းဆင်းထောက်ပံ့ပေးအပ်ခဲ့သည်။

ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်နှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဇင်နီလာဦးနှင့် ဝန်ထမ်းများက ပွင့်ဖြူမြို့နယ် ဆင်လူးကျေးရွာရှိ လေဘေးသင့်အိမ်ထောင်စု ၈၇ စုအား အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးနှင့် လူဦးရေ ၃၈၃ ဦးအတွက် လူတစ်ဦးလျှင် စားနပ်ရိက္ခာဆန်ဖိုးငွေကျပ် ၂၁၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၈၀၄၃၀၀ စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၅၄၃၃၀၀ အား လေဘေးသင့်ပြည်သူများထံ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပထမပွဲစဉ်) ကျင်းပမည်

**မော်လမြိုင် မေ ၁၄**

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့မှကြီးမှူး၍ Myanmar Zwe Mann Co.,Ltd မှ အဓိကကူညီပံ့ပိုးသည့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပထမ) ပွဲစဉ်ကို ရွှေနတ်တောင်ဂေါက်ကွင်း မော်လမြိုင်မြို့တွင် မေ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့် (အမျိုးသား) (H'cap 0-12) ဝါသနာရှင်အဆင့် (အမျိုးသမီး) (H'cap0-18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် မေ ၂၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပညာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ ဝါသနာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ဖုန်း ၀၉-၇၇၉၈၄၆၇၆၁ သို့ စာရင်းပေးသွင်းနိုင်ပါသည်။

စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်ကြေး ပေးသွင်းထားသူများသည် မေ ၂၁ ရက် ၂၂ ရက်တွင် (Official Practice Round) ကစားနိုင်မည်ဖြစ်ပြီး အမည်စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲမဝင်နိုင်ပါက ပြိုင်ပွဲမတိုင်မီ ကြိုတင်အကြောင်းကြားရန်လိုအပ်ကြောင်း သိရသည်။

အကြောင်းကြားခြင်းမရှိပါက နောက်ပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသောကစားသမားများအား ပြိုင်ပွဲအတွဲဇယားများတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ကစားသမားများအတွက် မေ ၂၀ ရက် နံနက် ၆ နာရီတွင် (၉) မိုင်ဂေါက်ကွင်း ပြည်လမ်းမှ မော်လမြိုင်မြို့သို့ Player Bus ထွက်ခွာမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

## အသက် ၁၉ နှစ်အောက် ဘတ်စကက်ဘော Semi Final ပြိုင်ပွဲများကျင်းပ



**ရန်ကုန် မေ ၁၄**

၂၀၁၉ခုနှစ် နွေရာသီ ဖိတ်ခေါ် အလွတ်တန်းနှင့် အသက် ၁၉ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ Semi Final ပြိုင်ပွဲများကို မေ ၁၃ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ်နာယက Jewellery Luck Group of Companies ဥက္ကဋ္ဌ ဦးကျော်စိန်နှင့် တာဝန်ရှိသူများက အသက် ၁၉ နှစ်အောက် အမျိုးသား Semi Final ပွဲစဉ်ဖြစ်သည့် လားရှိုးကိုးကန့်လူငယ်ဘတ်စကက်ဘောအသင်းနှင့် ကချင်ပြည်နယ် လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုအား ကြည့်ရှုအားပေးသည်။

Semi Final ပြိုင်ပွဲအပြီးတွင် မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ်နာယကက ပြိုင်ပွဲကျင်းပရေးအတွက် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်စိုး**

## တိုတိုထွာထွာဖတ်စရာ

### စာပေဝါသနာရှင်များ စာဖတ်ဝိုင်းကျင်းပ

**ပန်ဆိုင်း**

မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ စာရေးဆရာချစ်ဦးညို၏ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနှင့် ယဉ်ကျေးမှုမျက်နှာစာ စာအုပ်ဖြင့် မေ ၁၃ ရက် နံနက် ၉ နာရီခွဲတွင် စာပေဝါသနာရှင်များ စာဖတ်ဝိုင်းပြုလုပ်ခဲ့သည်။

"ဒီလိုအပြန်အလှန်ဆွေးနွေးခြင်းအားဖြင့် တစ်ယောက်တည်း စာအုပ်ဖတ်ရတာထက် အများနဲ့ ခုလို ဆွေးနွေးဖလှယ်ရခြင်းကြောင့် ဗဟုသုတတွေလည်း ပိုမိုတိုးပွားလာပါတယ်၊ ယခုလို ဆွေးနွေးရတဲ့အတွက် အစုအဖွဲ့တွေနဲ့ ဆွေးနွေးတတ်တဲ့အလေ့အကျင့်တွေလည်း ရလာပါတယ်" ဟု စာအုပ်စာပေဝါသနာရှင် ဦးရီခမ်းကပြောသည်။ **ဗန်ရိုးထန်(ပြန်/ဆက်)**

### မှူခင်းအသိပညာပေးဟောပြော

**ရန်ကုန်**

သဃ်္ဃန်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကောင်းနိုင်နှင့် တာဝန်ရှိသူများသည် မေ ၁၀ ရက် နံနက် ၉ နာရီက သဃ်္ဃန်းကျွန်းမြို့နယ် ၂၉ ရပ်ကွက် သုဝဏ္ဏစျေးဘေး၌ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **အောင်ဆန်း**

### မဲဇလီ-ကြိုးခွေ မေတ္တာပေါင်းကူးတံတားပြီးစီး

**မော်လမြိုင်ကျွန်း**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ရှိ မဲဇလီ-ကြိုးခွေ မေတ္တာပေါင်းကူးတံတားကို ရွှေရတု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်) က မတည်လှူဒါန်းငွေကျပ် ၁၂၂ သိန်း၊ မဲဇလီ-ကြိုးခွေဒေသ ပြည်သူများကပါဝင်လှူဒါန်းငွေကျပ် ၂၈ သိန်း စုစုပေါင်းကျပ် သိန်း ၁၅၀ ဖြင့် ဆောက်လုပ်ခဲ့ကြပြီး ဒေသခံပြည်သူများက လုပ်အားဒါနပြု လှူဒါန်းခဲ့ကြသည်။

ယင်းမော်လမြိုင်ကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးရွှေရတု တိပိဋက တံတားအမှတ် (၂၅) မှာ တံတားအရှည်ပေ ၁၆၀၊ တံတားအကျယ်ခြောက်ပေရှိပြီး အာရ်စီသံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ **မော်ကျွန်း-မြင့်အောင်**

### ဒေသဆိုင်ရာညှော်လမ်းညွှန်အခြေခံသင်တန်းဖွင့်

**ပဲခူး**

ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက် နံနက် ၉ နာရီက ပဲခူးမြို့ Famous Hotel ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ လေ့ကျင့်ရေးနှင့် ပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်သူနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ပဲခူး(၀၇၅)**



## ရွှေဘိုမြို့တွင် မီးငြိမ်းသတ်ယာဉ် လွှဲပြောင်းပေးအပ်

**ရွှေဘို မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် မေ ၁၃ ရက် နံနက် ၁၀ နာရီက ရွှေဘိုမြို့ အမှတ်(၁၀) ရပ်ကွက် အရန်မီးသတ်စခန်းသို့ မီးငြိမ်းသတ်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်ပွဲကို ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် ကျင်းပသည်။

ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်က အမှတ်(၁၀) ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များထံသို့ မီးငြိမ်းသတ်ယာဉ် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**

# စစ်တွေမြို့ မြေဖို့ မြေယာစီမံကိန်းရှိမြေဖို့ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



မြေဖို့မြေယာစီမံကိန်း (Sittwe Waterfront Project) အား တွေ့ရစဉ်။

**ရန်ကုန် မေ ၁၄**

ရခိုင်ပြည်နယ် စစ်တွေမြို့မြစ်ကမ်းတစ်လျှောက်ရှိ ဧက ၉၀ ခန့်ရှိသော စစ်တွေမြို့ မြေဖို့မြေယာစီမံကိန်း (Sittwe Waterfront Project) အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုရီးယားနိုင်ငံမှ BXT International ကုမ္ပဏီလီမိတက်တို့က အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခုအခါ မြေဖို့ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ အဆိုပါမြေဖို့ မြေယာစီမံကိန်းရှိ မြေကွက်များအား ပြန်လည်ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

စစ်တွေမြို့ မြေဖို့မြေယာစီမံကိန်း၌ စုပေါင်းအိမ်ရာ၊ လက်လီလက်ကားဈေးကွက်၊ အလယ်အလတ်အမြင့်ရှိသော ကွန်ဒိုမီနီယံများ၊ ဂိုဒေါင်နှင့် ပို့ဆောင်ရေးဆိုင်ရာဝန်ဆောင်မှုများ၊ ကုန်သွယ်မှုစီးပွားရေးဇုန်၊ ငါးစက်ရုံများအပါအဝင် အပန်းဖြေနေရာများပါဝင်ကြောင်း သိရသည်။

"ဒီစီမံကိန်းဟာဆိုရင် မြန်မာနိုင်ငံမှာ အကြီးမားဆုံးနဲ့ အကျယ်ပြန့်ဆုံး ဘက်စုံဖွံ့ဖြိုးတိုးတက်နေတဲ့ မြေဖို့မြေယာစီမံကိန်းတစ်ခုဖြစ်ပါတယ်။ ကုန်သွယ်မှုနဲ့ စီးပွားရေးဇုန်တွေပါဝင်တာကြောင့် မြန်မာနိုင်ငံရဲ့ အထူးစီးပွားရေးဇုန်အဖြစ် တည်ရှိလာမှာဖြစ်ပါတယ်။ အိန္ဒိယဆိပ်ကမ်းနဲ့ ဘေးချင်းကပ်တည်ရှိနေတဲ့အတွက်ကြောင့် စီးပွားရေးနဲ့ ကုန်သွယ်ရေးလုပ်ငန်းတွေအတွက် အချက်အချာကျတဲ့ နေရာတစ်ခုဖြစ်လာမှာဖြစ်ပါတယ်"ဟု iMyanmar House.com (အိုင်မြန်မာဟောက်စ်ဒွေ့ါကွန်း) ၏ မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူက ရှင်းပြသည်။

စင်ကာပူနိုင်ငံ၏ မြေဖို့ခြင်းနည်းပညာဖြင့် အသုံးပြုထားကြောင်းသိရပြီး ကွန်ကရစ်ရေတားနံရံ (Retaining Wall) များဖြင့် ထည့်သွင်းတည်ဆောက်ထားသောကြောင့် မြေသားခိုင်မာမှုရှိကာ မြေကွက်ဝယ်ယူသူပြည်သူများအတွက် ရခိုင်ပြည်နယ်အစိုးရမှ နှစ် ၃၀ ဂရန်မြေထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

စစ်တွေမြို့တွင် မြေဈေးနှုန်းတစ်စတုရန်းပေလျှင် ငွေကျပ် ၂၀၀၀၀၀ မှ ငွေကျပ် ၅၀၀၀၀၀ ထိရှိပြီး ယင်းစီမံကိန်းမှ မြေကွက်များကို တစ်စတုရန်းပေလျှင် ငွေကျပ်သောင်းဂဏန်းဈေးဖြင့် ပြည်သူများအတွက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရကာ စီမံကိန်းရှိ မြေကွက်များအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဧပြီလအတွင်း ရောင်းချခွင့်ပြုမိန့်ထုတ်ပြန်လိုက်သောကြောင့် စစ်တွေမြို့ရှိ စီမံကိန်းအရောင်းပြခန်းနှင့် ရန်ကုန်မြို့ရှိ iMyanmar House.com ၏ ရုံးခန်း၌ မေ ၁၈ ရက်နှင့် ၁၉ ရက်တွင် တစ်ပြိုင်တည်းခင်းကျင်းပြသ ရောင်းချပေးတော့မည်ဖြစ်ကြောင်းသိရသည်။

**သတင်းပွင့်သစ္စာ**
**ဓာတ်ပုံ- စိုးမြင့်အောင်**

## ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန်လိုအပ်နေ

**အင်းတော် မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် တုန်းပုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားပြီးဖြစ်သော်လည်း ကျန်းမာရေးဌာနခွဲအဖြစ် ဖွင့်လှစ်ပေးရန်လိုအပ်နေကြောင်း ဒေသခံများထံမှ သိရသည်။

"ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံနဲ့ မြေနေရာကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်က လွှဲပြောင်းထားပြီးဖြစ်ပါတယ်။ အခုထိ ဌာနခွဲဖွင့်မပေးသေးတော့ ဒေသခံတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှု မရှိဘူးဖြစ်နေပါတယ်" ဟု ကျေးလက်ကျန်းမာရေးဌာနခွဲကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝေက ပြောသည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံမှာ အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၅ ပေရှိပြီး ကျေးရွာလူထုထည့်ဝင်ငွေ စုစုပေါင်းငွေကျပ်သိန်း ၃၀၀ ခန့် အကုန်အကျခံပြီး ၂၀၁၃ ခုနှစ်ကတည်းက ရာနှုန်းပြည့်တည်ဆောက်ပြီးစီးခဲ့သော်လည်း ယနေ့တိုင် ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို မပေးနိုင်သေးကြောင်း ဒေသခံများထံမှ သိရသည်။

**ကိုမင်း(အင်းတော်)**

## မြေချဉ်ပြုပြင်သည့်ဆေးရည် အခမဲ့ဖြန့်ဝေပေးအပ်

**မင်းလှ မေ ၁၄**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ ရွှေဝါမြိုင် Community Learning centre ၌ မေ ၁၂ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းရှိ collective farm ဆောင်ရွက်သည့် တောင်သူများသို့ မြေချဉ်ပြုပြင်ဆေးရည် အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်က စိုက်ပျိုးနည်းစနစ်များ၊ ဓာတ်မြေဩဇာသုံးစွဲနည်း၊ မြေချဉ်ပြုပြင်ရာတွင် အသုံးပြုရမည့် အချိုးအစားများ နှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် Crown Company ဥက္ကဋ္ဌ ဦးသိန်းကျော်က မြေချဉ်ဆေးရည်များလှူဒါန်းပေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး မြေချဉ်ဆေးများအား ဝန်ကြီးဦးအောင်ဇော်နိုင်နှင့် Crown Company ဥက္ကဋ္ဌ ဦးသိန်းကျော်တို့က မြေအမျိုးအစားအလိုက် ဧက ၁၆၀၀ စာ မြေချဉ်ဆေးရည် လီတာ ၃၈၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။ **ကိုလွင်(ဆွာ)**

## မိတ္ထီလာမြို့နယ်ရှိ ရတနာထွန်းတံတား နိမ့်ဆင်းကျုံ့ကျ၍ အန္တရာယ်ရှိနေ



**မိတ္ထီလာ မေ ၁၄**

လွန်ခဲ့သည့်တစ်နှစ်ကျော်ခန့်က မုန်တိုင်းချောင်းရေတိုက်စားမှုကြောင့် မြေအောက်သို့ နိမ့်ဆင်းကျုံ့ကျနေသည့် အန္တရာယ်ရှိသောချောင်းကူးတံတားပေါ်မှ မိတ္ထီလာမြို့နယ် မွေကျေးရွာဒေသခံများ နေ့စဉ်ဖြတ်သန်းသွားလာနေရပြီး အဆိုပါချောင်းကူးတံတားအား ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"မုန်တိုင်းချောင်းရေတိုက်စားမှုကြောင့် တံတားအလယ်က ဘိုးပိုင်ကြီးတစ်ခု ချောင်းရေနဲ့မျောပါသွားပြီး တံတားအခုလို မြေအောက်ကို ခါးပိုင်းနိမ့်ကျသွားတယ်။ တံတားမှာရှိတဲ့ လက်ရန်းတိုင်နှစ်ဖက်လည်း အက်ကွဲပျက်စီးမှုတွေရှိနေတယ်။ ဒါကြောင့် ဒီအန္တရာယ်ရှိတဲ့ ကျေးရွာချောင်းကူးတံတားပေါ်ကနေပဲ မွေကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ထန်းတော၊ ဉယျာဉ်၊ မကျီးပင်တဲ၊ မွေ စတဲ့ကျေးရွာတွေက ဒေသခံတွေ နေ့စဉ်ဖြတ်သန်းသွားလာနေရတယ်။ မိုးမကျမီ တံတားကို ပြုပြင်ဆောက်လုပ်မှုမရှိဘူးဆိုရင် မိုးတွင်းကာလ ချောင်းရေစီးဆင်းမှုရှိတဲ့အချိန်နဲ့ မိုးများလို့ ချောင်းရေများတဲ့အချိန်ဆို တံတားပေါ်က ဖြတ်သန်းသွားလို့ရမှာမဟုတ်ပါဘူး" ဟု မွေကျေးရွာဒေသခံ ကိုကျော်ဇောက ပြောသည်။

အဆိုပါချောင်းကူးတံတားမှာ ရတနာထွန်းတံတားဖြစ်ပြီး အရှည်ပေ ၁၈၀၊ အကျယ် ၁၂ ပေရှိ သံကူကွန်ကရစ်တံတားဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့နိုင်ပါသည်။**

မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်း
(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်      )
၁၃၈၁ ခုနှစ်၊      လ၊      ရက်
(၂၀၁၉ ခုနှစ်၊      လ၊      ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဘူမိသိပ္ပံပညာ** ဆိုသည်မှာ ကမ္ဘာဂြိုဟ်နှင့်သက်ဆိုင်သော ဖြစ်ပေါ်လာခြင်း၊ ဖွဲ့စည်းထားခြင်း၊ အချိန်နှင့်အညီ ပြောင်းလဲဖြစ်ပေါ်နေခြင်းနှင့် လှုပ်ရှားခဲ့မှုများ၊ နေထိုင်ခဲ့သော သက်ရှိများ၊ မျက်နှာပြင် အသွင်အပြင်အစရှိသည့် ကမ္ဘာဂြိုဟ်နှင့် သက်ဆိုင်သည်များကို လေ့လာသောပညာရပ်ဖြစ်ပြီး ၎င်းလေ့လာမှုမှ တွေ့ရှိချက်များကို အခြေခံ၍ ပိုမိုသိရှိနားလည်ရန် ဆက်လက်လေ့လာခြင်းနှင့် ရရှိလာသော အသိပညာများကိုအသုံးပြုကာ လူသားအရင်းအမြစ်များအတွက် သဘာဝသယံဇာတများ ဖော်ထုတ်ခြင်း၊ စက်မှုကုန်ကြမ်းများ ရှာဖွေဖော်ထုတ်ခြင်း၊ ရေအရင်းအမြစ်များ ထိန်းသိမ်းစီမံခန့်ခွဲခြင်းနှင့် အဆောက်အအုံများ၏ ခိုင်ခံ့မှုများအတွက် ဘူမိအင်ဂျင်နီယာဆိုင်ရာ လေ့လာတွက်ချက်ခြင်းစသည့် အသိဉာဏ်နှင့်ယှဉ်၍ အသုံးချရသော သိပ္ပံပညာရပ်ကို ဆိုလိုသည်။

(ခ) **အသုံးချဘူမိသိပ္ပံအထူးပြုပညာရပ်** ဆိုသည်မှာ ဘူမိဗေဒပညာရပ်ကို အခြေခံပြီး အခြားသောသိပ္ပံပညာရပ်များနှင့် ပေါင်းစပ်၍ လူသားတို့ အကျိုးအတွက် သတ္တုနှင့်တွင်းထွက်သယံဇာတများ၊ စက်မှုကုန်ကြမ်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း၊ စီးပွားဖြစ် မြေအောက်ရေတူးဖော်ခြင်း၊ ပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ် ဘူမိဆိုင်ရာ လေ့လာစစ်ဆေး အကြံပေးခြင်း၊ အဆောက်အအုံ၊ လမ်းတံတားနှင့် ဆည်မြောင်းတာတမံများ တည်ဆောက်ရာတွင် မြေသားခံနိုင်ဝန်အား စမ်းသပ်တိုင်းတာခြင်းစသည့် လုပ်ငန်းများတွင် အသုံးပြုသော လက်တွေ့အသုံးချ ဘူမိသိပ္ပံဆိုင်ရာပညာရပ်များကို ဆိုသည်။

(ဂ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်း တာဝန်များကို တာဝန်ခံဆောင်ရွက်ရမည့် ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာနများ** ဆိုသည်မှာ ဘူမိသိပ္ပံပညာရှင်များအား ခန့်အပ်တာဝန်ပေးအပ်မည့် ပြည်ထောင်စုအစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနများကို ဆိုသည်။

(င) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီကို ဆိုသည်။

(စ) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဝင် တစ်ဦးဦးကို ဆိုသည်။

(ဆ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(ဇ) **အလုပ်အမှုဆောင်အဖွဲ့ဝင်** ဆိုသည်မှာ မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးဦးကို ဆိုသည်။

(ဈ) **ဘူမိသိပ္ပံပညာရှင်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးရရှိသူကို ဆိုသည်။

(ည) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်အလုပ်သင်ဘူမိသိပ္ပံပညာရှင်၊ မှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ နိုင်ငံခြားသားမှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ နိုင်ငံခြားသားမှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်တို့ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံပညာရပ်များ စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ဘူမိသိပ္ပံပညာရှင်များ၏ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းကြပ်မတ်မြှင့်တင်ရန်၊

(ဂ) နိုင်ငံတော်၏သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် မြေအောက်ရေရှာဖွေရေးကဏ္ဍများတွင် ခေတ်မီဘူမိသိပ္ပံပညာရပ်များကို ထိရောက်မှန်ကန်စွာ စနစ်တကျ အသုံးချလာစေခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊

(ဃ) ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ငန်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ ကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(င) နိုင်ငံတကာအဆင့်မီ ဘူမိသိပ္ပံပညာရှင်များ ပေါ်ထွန်းလာစေရန်နှင့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းလာစေရန်၊

(စ) နိုင်ငံတကာအဆင့်မီ ဘူမိသိပ္ပံပညာရပ်သင်တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် သုတေသနဌာနများ ထူထောင်ဖွင့်လှစ်နိုင်ရန်၊

(ဆ) နိုင်ငံတကာရှိ အလားတူ အုပ်ချုပ်မှုအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ပညာရှင်များအား အပြန်အလှန် အသိအမှတ်ပြုမှု ရယူနိုင်ရန်။

## အခန်း(၃)
## ကောင်စီဖွဲ့စည်းခြင်း

၄။ တာဝန်ခံဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များပါဝင်သည့် ၇ ဦး ထက်မပိုသော မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ၏ နာယကအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၅။ ကောင်စီ၏နာယကအဖွဲ့သည် အဖွဲ့ဝင် ၅၅ ဦးပါဝင်သော မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီကို သတ်မှတ်ချက်များနှင့်အညီ ပုဒ်မခွဲ (က) နှင့် (ခ) ပါ အဖွဲ့အစည်းမှ ၁၅ ဦးစီနှင့် ပုဒ်မခွဲ (ဂ) ပါ အဖွဲ့အစည်းမှ ၂၅ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည်-

(က) တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သင့်လျော်သည့် ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်များ၊

(ခ) ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ ပါမောက္ခအဆင့်ထက်မနိမ့်သော တာဝန်ရှိသူများ၊

(ဂ) အစိုးရမဟုတ်သော ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များနှင့် လုပ်ငန်းအဖွဲ့အစည်းများက အဆိုပြုသော ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်များ။

၆။ ကောင်စီနှင့် ကောင်စီဝင်များ၏ သက်တမ်းသည် အောက်ပါအတိုင်း ဖြစ်သည်-

(က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ၅ နှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်းတစ်ကြိမ်သာ ထမ်းဆောင်ခွင့်ရှိသည်။

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်အဖြစ် ကောင်စီသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိသည်။

(င) ကောင်စီဝင်တစ်ဦး၏ နေရာလစ်လပ်သည့်အခါ သတ်မှတ်နည်းလမ်းနှင့်အညီ ဖြည့်စွက်ခန့်ထားရမည်။ ထိုသို့ ဖြည့်စွက်ခန့်ထားသော သက်တမ်းကို ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ သက်တမ်း တစ်ခုအဖြစ် သတ်မှတ်ခြင်းမရှိစေရ။

(စ) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ပုဒ်မ ၅ အရ အသစ်ဖွဲ့စည်းသည့် ကောင်စီသို့ ရက်ပေါင်း ၃၀ အတွင်း လုပ်ငန်းတာဝန် လွှဲပြောင်းပြီးသည်အထိ တာဝန်ထမ်းဆောင်ရမည်။

## အခန်း(၄)
## အလုပ်အမှုဆောင်အဖွဲ့နှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးခြင်း

၇။ ကောင်စီ၏နာယကအဖွဲ့သည် အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးတို့ကို ပုဒ်မ ၁၁ ပါ အရည်အချင်းများနှင့်အညီ ကောင်စီဝင်များထဲမှ ရွေးချယ်ခန့်အပ် တာဝန်ပေးရမည်။ ကျန်ကောင်စီဝင်များက ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ရှစ်ဦးတို့ကို သတ်မှတ်ချက်များနှင့်အညီ မိမိတို့အနက်မှ ရွေးကောက်တင်မြှောက်၍ တာဝန်ပေးအပ်ရမည်။

၈။ ကောင်စီသည် မိမိ၏ကိုယ်စား ဤဥပဒေနှင့်အညီ ကောင်စီ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အလို့ငှာ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | |
|---|---|
| (က) ဘူမိသိပ္ပံကောင်စီ၏ ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) ဘူမိသိပ္ပံကောင်စီ၏ဒုတိယဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌများ |
| (ဂ) ဘူမိသိပ္ပံကောင်စီ အတွင်းရေးမှူး | အတွင်းရေးမှူး |
| (ဃ) ဘူမိသိပ္ပံကောင်စီ၏ တွဲဖက်အတွင်းရေးမှူး | တွဲဖက် အတွင်းရေးမှူးများ |
| (င) ဘူမိသိပ္ပံကောင်စီ၏ ဘဏ္ဍာရေးမှူး | ဘဏ္ဍာရေးမှူး |
| (စ) ဘူမိသိပ္ပံကောင်စီ၏ အလုပ်အမှုဆောင်(၈)ဦး | အဖွဲ့ဝင် |

၉။ ကောင်စီ၏ သက်တမ်းအတွင်း အလုပ်အမှုဆောင်အဖွဲ့ဝင် လစ်လပ်မှုရှိပါက အနီးကပ်ဆုံးကျင်းပသည့် ကောင်စီအစည်းအဝေးတွင် အစားထိုးရွေးချယ်တာဝန်ပေးရမည်။

၁၀။ အလုပ်အမှုဆောင်အဖွဲ့သည်-

(က) ကောင်စီကို တာဝန်ခံရမည်။

(ခ) ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) မိမိ၏ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံးကျင်းပသည့် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ဃ) အလုပ်အမှုဆောင်အဖွဲ့၏ ပုံမှန်နှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ခေါ်ယူကျင်းပရမည်။

၁၁။ အလုပ်အမှုဆောင်အဖွဲ့၏ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကောင်စီ၏ လုပ်ငန်းတာဝန်များကို အချိန်ပြည့်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဂ) ကောင်စီ၏ လုပ်ငန်းတာဝန်များကို စိတ်ဝင်စားမှုရှိပြီး ဦးဆောင်စီမံခန့်ခွဲနိုင်သူ ဖြစ်ရမည်။

(ဃ) ဘူမိသိပ္ပံပညာရပ်ဆိုင်ရာလုပ်ငန်းများကို နှံ့စပ်ကျွမ်းကျင်၍ လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။

(င) ပြည်တွင်းပြည်ပရှိ အစိုးရအသိအမှတ်ပြု တက္ကသိုလ်ကောလိပ် တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာဘွဲ့ ရရှိသူ ဖြစ်ရမည်။

၁၂။ ကောင်စီသည် မိမိ၏လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် အောက်ပါလုပ်ငန်းကော်မတီများကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်-

(က) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၊

(ခ) ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

(ဂ) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံပညာရပ်များ စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊

(ဃ) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံနှုန်းများ စိစစ်ရေးလုပ်ငန်း ကော်မတီ၊

(င) ကျင့်ထုံးများ ပြုစုရေးဆွဲပြဋ္ဌာန်းရေးလုပ်ငန်းကော်မတီ၊

(စ) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံပညာရပ်ဆိုင်ရာလုပ်ငန်းများ အရည်အသွေး စစ်ဆေးအသိအမှတ်ပြုရေး လုပ်ငန်း ကော်မတီ၊

(ဆ) ခေတ်မီဘူမိသိပ္ပံပညာရပ်များနှင့် အသုံးချဘူမိသိပ္ပံပညာရပ်များ သင်ကြားရေးနှင့် သုတေသနပြုရေးလုပ်ငန်းကော်မတီ၊

(ဇ) အခြားလိုအပ်သောလုပ်ငန်းကော်မတီများ။

၁၃။ ကောင်စီသည် လုပ်ငန်းကော်မတီများကို ကောင်စီဝင်များနှင့် ပြင်ပမှ သင့်လျော်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးရမည်။

၁၄။ လုပ်ငန်းကော်မတီများသည် အလုပ်အမှုဆောင်အဖွဲ့မှတစ်ဆင့် ကောင်စီကို တာဝန်ခံရမည်။

## အခန်း(၅)
## ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၅။ ကောင်စီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းပြည်ပရှိ ပုဂ္ဂလိကတက္ကသိုလ်နှင့် ကောလိပ်တစ်ခုခုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို အသိအမှတ်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ် အမျိုးအစားအလိုက် လိုအပ်သည့်အရည်အချင်းများ သတ်မှတ်ခြင်း၊ သတ်မှတ်သည့် အရည်အချင်းပြည့်မီရေးအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ကျွမ်းကျင်မှုနှင့် အရည်အချင်းစစ်ဆေးခြင်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ် အမျိုးအစားအလိုက် လုပ်ကိုင်ခွင့်ပြုသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ လုပ်ငန်းများသတ်မှတ်ခြင်း၊ လိုက်နာရမည့် တာဝန်နှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

# တစ်ပတ်အတွင်းအားကစားသတင်းများ

နိုင်လင်းကြည်

## ယူရိုပါလိဂ်ဗိုလ်လုပွဲမှာ ကွင်းလယ်ဒိုင်အဖြစ် ဂီယန်လူကာရော့ချီကိုင်တွယ်မည်

အာဆင်နယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲကို ကွင်းလယ်ဒိုင်အဖြစ် ဂီယန်လူကာရော့ချီက တာဝန်ယူကိုင်တွယ်မှာဖြစ်ပြီး ဂီယန်လူကာရော့ချီကို ယူအီးအက်ဖ်အေက ရွေးချယ်ခဲ့တာလည်းဖြစ်ပါတယ်။ ရော့ချီဟာ ရုရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ကွင်းလယ်ဒိုင်အဖြစ်ရွေးချယ်ခဲ့ပြီး စပိန်နဲ့ ပေါ်တူဂီ တစ်ဖက်သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တဲ့ ပွဲစဉ်အပါအဝင် သုံးပွဲတာဝန်ယူကိုင်တွယ်ခဲ့ရတာဖြစ်ပါတယ်။ ရော့ချီဟာ နိုင်ငံတကာပွဲစဉ်တွေမှာ ကွင်းလယ်ဒိုင်အဖြစ် ၂၀၀၈ ခုနှစ်ကတည်းက စတင်ကိုင်တွယ်ခဲ့တာဖြစ်ပြီး အခုနှစ် ဘောလုံးရာသီမှာလည်း ချန်ပီယံလိဂ်ပွဲစဉ်ခြောက်ပွဲအထိ တာဝန်ယူခဲ့ပါတယ်။ ယူရိုပါလိဂ်ပြိုင်ပွဲမှာ နောက်ဆုံးတာဝန်ယူကိုင်တွယ်ခဲ့တာကတော့ ၂၀၁၇ ခုနှစ်က အေဂျက်အသင်းကို မန်ယူအသင်းက အနိုင်ရခဲ့တဲ့ပွဲဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်ကလည်း ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့မှာ ဖူလ်ဟမ်အသင်းကို အက်သလက်တီကိုမက်ဒရစ်အသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာလည်း တာဝန်ယူကိုင်တွယ်ခဲ့ပါတယ်။ ဒီနှစ် ယူရိုပါလိဂ်ဗိုလ်လုပွဲမှာ အင်္ဂလန်နှစ်သင်းတွေ့ဆုံနေပြီး အာဆင်နယ်အသင်းက ဗလင်စီယာအသင်းကို ဆီမီးဖိုင်နယ်မှာ နှစ်ကျော့ပေါင်းရလဒ် ခုနစ်ဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပြီး ချယ်လ်ဆီးအသင်းကတော့ ဖရန့်ဖက်အသင်းကို ခက်ခက်ခဲခဲကစားခဲ့ရကာ ပင်နယ်တီအဆုံးအဖြတ်မှာ အနိုင်ရရှိခဲ့တာကြောင့် ဗိုလ်လုပွဲတက်ခဲ့တာဖြစ်ပါတယ်။ ဂီယန်လူကာရော့ချီဟာ အီတလီစီးရီးအေပွဲစဉ်တွေမှာ တာဝန်ယူကိုင်တွယ်နေတဲ့ ဒိုင်လူကြီးဖြစ်ပြီး အဇာဘိုင်ဂျန် ဘာကူးမြို့တွင် မေ ၂၉ ရက်မှာ ကျင်းပမယ့် ယူရိုပါလိဂ် ဗိုလ်လုပွဲကိုတော့ ဗီဒီယိုပြကွက်သုံးသပ်မှုအတွေ့အကြုံရင့်ကျက်သူ အီရက်တီနဲ့ တွဲဖက်တာဝန်ယူရမှာဖြစ်ပါတယ်။ အခု ယူရိုပါလိဂ်ဗိုလ်လုပွဲကတော့ ဗီဒီယိုအထောက်အကူပြု ဒိုင်လူကြီးအသုံးပြုတဲ့ ပထမဆုံးသော ယူရိုပါလိဂ်ပွဲစဉ်လည်း ဖြစ်ပါတယ်။





## မျက်နှာသစ်ကစားသမားလေးဦးကို ပေါင်သန်း ၂၀၀ သုံးစွဲမယ့်မန်စီးတီး

မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာဟာ ပရီမီယာလိဂ်မှာ မန်စီးတီးအသင်းက ထိပ်တန်းအဆင့်ရှိအသင်းဆိုတဲ့ ဂုဏ်သတင်းကို ထိန်းသိမ်းဖို့အတွက် မျက်နှာသစ်ကစားသမားလေးဦးအထိ ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး အဲဒီကစားသမားလေးဦးအတွက် ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀၀ သုံးစွဲသွားမယ်လို့လည်း ဆိုပါတယ်။ ဂွာဒီယိုလာအနေနဲ့ လတ်တလောမှာခေါ်ယူဖို့ စီစဉ်နေတာကတော့ နောက်တန်းကစားသမားတစ်ဦး၊ ကွင်းလယ်ကစားသမား နှစ်ဦးနဲ့ တိုက်စစ်ကစားသမားတစ်ဦးတို့ပဲဖြစ်ပါတယ်။ အသက် ၃၄ နှစ်ရှိပြီဖြစ်တဲ့ ဖာနန်ဒင်ဟိုရဲ့နေရာမှာ အစားထိုးဖို့ အက်သလက်တီကို မက်ဒရစ်ကွင်းလယ်ကစားသမား ရှိုဒရီအား ပစ်မှတ်ထားနေပြီး အက်သလက်တီကိုမက်ဒရစ်က ရှိုဒရီရဲ့အပြောင်းအရွှေ့ကို ပေါင်သန်း ၆၀ သတ်မှတ်ထားပါတယ်။ မန်စီးတီးအသင်းဟာ တိုက်စစ်ပိုင်းအတွက် ဖရန့်ဖက်တိုက်စစ်မှူး လူကာဂျိုဗစ်ကို စောင့်ကြည့်နေသလို ဘင်ဖီကာကွင်းလယ်ကစားသမား ဂျိုယာအိုဖီလစ်ကိုလည်း ပစ်မှတ်ထားနေပါတယ်။ လူကာဂျိုဗစ်ကတော့ ရီးယဲလ်မက်ဒရစ်အပါအဝင် ထိပ်တန်းအသင်းတွေအတော်များများက ခေါ်ယူဖို့စောင့်ကြည့်နေတာကြောင့် ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ ပေးရဖို့ရှိနေပါတယ်။ ဒါ့အပြင် မန်စီးတီးအသင်းက အေဂျက်နောက်တန်းကစားသမား ဒီလစ်ကိုလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး ဘာစီလိုနာအသင်းကလည်း ဒီလစ်ကိုခေါ်ယူဖို့ ပြင်ဆင်နေပါတယ်။ မန်စီးတီးအသင်းဟာ အော့တမန်ဒီ၊ ဖေဘီယန်ဒဲလ်၊ မန်ဂါလာ စတဲ့ကစားသမားတွေကို ဆုံးရှုံးရဖွယ်ရှိနေတာမို့ နည်းပြဂွာဒီယိုလာအနေနဲ့ မျက်နှာသစ်ကစားသမားလေးဦးအထိ ခေါ်ယူဖို့ ဆုံးဖြတ်ထားတာဖြစ်ပါတယ်။



## ပရီမီယာလိဂ်တစ်ရာသီ အကောင်းဆုံးကစားသမားဆု ဗန်ဒိုက်ဆွတ်ခူး

လီဗာပူးအသင်းနောက်တန်းကစားသမား ဗန်ဒိုက်ဟာ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်တစ်ရာသီအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဗန်ဒိုက်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်းက ဆောက်သမ်တန်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းနဲ့ လီဗာပူးအသင်း ခေါ်ယူခဲ့တာဖြစ်ပြီး ဗန်ဒိုက်ရဲ့ ခံစစ်ပိုင်းခြေစွမ်းကောင်းမွန်မှုနဲ့အတူ လီဗာပူးအသင်းဟာ ၂၉ နှစ်တာ ကာလအတွင်း ပရီမီယာလိဂ်ဖလားရရှိမယ့် အခြေအနေအထိ တိုးတက်ခဲ့ပါတယ်။ အသက် ၂၇ နှစ် အရွယ်ရှိပြီဖြစ်တဲ့ ဗန်ဒိုက်ဟာ စတာလင်၊ ဟာဇက်နဲ့ လီဗာပူးအသင်းကစားဖော်တွေဖြစ်တဲ့ မိုဟာမက်ဆာလာ၊ ဆာဒီယိုမာနေးတို့ကို ကျော်ဖြတ်ပြီး ပရီမီယာလိဂ်တစ်ရာသီ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီဆုကို အရင်က စီရိုနယ်လ်ဒို၊ ဂါရတ် ဘေးလ်၊ ရွန်းနီ၊ ဟင်နရီတို့လို ကစားသမားတွေပဲ ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် လီဗာပူးအသင်းမှာ မိုဟာမက်ဆာလာပြီးရင် ဗန်ဒိုက်ဟာ ဒုတိယအောင်မြင်မှုအရှိဆုံး ကစားသမားလည်းဖြစ်လာခဲ့ပါတယ်။ ဗန်ဒိုက်ဟာ အခုရာသီမှာ လီဗာပူးအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် ၃၇ ပွဲအထိ ပါဝင်ကစားပေးခဲ့ရပြီး အဲဒီပွဲစဉ်တွေမှာ ပွဲ ၂၀ အထိ ဂိုးမပေးရအောင် စွမ်းဆောင်ပေးခဲ့ပြီး သွင်းဂိုးလေးဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။


## ပရီမီယာလိဂ်မှာ အဆင့် ၁၇ နေရာမှာ ရပ်တည်ခဲ့လို့ နည်းပြခရစ်ဟုဂျ်တန်ကို ဘရိုက်တန်အသင်းထုတ်ပယ်

ဘရိုက်တန်အသင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲပြီးဆုံးချိန်မှာ အဆင့်၁၇ နေရာမှာသာ ရပ်တည်ခဲ့တာကြောင့် အသင်းနည်းပြ ခရစ်ဟုဂျ်တန်ကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။ နည်းပြ ခရစ်ဟုဂျ်တန်ဟာ ဘရိုက်တန်အသင်းနည်းပြအဖြစ် ကိုင်တွယ်ခဲ့ရာမှာ နောက်ဆုံးကစားခဲ့တဲ့ ၂၃ ပွဲမှာ သုံးပွဲပဲ အနိုင်ရခဲ့သလို နောက်ဆုံးကိုးပွဲဆက်တိုက်နိုင်ပွဲပျောက်ခဲ့ရတာဖြစ်ပါတယ်။ နည်းပြခရစ်ဟုဂျ်တန်ဟာ ၂၀၁၄ ခုနှစ်မှာ ဘရိုက်တန်အသင်းနည်းပြဖြစ်လာခဲ့ပြီး ၂၀၁၇ ခုနှစ်မှာ ဘရိုက်တန်အသင်းကို ချန်ပီယံရှစ်ကနေ ပရီမီယာလိဂ်ကို တန်းတက်အောင်စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ ပရီမီယာလိဂ်ကို တန်းတက်လာခဲ့တဲ့ပထမရာသီ မှာ အဆင့် ၁၅ နေရာမှာ ရပ်တည်အောင်စွမ်းဆောင်ပေးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

အခုရာသီမှာတော့ အဆင့် ၁၇ မှာပဲ ရပ်တည်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဘရိုက်တန်အသင်းက ခရစ်ဟုဂျ်တန်ကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့တာဖြစ်ပြီး ခရစ်ဟုဂျ်တန်ရဲ့နေရာမှာ ဆွမ်ဆီးအသင်းနည်းပြ ဂရေဟမ်ပေါ့တာကို အစားထိုးခန့်အပ်မယ်လို့ ရေပန်းစားနေပါတယ်။ ဘရိုက်တန်အသင်းက ခရစ်ဟုဂျ်တန်ကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့တာကြောင့် အခုနှစ် ဘောလုံးရာသီမှာ ထုတ်ပယ်ခံရတဲ့ ခုနစ်ဦးမြောက် ပရီမီယာလိဂ်နည်းပြလည်းဖြစ်လာခဲ့ပါတယ်။



## ချန်ပီယံလိဂ်ဗိုလ်လုပွဲပြီး ငါးရက်အကြာတွင် လီဗာပူးနဲ့ စပါးမှ အင်္ဂလန်ကစားသမားတွေ နေးရှင်းလိဂ်ကစားရမည်



အင်္ဂလန်အသင်းဟာ ယူအီးအက်ဖ်အေ နေးရှင်းလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် နယ်သာလန်အသင်းနဲ့ ကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်အတွက် အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်က လီဗာပူးနဲ့ စပါးက အင်္ဂလန်ကစားသမားတွေကို အသုံးပြုသွားဖို့ ရှိနေတာကြောင့် မက်ဒရစ်မြို့မှာ ကျင်းပမယ့် ချန်ပီယံလိဂ်ဗိုလ်လုပွဲပြီး ငါးရက်အကြာမှာ လီဗာပူးအသင်းနဲ့ စပါးအသင်းက အင်္ဂလန်ကစားသမားတွေဟာ နေးရှင်းလိဂ်ကို ပါဝင်ကစားရဦးမှာဖြစ်တယ်လို့ သိရပါတယ်။ အင်္ဂလန်အသင်းနဲ့ နယ်သာလန်အသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ပွဲစဉ်မတိုင်မီ ငါးရက်အလိုဖြစ်တဲ့ ဇွန် ၁ ရက်မှာ အင်္ဂလန်အသင်းမှာ ပါဝင်လာမယ့်လီဗာပူးအသင်းနဲ့ စပါးအအသင်းက အင်္ဂလန်ကစားသမားတွေဟာ ချန်ပီယံလိဂ်ကစားရဦးမှာဖြစ်ပါတယ်။ နည်းပြဆောက်ဂိတ်က အဲဒီပွဲစဉ်အတွက် ပြင်ဆင်တဲ့အနေနဲ့ ဇွန် ၃ ရက်မှာ အင်္ဂလန်အသင်းက ကစားသမားတွေကို လေ့ကျင့်ပြင်ဆင်မယ်လို့ဆိုပါတယ်။ ဆောက်ဂိတ်ရဲ့အစီအစဉ်ထဲမှာ စပါးကစားသမားနှစ်ဦးဖြစ်တဲ့ ဒန်နီရိုစ်နဲ့ ထရစ်ပီယာတို့လည်း ပါဝင်ပါတယ်။ နည်းပြ ဆောက်ဂိတ်အနေနဲ့ အင်္ဂလန်အသင်းအတွက် ခေါ်ယူမယ့်ကစားသမားတွေကတော့ စပါးအသင်းက ဒန်နီရိုစ်၊ ထရစ်ပီယာ၊ ဟယ်ရီဝင့်ခ်၊ ဟယ်ရီကိန်း၊ အဲရစ်ဒိုင်ယာ၊ ဒီလီအလီတို့ဖြစ်ပြီး လီဗာပူးအသင်းက ဟန်ဒါဆန်၊ လယ်လာနာ၊ ချန်ဘာလိန်း၊ အလက်ဇန္ဒားအာနိုးတို့ပဲဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းက လော့ဖ်တက်ချိန်နဲ့ ရိုစ်ဘာကလေတို့ဟာလည်း မေ ၂၉ ရက်မှာ ယူရိုပါလိဂ်ကစားရမှာဖြစ်ပြီး အဲဒီကစားသမားနှစ်ဦးကိုလည်း နေးရှင်းလိဂ်အတွက် ရွေးချယ်သွားဖို့ရှိနေတယ်လို့ သိရပါတယ်။

# ပဲခူးမြို့တွင် သုတစုံလင်ဉာဏ်ကြီးရှင်ပြိုင်ပွဲကြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကျင်းပ

**ပဲခူး မေ ၁၄**

ပဲခူးမြို့ သန္တိသုခ ဗုဒ္ဓဝေယျာဝစ္စနှင့် သာသနာပြုအသင်းကြီးမှ ဦးစီးကျင်းပသော ၂၀၁၉ သုတစုံလင်ဉာဏ်ကြီးရှင်ပြိုင်ပွဲကြီးကို မေ ၁၄ ရက် နံနက် ၈ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး သုတစုံလင်ဉာဏ်ကြီးရှင်ပြိုင်ပွဲကို ပဲခူးမြို့တွင် ဒုတိယအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယနေ့ ပထမအသုတ်ဖြေဆိုသူ ၂၀ အနက် ၁၈ ဦး လာရောက်ဖြေဆိုခဲ့သည်။

အဆိုပါပြိုင်ပွဲကြီးကို ဘာသာရပ်ငါးမျိုးဖြစ်သော ဗုဒ္ဓဘာသာဆိုင်ရာအသိပညာများ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ အထွေထွေဗဟုသုတများ၊ ငြိမ်းချမ်းရေး၊ English 4skills တို့ ဖြေကြားရမှာဖြစ်ပြီး မေ ၁၄ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်ကာ ပထမဆုငွေကျပ် ၁၀၀၀၀၀၀၊ ဒုတိယဆုငွေကျပ် ၇၀၀၀၀၀၊ တတိယဆုငွေကျပ် ၅၀၀၀၀၀၊ Talent ဆုငွေကျပ် ၂၀၀၀၀၀၊ နှစ်သိမ့်ဆုငွေကျပ် ၁၀၀၀၀၀ ခုနစ်ဆုတို့ အသီးသီးချီးမြှင့်ပေးသွားမည်ဖြစ်သည်။

သုတစုံလင်ဉာဏ်ကြီးရှင်ပြိုင်ပွဲကြီးကို ကလေးငယ်များ ပညာရည်ပြည့်ဝစေရန်နှင့် လိမ္မာရေးခြားရှိစေရန်၊ နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမှတစ်ဆင့် အခြားပညာရပ်များအား လွယ်လင့်တကူ လေ့လာဆည်းပူးနိုင်စေရန်၊ အနာဂတ်တွင် စည်းကမ်းပြည့်ဝသော နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာစေရန်၊ ငြိမ်းချမ်းရေး၏ အခြေခံသဘောတရားများကို သိရှိနားလည်ပြီး ငြိမ်းချမ်းရေးကို အလေးထား တန်ဖိုးထားဖော်ဆောင်တတ်သူများ ဖြစ်လာစေရန်၊ ဗဟုသုတပြည့်စုံပြီး တွေးခေါ်မြော်မြင်တတ်သော အနာဂတ်တိုင်းပြည်အကျိုးပြု နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ဖြစ်ကြောင်း၊ ကျောင်းသူ ကျောင်းသားများ အနေဖြင့် မိမိကျောင်း၊ မြို့နယ်၏ ဂုဏ်သိက္ခာကို မြှင့်တင်သောအားဖြင့် ကာယဗလ၊ ဉာဏဗလဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းများဖြင့် အစွမ်းကုန်ကြိုးစားအားထုတ်ကြရန်၊ သင်ကြားပေးသော ဘာသာရပ်များကို စနစ်တကျ လေ့လာသင်ကြားပြီး ကြိုးစားဖြေဆိုနိုင်ကြရန် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ပြောသည်။



**ဟိန်းထက်(ပဲခူး)**

# ကယားပြည်နယ် ကျန်းမာရေးစီမံကိန်း (၂၀၁၉-၂၀၂၀) စာအုပ် အသိပေးမိတ်ဆက်

**လွိုင်ကော် မေ ၁၄**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ ကယားပြည်နယ်ကျန်းမာရေးစီမံကိန်း (၂၀၁၉-၂၀၂၀) စာအုပ်အသိပေးမိတ်ဆက်ခြင်းအခမ်းအနားကို မေ ၁၄ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဒေါက်တာအောင်ကျော်ဌေးက ပြည်နယ်အတွင်း ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများကို တိုးတက်မြင့်မားအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် မြို့ပြနှင့် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုမှာ ကြီးမားသည့် ကွာဟမှုမရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက်လည်း ကျန်းမာရေးဌာနအဆောက်အအုံများ၊ ဝန်ထမ်းအင်အား၊ ဆေးနှင့်ဆေးပစ္စည်းများပြည့်စုံရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ စီမံချက်များကို ရေးဆွဲဆောင်ရွက်သည့်နေရာမှာ အခြေခံအဆောက်အအုံ၊ ဘဏ္ဍာငွေတို့ကို အခြေခံပြီး ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ စီမံကိန်းမှ ချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဦးတည်ချက်များကို ပြည့်မီအောင် အချိန်ဇယားဖြင့် ကာလအပိုင်းအလိုက် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ လုပ်ငန်းများအချိန်ကာလအလိုက် ပြီးစီးမှုရှိ၊ မရှိ၊ ချမှတ်ထားသော ဦးတည်ချက်များပြည့်မီခြင်း ရှိ၊ မရှိကို ကြီးကြပ်စောင့်ကြည့်ရန်အတွက် ကြီးကြပ်ကွပ်ကဲမည့်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျန်းမာရေးစီမံကိန်းများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပီပြင်အောင်ရေးဆွဲပြီး အားသာချက်၊ အားနည်းချက်များကို နှစ်စဉ်သုံးသပ်၍ ပြည်နယ်သူ ပြည်နယ်သားများ၏ အကျိုးအတွက် ဆောင်ရွက်ကြရန်၊ စီမံကိန်းရေးဆွဲထားသော ပြည်နယ်ကျန်းမာရေး စီမံကိန်းအတိုင်း လုပ်ငန်းများကို အောင်မြင်စွာနှင့် ရည်မှန်းချက်များပြည့်မီအောင် ဆောင်ရွက်နိုင်ဖို့အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။



ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေးစီမံကိန်း အကောင်အထည်ဖော်ခြင်းဆိုင်ရာ စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့မှ လက်ထောက်အတွင်းဝန် ဒေါက်တာသန့်ဇင်ထူးက မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေးစီမံကိန်းနှင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု၊ လွှမ်းခြုံမှုအား ရှင်းလင်းတင်ပြပြီး ကယားပြည်နယ် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာတင်ဝမ်းက ကယားပြည်နယ်ကျန်းမာရေးစီမံကိန်း (၂၀၁၉- ၂၀၂၀) စာအုပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

**လွိုင်ကော်သား**

## မြန်မာ့သမိုင်းပညာရှင် ဆရာကြီးပါမောက္ခ ဒေါက်တာခင်မောင်ညွန့် ရုပ်တုဖွင့်ပွဲကျင်းပ

**မန္တလေး မေ ၁၄**

မြန်မာ့သမိုင်းပညာရှင်၊ မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနတည်ထောင်သူ ဆရာကြီး ပါမောက္ခဒေါက်တာခင်မောင်ညွန့် အသက် ၉၀ ပြည့်မွေးနေ့အထိမ်းအမှတ်နှင့် အမှတ်တရရုပ်တုဖွင့်ပွဲကို မေ ၁၃ ရက် နံနက် ၇ နာရီက မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနတွင် ကျင်းပသည်။

မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနတည်ထောင်သူ ဆရာကြီး ပါမောက္ခဒေါက်တာခင်မောင်ညွန့်ရုပ်တုဖွင့်ပွဲကို နံနက် ၈ နာရီတွင် ကျင်းပရာ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ဂါရဝပြုစကားပြောကြားပြီး နိုင်ငံတကာဆက်ဆံရေးပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာသီတာထွန်းက အမှတ်တရကြေးရုပ်တုထားရှိရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့သမိုင်းပညာရှင် ပါမောက္ခ ဒေါက်တာခင်မောင်ညွန့်က နိုင်ငံတကာဆက်ဆံရေးပညာဌာန တည်ထောင်ဖွင့်လှစ်ခဲ့ရပုံ အမှတ်တရစကားပြောကြားသည်။

ပါမောက္ခ ဒေါက်တာခင်မောင်ညွန့်သည် မန္တလေးတက္ကသိုလ် သမိုင်းဌာနနှင့် နိုင်ငံတကာဆက်ဆံရေးပညာဌာနများတွင် ပါမောက္ခ၊ ဌာနမှူးအဖြစ်လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့သမိုင်းအဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ **မောင်ပြည်သူ(မန္တလေး)**

# သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေး မြို့နယ်များသို့ သွားရောက်လှူဒါန်း



**နောင်တရား**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ခြမ်းပင်ခွင်ကျေးရွာသို့ မေ ၁၄ ရက် နံနက် ၉ နာရီတွင် နောင်တရားမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းချမ်းမြေ့ဝင်းဦးဆောင်၍ နောင်တရားမြို့စည်ပင်တာဝန်ခံ၊ နောင်တရားနယ်မြေ မီးသတ်စခန်းတာဝန်ခံနှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ သောက်သုံးရေဂါလန် ၆၄၀၀ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ခွန်အောင်(နောင်တရား)**

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့နယ် ရွှေဝါထွန်းကွက်သစ်ရှိ အိမ်ခြေ ၆၅ လုံးအတွက် သောက်ရေသန့် ၂၀ လီတာရှိ ရေသန့် ၁၂၀ ဘူးနှင့် သုံးရေအဖြစ် ရေဂါလန် ၂၉၀၀ နှင့် ဆယ်မိုင်ကုန်းကျေးရွာရှိ အိမ်ခြေ ၆၂ လုံးအတွက် သောက်ရေသန့်ဘူး ၁၅၀ တို့ကို မေ ၁၃ ရက် နံနက်ပိုင်းက ပေးဆပ်သူလူမှုကူညီရေးအသင်း (သံလွင်အနောက်ခြမ်း) မှ အလှူရှင် ကိုနေလင်းအောင် အပါအဝင် ကိုးဦးအဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သောက်သုံးရေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

**မြောင်းမြ**

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန မြောင်းမြခရိုင်ရုံးမှ တာဝန်ရှိသူများသည် မေ ၁၄ ရက် နံနက်က သောက်သုံးရေရှားပါးမှု အခက်အခဲနှင့်ကြုံတွေ့နေသော တဲ့တဲ့ကူးကျေးရွာရှိ အိမ်ထောင်စု ၃၁၀၊ လူဦးရေ ၁၇၈၇ ဦးအတွက် သောက်သုံးရေဂါလန် ၁၅၅၀ ကို သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြောင်းမြ (ပြန်/ဆက်)**

**ဆင်ပေါင်ဝဲ**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ဒေါင်းလှကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် မေ ၁၃ ရက် နံနက်ပိုင်းက သောက်သုံးရေဂါလန် ၂၄၀၀ ဖြန့်ဝေပေးခဲ့ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဒေါင်းလှကျေးရွာသည် အိမ်ခြေ ၄၁ အိမ်၊ လူဦးရေ ၁၆၃ ဦးရှိပြီး သောက်သုံးရေဂါလန် ၂၄၀၀ ကို အိမ်ထောင်စုအလိုက် ရေသယ်ယာဉ်များဖြင့် စနစ်တကျ ဖြန့်ဝေပေးရခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ပြောသည်။ **သန်းလွင်(မကွေး)**

## ဦးကျော်မြင့်
### အသက်(၇၃)နှစ်
**လက်ထောက်မန်နေဂျာ (စက်ရုံမှူး-ငြိမ်း)**
**မြန်မာသစ်လုပ်ငန်း**

ပြည်မြို့ အောင်ဆန်းပြည်သာယာရပ်ကွက်၊ (B)လမ်း၊ ခြံအမှတ်(၁၅၁/၁၅၂)နေ ဒေါ်ခင်လှဝင်းကျော်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမိုးကျော်သူ-ဒေါ်သီသီမောင်၊ ဒေါက်တာထွန်းနေအောင်-ဒေါ်ခင်ဝါဝါကျော်၊ (ဦးစိုးကျော်သူ)-ဒေါ်နန်းငွေစိုး၊ ဦးကျော်ဇေယျ-ဒေါ်ကလျာဉာဏ်ဝင်း၊ ဒေါက်တာရဲသီဟကျော်-ဒေါက်တာယုဝါတင်တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ ဒေါက်တာထွန်းထွန်းနိုင်-မမိုးမြင့်စန္ဒီ၊ မယမင်းစန္ဒီ၊ မောင်ရဲစည်သူကျော်၊ မောင်ပြည့်မှူးအောင်၊ မဟေမန်ဇေယျ၊ မမှူးသဥ္ဇာအောင်၊ စိုင်းဟိန်းစည်သူ၊ မိုးမာန်ဇေယျ၊ ဖြိုးသုခကျော်တို့၏ အဘိုး၊ သုရွှန်းဟေသီထွန်း၊ သုရွှန်းဝတီထွန်း၊ သုရွှန်းပုဏ္ဏမီထွန်းတို့၏ ဘိုးဘိုးကြီး သည် ၁၄-၅-၂၀၁၉ ရက် နံနက် ၈း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့ အမှတ် ၁၀၃၊ လေးလွှာ/B၊ ကျောက်မြောင်းလမ်း နေအိမ်မှ ကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ် ရီရီ
### အသက်(၁၀၁)နှစ်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ (၈)ရပ်ကွက်၊ မဥ္ဇူလမ်း၊ အမှတ်(၂၁)နေ (ဗိုလ်မှူးတင်သိန်း)၏ ဇနီး၊ ဒေါ်စန်းစန်းသိန်း၊ ဒေါ်နီနီသိန်း၊ ဦးအောင်သိန်း-ဒေါ်ခင်မေမြင့်၊ ဒေါက်တာဒေါ်အေးအေးသိန်း(ကလေးအထူးကုဆရာဝန်ကြီး)၊ ဦးဘိုဘိုသိန်း(MSPCAT)-ဒေါ်အေးမြထွန်းတို့၏မိခင်၊ ကောင်းထွဋ်ဇော်၊ (ဗိုလ်ကြီးရဲရင့်အောင်)၊ နေရဲအောင်၊ ကျော်သက်အောင်၊ မိုးကျော်သူတို့၏ အဘွားသည် ၁၂-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁း၄၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ကောင်းမွန်စွာ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံ ပျံလွန်တော်မူခြင်း**

## ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇနိယ
**နိုင်ငံတော်ကမ္မဋ္ဌာနာစရိယ**
**ထားဝယ်ကျောင်းတိုက်၊ ဟင်္သာတမြို့**
### သိက္ခာတော်(၅၀)ဝါ၊ သက်တော်(၆၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့ တာကလေးရပ်ကွက်၊ ထားဝယ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်ကြီး နိုင်ငံတော်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တတေဇနိယ မဟာထေရ်မြတ်သည် (၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်) ၁၀-၅-၂၀၁၉ (သောကြာနေ့) ည ၉း၄၃ နာရီတွင် ဘဝနတ်နန်းစံမြန်းတော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို (ကဆုန်လဆန်း ၇ ရက်) ၁၀-၅-၂၀၁၉ မှ (ကဆုန်လပြည့်ကျော် ၁ရက်) ၁၉-၅-၂၀၁၉ အထိ ကျောင်းကြီးပေါ်တွင် အပူဇော်ခံထားရှိပြီး (ကဆုန်လပြည့်ကျော် ၁ရက်) ၁၉-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကျောင်းဝင်းအတွင်းရှိ ယာယီစံကျောင်းတော်သို့ အခမ်းအနားဖြင့် ပင့်ဆောင် ပူဇော်သွားပါမည်။ (ကဆုန်လပြည့်ကျော် ၂ ရက်) ၂၀-၅-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီမှ စတင်ပြီး သင်္ချိုင်းတော်ပင့် အခမ်းအနားဖြင့် လောင်တိုက်တော်သို့ပင့်ဆောင်ကာ အန္တိမအဂ္ဂိစျာပနဖြင့် ပူဇော်သွားမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်း သိရှိနိုင်ရန် အကြောင်းကြားအပ်ပါသည်။

အန္တိမအဂ္ဂိစျာပနဖြစ်မြောက်ရေးကော်မတီ
ထားဝယ်ကျောင်းတိုက်၊ ဟင်္သာတမြို့

## ဦးကျော်မြင့်
### အသက်(၇၃)နှစ်
**လက်ထောက်မန်နေဂျာ (စက်ရုံမှူး-ငြိမ်း)**
**မြန်မာသစ်လုပ်ငန်း**

သန်လျင်မြို့နယ်နေ (ဦးလှထူး-ဒေါ်တင်အေး)တို့၏ သားကြီး၊ (ဦးဘဝင်း-ဒေါ်လှည္တန့်)တို့၏ သားသမက်၊ ဦးထွန်းမြင့် (လ/ထ မန်နေဂျာ၊ မြန်မာသစ်လုပ်ငန်း)-(ဒေါ်ခင်စန်းမြင့်)တို့၏ တူ၊ ဦးဟန်တင့်-ဒေါ်မလေး၊ ဦးတင့်လွင် (ပါမောက္ခ၊ ရူပဗေဒဌာန)-ဒေါ်နီလာသိန်း၊ (ဦးဇော်မင်း)-ဒေါ်သင်းသင်းနွဲ့၊ ဦးကျော်ဒင်-ဒေါ်စန်းစန်းနွဲ့၊ ဦးဖုန်းနိုင်-ဒေါ်ခင်သန်းနု၊ ဦးရဲမြင့်-ဒေါ်သန်းသန်းဝင်း(ခ)နော်မူတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ တူ/တူမ ၁၈ ယောက်တို့၏ ဘကြီး၊ ပြည်မြို့ အောင်ဆန်းပြည်သာယာရပ်ကွက်၊ (B)လမ်း၊ ခြံအမှတ်(၁၅၁/၁၅၂)နေ ဒေါ်ခင်လှဝင်းကျော်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၄-၅-၂၀၁၉ ရက် နံနက် ၈း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့ အမှတ်(၁၀၃)၊ လေးလွှာ/B၊ ကျောက်မြောင်းလမ်း နေအိမ်မှ ကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းကြိုင် (ကော့မှူး)
**("ဝင်း" တပ်မတော်ဂုဏ်ထူးဆောင် ဆုတံဆိပ်လုပ်ငန်း)**
### အသက်(၇၃)နှစ်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ (၉၃)လမ်း၊ အမှတ်(၆၁)၊ မြေညီနေ ဦးကျင်တီ-ဒေါ်တင်ဥတို့၏ သား၊ ဒေါ်တင်တင် ၏ ခင်ပွန်း၊ ဦးဇော်မင်းဦး-ဒေါ်သက်ထားရွှေစင်၊ ဦးစိန်မြ-ဒေါ်သစ်သစ်ဝင်း၊ (ဦးဇော်လင်းဦး)၊ (ဦးသန်းဇော်ဦး)တို့၏ ဖခင်၊ မတင်ထက်ထက်ဇော်၊ မောင်ထက်ဗိုလ်ဇော်ဦးတို့၏အဘိုး ဦးဝင်းကြိုင်သည် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၉ (တနင်္လာနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးတင်မောင် (ရက်ကန်းကျောင်းအုပ်-ငြိမ်း)
### အသက်(၈၈)နှစ်

အမှတ်(၁၃၃)၊ (၂၇)လမ်း၊ ၇၆×၇၇ အတွင်း၊ ဟေမာဇလရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေ ဒေါ်နွယ်နွယ် (အထက-၁၆)၊ ဒေါ်မို့မို့လွင် (ပြင်ဦးလွင်ခရိုင်ပညာရေးမှူးရုံး)၊ ဦးကျော်သူ(မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး)-ဒေါ်ဥမ္မာလွင် (ဒိုင်းမွန်းပလာဇာ)၊ ဦးဝင်းနိုင်စိုး (စက်မှုလယ်ယာ-ငြိမ်း)၊ ဦးကျော်စိုးမိုး(လမ်းဦးစီး-တကောင်းမြို့)-ဒေါ်နွယ်နီထွန်း (ဆ/ဦး-၆၊ မန္တလေး)၊ ဦးသက်နိုင်ဌေး၊ ဦးသန့်ဇင်ထွေး (မြန်မာအောင်ပင်လယ်ကုမ္ပဏီ)-ဒေါ်ခွာညိုဦးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးခြောက်ယောက်၏အဘိုး၊ (ဒေါ်နုနုခင်)၏ ခင်ပွန်းသည် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉း၅၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးဝင်း
### အသက်(၆၆)နှစ်
**ဒုတိယအင်ဂျင်နီယာချုပ်(တံတား-ငြိမ်း)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**Road Sector Management Specialist**
**Oriental Consultants Global Co.,Ltd**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ မြခွာညို(၁)လမ်း၊ အမှတ်(၁၇)နေ (ဦးကျော်ငြိမ်း-ဒေါ်သန်းရွှေ)တို့၏ သား၊ (ဦးစိုးသိမ်း-ဒေါ်အေးကြိုင်)တို့၏ သားသမက်၊ ဒေါ်ဝါဝါသိမ်း (ဝါရွှေစင်ပိုးထည်)၏ ခင်ပွန်း၊ ကိုဇေယျာမျိုး(ခ) သျှိုင်းသင်ကာ (War Shwe Sin Construction Co., Ltd.)-ဒေါ်ကြည်ကြည်ဆွေ(ခ) ချောစု၊ ကိုဇာနည်မျိုး-မမေသန္တာထွန်း(ခ)လုံးလုံး၊ ကိုနေမျိုးထွေး-မလွင်လွင်မျိုး၊ ကိုဖြိုးမြတ်သူ-မမေဇွန်ရတနာမျိုးတို့၏ မွေးသဖခင်၊ မောင်အံ့ထူးဇေယျာ၊ မအိမ့်ခြူးဇေယျာတို့၏အဘိုး ဦးမျိုးဝင်းသည် ၁၄-၅-၂၀၁၉ ရက် နံနက် ၄း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်၊ ခုတင်(၁၀၀၀) ဆေးရုံကြီးမှ ကျေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)
**ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ဝင်ဟောင်း**
### အသက်(၈၅)နှစ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီးဦးစိုးမြင့်သည် ၁၅-၅-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ပဏ္ဍိစ္စာရာမပရိယတ္တိစာသင်တိုက်နှင့် ကံ့ကော်တစ်ထောင်ရိပ်သာ**
**ပဓာနနာယကဆရာတော် ဦးပဏ္ဍိစ္စနှင့် ရဟန်းသံဃာဝေယျာဝစ္စအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးညွှန့်ဖေ
### အသက် (၈၀)

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို)၊ ဒုတိယဥက္ကဋ္ဌ(၁)၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး)၊ ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်-ဒေါ်နီလာဦးတို့၏ ချစ်လှစွာသောဖခင် ဦးညွှန့်ဖေ အသက်(၈၀)သည် ၁၃-၅-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌဒေါက်တာမြဟန်နှင့် ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးကျော်လှိုင် (ယွန်းထည်ကုန်သည်)
### အသက်(၈၀)

မိတ္ထီလာမြို့နေ (ဦးရေချမ်း-ဒေါ်စောမြ)တို့၏ သား၊ ရန်ကုန်မြို့ အမှတ်(၂၃)၊ မြင့်မိုရ်လမ်း၊ စမ်းချောင်းနေ (ဦးအောင်မင်း-ဒေါ်အေးသင်)တို့၏ သားသမက်၊ (ဒေါ်ရွှေပု)၊ (ဦးဘိုး၀)-ဒေါ်ငွေရင်၊ (ဦးသာလှ-ဒေါ်မြသန်းကြည်)၊ ဦးတင်မောင်-ဒေါ်ဖြူဥတို့၏ ညီ/မောင်၊ ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်း၊ (မောင်မြင့်လှိုင်)၊ ကိုရဲထွဋ်လှိုင်-မနွယ်နွယ်ဝင်း၊ ကိုသန်းထွဋ်လှိုင်တို့၏ ဖခင်၊ မြေးသုံးယောက် တို့၏ အဘိုး ဦးကျော်လှိုင်သည် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒေါက်တာ ဦးစောအောင် (ဝါးခယ်မ)
### အသက် (၆၇) နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၆)လမ်း၊ အမှတ်(၆၈)နေ (ဦးချမ်းအေး-ဒေါ်ကြူ)တို့၏ သား၊ (ဦးတင့်ရွှေ-ဒေါ်ကြင်)တို့၏ သားသမက်၊ ဒေါ်လှချို၏ခင်ပွန်း၊ ဗိုလ်ကြီးအောင်သူ(တပ်မတော်-လေ)၊ဒေါက်တာသုတ(ဗဟိုရိစည်ဆေးရုံ)၊ မဝင့်သီရိလွင်(ဆေး-၁)တို့၏ကျေးဇူးရှင်ဖခင်၊ ဒေါက်တာဦးစောအောင်သည် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀း၅၅ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## ဦးသန်းဒါး (သုဝဏ္ဏ)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ တိုက်အမှတ်(၁၅၂)၊ အခန်း(၃)နေ (ဦးသန်းထွန်း-ဒေါ်တင်ပု)တို့၏ သားကြီး၊ ဦးနေမျိုးသန်း-ဒေါ်တင်တင်အေး၊ ဒေါ်တင်မာသန်း၊ ဒေါ်ဝေမာသန်း၊ ဦးဖုန်းနိုင်သန်း-ဒေါ်မျိုးမျိုးလှိုင် တို့၏ အစ်ကိုကြီး၊ မောင်ရန်နိုင်၊ မောင်ဇွဲဖုန်းပြည့်တို့၏ဘကြီးသည် ၁၄-၅-၂၀၁၉ ရက် ညနေ ၆း၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဇေယျာကျော်
### အသက်(၄၅)နှစ်

သူငယ်ချင်း Dr.ကျော်လှမြင့် ၏ သား ဦးဇေယျာကျော် အသက်(၄၅)နှစ်သည် ၁၀-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၄ ခုနှစ် ဆေးတက္ကသိုလ်(၁)ဝင်**
**သူငယ်ချင်းများ**

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကြည်မြ
**(ကြည့်မြင်တိုင်၊ ရန်ကုန်)**
### အသက်(၈၄)နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ရတနာပုံအထက်လမ်း၊ အမှတ်(၇၃)နေ (ဦးထွန်းတင်-ဒေါ်ပုလေး)တို့၏ သမီး၊ (ဦးညွှန့်မောင်)၏ ဇနီး၊ ဦးသန်းတင်-ဒေါက်တာဒေါ်လွင်လွင်ဦး၊ ဦးဇော်လင်း-ဒေါ်ချယ်ရီ၊ ဒေါ်သင်းသင်းခိုင်၊ ဦးဇော်မင်း-ဒေါ်ကျော့ကျော့စံတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ (ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းလွင်
### အသက် (၅၇)နှစ်
**ကျောက်တံခါးမြို့**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ် (၄၂/၄၃)နေ (ဦးထွန်းအောင်-ဒေါ်အေး)တို့၏ တတိယသား၊ ဦးအောင်သိန်း၊ ဦးသိန်းစန်း-ဒေါ်ခင်သန်းထွေးတို့၏ညီ၊ ဒေါ်ကြည်ကြည်စန်း၊ ဦးအောင်ကျော်သိန်း-ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်ကြည်ကြည်အောင်တို့၏ အစ်ကို၊ တူ/တူမ ငါးယောက်တို့၏ ဦးလေး ဦးသိန်းလွင်သည် ၁၄-၅-၂၀၁၉ ရက် နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)
**ကြည်း-၈၅၇၀၊ ဗိုလ်သင်တန်း အပတ်စဉ်-၂၆**
**ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ဝင်ဟောင်း**
### အသက်(၈၅)နှစ်

(ဦးချန်ထွန်း-ဒေါ်ငွေတင်)တို့၏ သား၊ (ဦးအေးမောင်-ဒေါ်ငွေရင်)တို့၏ သားသမက်၊ (ဒေါ်လှငွေ)၏ ခင်ပွန်း၊ (ဦးမင်းမော်စိုး)-ဒေါ်သူဇာဝင်း၊ ဦးဝင်းမော်စိုး-ဒေါ်ဝင်းမင်းသူ၊ ဦးအာကာအောင်-ဒေါ်မြတ်မော်စိုးတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုး သည် ၁၃-၅-၂၀၁၉ ရက် ညနေ ၅း၄၀ နာရီတွင် အမှတ်(ဒီ/၆၀၅)၊ မလိခကွန်ဒို၊ သရဖီလမ်း၊ ဘဝမြင့်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၉ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၉ ရက် နံနက်တွင် အထက်ပါ မလိခကွန်ဒို နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## မန်းကြည်သန်းတင်
**(Chief Officer) ပြည်သူ့ပုလဲနှင့် ငါး (ငြိမ်း)**
### အသက် (၆၇) နှစ်

မန်းအောင်တင်၊ ဂ့ါမေရီတင်တို့၏ သား၊ ဦးညိုသာ-ဒေါ်ကြိုင်တို့၏ သားသမက်၊ ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၈) ရပ်ကွက်၊ ဦးချိုလမ်း၊ အမှတ် (၁၂၉/ဘီ)နေ ဒေါ်သန်းသန်းတင်(မချို)၊ ဦးခင်မောင်လင်း၊ ဒေါ်တိုးနဒ္ဒါတင် (မချစ်)၊ (ဦးထိပ်တင်လွင်)တို့၏မောင်၊ (ဦးကြည်သိန်းတင်)၏ညီ၊ (ဦးသောင်းဝေတင်)၊ ဦးမျိုးသန့်တင်တို့၏ အစ်ကို၊ ဦးဇေယျာအောင်-နော်အက်ဖ်တာနာဖော၊ ဦးဝင်းထွဋ်အောင်-ဒေါ်ပိုးထက်မွန်ချစ်တို့၏ ချစ်လှစွာသောဖခင်၊ ဆရာမ ဒေါ်အေးမေ (အထက-၂၊ ကမာရွတ်၊ အထပြ-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ခေမာခိုင်၊ ဦးနေမျိုးခိုင်၊ ဒေါ်လှသူဇာ၊ ဒေါ်သဲအူတို့၏ ဦးလေး၊ နော်ရေချယ်မာဘလူဖော၊ မောင်ကောင်းမြတ်သာထွဋ် (SIMON)၊ နော်ဘရစ်ဂျစ်မာနယ်ဖော၊ မခွန်းချိုသံသာ (Sarah)တို့၏ အဘိုးသည် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် လှိုင်မြို့နယ်၊ ဦးချိုလမ်း၊ (၈) ရပ်ကွက်၊ ကမာရွတ်နှစ်ခြင်းခရစ်ယာန် အသင်းတော်ဗိမ္မာန်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်အေး
### အသက် (၆၅)နှစ်
**မြန်မာစီးပွားရေးဘဏ်(ငြိမ်း)**
**ထားဝယ်မြို့**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နေ (ဦးမောင်လှ-ဒေါ်အေးတင်)တို့၏ သား၊ (ဦးဘသန်း-ဒေါ်အုန်းကြွယ်)တို့၏ သားသမက်၊ ထားဝယ်မြို့ ကညံ့ရပ်၊ အမှတ် (၂၀၆)နေ ဒေါ်ဆွေဆွေသန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုအောင်ချိုသူ-မဝင်းနွယ်နီအေး၊ မယဉ်လဲ့လဲ့ဝင်းတို့၏ ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်၊ မမြတ်သက်ထားသူ၏ အဘိုးသည် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၂း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကြေးမုံ

မေ ၁၅၊ ၂၀၁၉

# AFC Cup ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများ ယနေ့ကျင်းပမည်


ရန်ကုန် မေ ၁၄

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲအုပ်စုနောက်ဆုံးနေ့ကို မေ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ညနေ ၄ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ရန်ကုန် (မြန်မာ) နှင့် နာဂါဝေါ (ကမ္ဘောဒီးယား)၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ဘန်ကာနိုကွင်း၌ ပါဆီဂျာဂျကာတာ (အင်ဒိုနီးရှား) နှင့် ရှမ်းယူနိုက်တက် (မြန်မာ) တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

AFC Cup ပြိုင်ပွဲ အာဆီယံဇုန်တွင် အုပ်စုသုံးခု ပါဝင်ပြီး အုပ်စု (G) တွင် ဆီရက်စ် (ဖိလစ်ပိုင်)၊ အုပ်စု (H) တွင် မာကာဆာ (အင်ဒိုနီးရှား) အသင်းတို့မှာ နောက်ဆုံးပွဲမတိုင်မီ အုပ်စုပထမရကာ ဇုန်ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး ကျန်နေရာအတွက် နောက်ဆုံးပွဲပြီးမှ အဖြေထွက်ပေါ်မည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❂

# ချည်ထည်ကုန်ကြမ်း ဈေးနှုန်းမြင့်တက်နေမှုကြောင့် မိရိုးဖလာ ရက်ကန်းလုပ်ငန်းရှင်များ လျော့နည်းလာ



မန္တလေး မေ ၁၄

ချည်ထည်ကုန်ကြမ်းဈေးနှုန်း တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာမှုကြောင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ မိရိုးဖလာ ရက်ကန်းလုပ်ငန်းလုပ်ကိုင်နေသည့် လုပ်ငန်းရှင်များ တဖြည်းဖြည်းလျော့နည်းလာကြောင်း ၎င်းမြို့နယ်ရှိ လုပ်ငန်းရှင်များက ပြောကြားသည်။

အဆိုပါ မြို့နယ်အတွင်းရှိ ရက်ကန်းလုပ်ငန်းသည် ရှေးယခင်ကတည်းက မိရိုးဖလာလုပ်ငန်းအဖြစ် စဉ်ဆက်မပြတ် ရက်လုပ်လာကြသည့် လုပ်ငန်းဖြစ်သော်လည်း ယခုအချိန်တွင် ကုန်ကြမ်းဈေးနှုန်းများကြီးမြင့်လာခြင်းနှင့် ရက်လုပ်သည့် အထည်များကိုရောင်းချရာတွင် ကုန်သည်များက ဈေးကစားသည့်အတွက် လုပ်ကိုင်သူနည်းပါးလာခြင်းဖြစ်ကြောင်း ရက်ကန်းလုပ်ငန်းရှင် ဦးအောင်မင်းသန်းက ပြောသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ »»




ရှုံးထွက်ပွဲကစားမည့် Southern အသင်း။

# ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်နောက်ဆုံးနေ့အဖြစ် စစ်ကိုင်းနှင့် ဒဂုံ၊ Southern နှင့် ငွေကြယ်ပွင့် ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၁၄

၂၀၁၉ ဘောလုံးရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့် နောက်ဆုံးနေ့ကို မေ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စစ်ကိုင်းနှင့် ဒဂုံ၊ Southern နှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နောက်ဆုံးနေ့အဖြစ် အောင်ဆန်းကွင်း၌ ဒဂုံအသင်းနှင့် စစ်ကိုင်းအသင်း၊ ပဒုမ္မာကွင်း၌ Southern အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် စတင်မည်ဖြစ်သည်။ ကွာတားဖိုင်နယ်တက်ရောက်ခွင့်ရထားသည့် အသင်းငါးသင်းထွက်ပေါ်ထားပြီး လက်ရှိချန်ပီယံရန်ကုန်အသင်းသည် တိုက်ရိုက်ကစားခွင့်ရထားကာ ရတနာပုံ၊ ရှမ်းယူနိုက်တက်၊ ဟံသာဝတီ၊ မကွေးနှင့် ရခိုင်အသင်းတို့မှာ ဒုတိယ

စာမျက်နှာ ၉ ကော်လံ ၃ သို့ ☆

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁၄

**ချောက်**
၄၆ ဒီဂရီစင်တီဂရိတ်

**ဂန့်ဂေါ**
၄၅ ဒီဂရီစင်တီဂရိတ်

**မုံရွာ**
၄၄ ဒီဂရီစင်တီဂရိတ်

**မြင်းမူ**
၄၄ ဒီဂရီစင်တီဂရိတ်